# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏာသတဝဂ် (ဓမ္မပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၁၁ ရက်၊ သောကြာနေ့ အတွဲ (၅၉)၊ အမှတ် (၃၄၄)

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID - 19 ရောဂါပြန့်ပွားမှုကို ထိထိရောက်ရောက်ထိန်းချုပ်နိုင်ရန် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များကို လိုက်နာရေးနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း

နေပြည်တော် စက်တင်ဘာ ၁၀

ကျွန်မတို့ ပြည်သူပြည်သားများအားလုံး ကျန်းမာချမ်းသာကြပါစေလို့ စတင်ပြီးတော့ ဆုတောင်း မေတ္တာပို့ပါတယ်။ အခုအချိန်မှာ ကျန်းမာဖို့ အထူးအရေးကြီးတယ်ဆိုတာလည်း အားလုံးနားလည်ပြီးသားလို့ထင်ပါတယ်။ အခု ကိုဗစ်ရောဂါဟာဆိုရင် ဩဂုတ်လဝက်လောက်ကနေ စပြီးတော့ တစ်ကျော့ပြန်ပြီး ထလာတယ်လို့ ပြောလို့ရပါတယ်။ အခုဆိုရင် ရန်ကုန်တိုင်းမှာ အထူးပြန့်ပွားနေပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ကျွန်မ အခုပြောတဲ့အချိန်မှာ ရန်ကုန်က ပြည်သူပြည်သားတွေကို အဓိကထားပြီး ကျွန်မပြောသွားမှာပါ။ ရခိုင်မှာ စစ်တွေဘက်ကနေစတဲ့ ရောဂါကို အခုအတော်အတန် ထိန်းနိုင်ပြီလို့ ပြောနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် စည်းမျဉ်းစည်းကမ်းတွေကို ကြပ်ကြပ်မတ်မတ် သတ်မှတ်ပြီးတော့ ပြည်သူလူထုက လိုက်နာလို့ဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့လည်း ကျွန်မ အနေနဲ့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနဲ့တကွ ရခိုင်အစိုးရအဖွဲ့ရော၊ ပြည်သူပြည်သားတွေ အားလုံးရော ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ ဒီလို စည်းမျဉ်းစည်းကမ်းတွေကို ကြပ်ကြပ်မတ်မတ် လိုက်နာမယ်ဆိုရင် ကျွန်မတို့ ဒီရောဂါကို မထိန်းနိုင်စရာအကြောင်း မရှိပါဘူး။

အခု ရန်ကုန်တိုင်းနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်မတို့ စည်းမျဉ်းစည်းကမ်းတွေ ထုတ်ထားပါတယ်။ ဒါကို တင်းကျပ်တယ်လို့ တချို့က ထင်ပါလိမ့်မယ်။ ဒါပေမယ့်လည်း ဒီလိုတင်းတင်းကျပ်ကျပ်နဲ့ နှစ်ပတ်၊ သုံးပတ်လောက် လိုက်နာလိုက်မယ်ဆိုရင် ကျွန်မတို့ ဒီရောဂါကို ထိန်းချုပ်နိုင်မယ့် အခြေအနေကို ရောက်လာမှာပါ။ အဲဒါကြောင့် အားလုံးကနေပြီးတော့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာကြပါ။ စည်းဆိုကတည်းက စည်းဆိုတာ ဘာလဲဆိုတာစဉ်းစားပါ။ စည်းဆိုတာ နံပါတ်(၁) က ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ပဲဖြစ်ပါတယ်။ နောက်ပြီးတော့ အပြင်ကလူတွေကိုလည်း ကာကွယ်ဖို့ ဖြစ်ပါတယ်။ ကိုယ့်စည်းမျဉ်းစည်းကမ်းကို လိုက်နာခြင်းအားဖြင့် ပထမဦးဆုံး ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရာရောက်ပါလိမ့်မယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**အခု ရန်ကုန်တိုင်းနဲ့ ပတ်သက်ပြီးတော့လည်း ကျွန်မတို့ စည်းမျဉ်းစည်းကမ်းတွေ ထုတ်ထားပါတယ်။ ဒါကို တင်းကျပ်တယ်လို့ တချို့က ထင်ပါလိမ့်မယ်။ ဒါပေမယ့်လည်း ဒီလို တင်းတင်းကျပ်ကျပ်နဲ့ နှစ်ပတ်၊ သုံးပတ်လောက် လိုက်နာလိုက်မယ်ဆိုရင် ကျွန်မတို့ ဒီရောဂါကို ထိန်းချုပ်နိုင်မယ့် အခြေအနေကို ရောက်လာမှာပါ။ အဲဒါကြောင့် အားလုံးကနေပြီးတော့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာကြပါ။**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID – 19 ရောဂါပြန့်ပွားမှုကို ထိထိရောက်ရောက်ထိန်းချုပ်နိုင်ရန် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များကို လိုက်နာရေးနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။

မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် ပြစ်မှုများအကြောင်း စာ > ၆

အမေရိကန်တွင် ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူ ၁၉၀၀၀၀ ကျော်လွန်လာ စာ > ၁၁



မြန်မာ့အလင်း

# လုံခြုံစိတ်ချရဆုံးနေရာ မိမိတို့၏ အိမ်ဂေဟာ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်တွင် နေထိုင်ကြသည့် ပြည်သူများ နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်ကို ချမှတ်ထားလိုက်ပြီဖြစ်သည်။ အစီအစဉ်တွင် ပါဝင်သည့် မြို့နယ်များမှာ လှည်းကူးမြို့နယ်မှအပ ရန်ကုန်မြို့ပြ ဧရိယာတွင် တစ်ဆက်တစ်စပ်တည်း ရှိနေသော မြို့နယ်များဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု ရုတ်တရက် အရှိန်အဟုန်မြင့်လာသည့် အခြေအနေတွင် လူဦးရေထူထပ်များပြားပြီး နေ့စဉ်အပြန်အလှန် ကူးသန်းသွားလာမှု များပြားလှသည့် မြို့နယ်များကို အသွားအလာ ကန့်သတ်မှု ပြုလုပ်ခြင်းမှာ ကူးစက်ရောဂါကို တားဆီးထိန်းချုပ်ရာတွင် မဖြစ်မနေ ပြုလုပ်ရမည့် ဆောင်ရွက်ချက်များမှ တစ်ခုပင်ဖြစ်သည်။

နေအိမ်တွင် နေထိုင်ရေး အစီအစဉ် ချမှတ်ရာတွင် မဖြစ်မနေ သွားလာရမည့် ကိစ္စများအတွက် စည်းကမ်းချက်များဖြင့် ခွင့်ပြုပေးထားရာ ကျပ်တည်းလှသည်ဟု မဆိုနိုင်သလို ရောဂါကို မြန်မြန်ဆန်ဆန် ထိန်းချုပ်နိုင်သည်နှင့်အမျှ မူလအခြေအနေသို့လည်း မြန်မြန်ဆန်ဆန် ပြန်လည်ရောက်ရှိနိုင်မည်ဖြစ်သည်။ စင်စစ်အားဖြင့် ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းသို့ စတင်ဝင်ရောက်လာသည့် အချိန်မှစ၍ ပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ စည်းကမ်းလိုက်နာမှုတို့ဖြင့် ကာလတစ်ရပ်အထိ ထိန်းချုပ်ထားနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ဩဂုတ်လလယ်ခန့်မှစကာ လွန်စွာလျင်မြန်သည့်နှုန်းဖြင့် ကူးစက်မှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် ပြည်တွင်းကူးစက်မှု၏ ၇၁ ရာခိုင်နှုန်းခန့်တွင် ရောဂါလက္ခဏာမပြဘဲ ရောဂါကူးစက်ခံထားရသူများ ရှိနေခြင်းကြောင့် ရုတ်တရက် ကူးစက်ခံရသူ အများအပြား ပေါ်လာနိုင်ကြောင်း သတိပေးချက်များ ရှိခဲ့သော်လည်း ရောဂါဖြစ်ပွားမှုကာလ ကြာမြင့်လာခြင်းနှင့်အတူ ပေါ့ဆမှု၊ လျော့ရဲမှုတို့ ရှိခဲ့ခြင်းက ကပ်ရောဂါကူးစက်မှုကို လမ်းဖွင့်ပေးလိုက်သကဲ့သို့ ရှိခဲ့သည်။ သဃ်န်းကျွန်းမြို့နယ်ရှိ ကေတီဗွီတွင် လူအရေအတွက် အများအပြား ရောဂါကူးစက်မှု တွေ့ရှိရခြင်းက ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် လိုအပ်ကြောင်း ထင်ရှားသည့် နမူနာဟုပင် ဆိုရမည်ဖြစ်သည်။

ရန်ကုန်သည် စီးပွားရေးမြို့တော်တစ်ခုဖြစ်သည်နှင့်အညီ စားသောက်ဆိုင်များ၊ ကေတီဗွီနှင့် ဘားများ စသည့်အပန်းဖြေ အနားယူမှုဆိုင်ရာ စီးပွားရေးလုပ်ငန်းများ အများအပြားတည်ရှိသော မြို့လည်း ဖြစ်သည်။ ကာရာအိုကေ၊ နိုက်ကလပ်နှင့် ဘားများ၏ သဘောသဘာဝအရ လူအများအပြားစုဝေးနေခြင်း၊ တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ ပြောဆိုနေထိုင်ခြင်း၊ သီချင်းဆိုခြင်း၊ လူအများအပြား စကားပြောဆိုခြင်း၊ အခန်းများမှာ လေအေးစက်တပ် အလုံပိတ်အခန်းများက အများစုဖြစ်ခြင်း စသည့်တို့က ကိုဗစ်-၁၉ ဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့စေရန်အတွက် ဖန်တီးထားသကဲ့သို့ပင်ဖြစ်သည်။ နိုင်ငံတကာသတင်းများကိုကြည့်လျှင်လည်း ကာရာအိုကေ၊ နိုက်ကလပ်နှင့် ဘားများကို အကြောင်းပြု၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများ အရှေ့တိုင်းနိုင်ငံများတွင်ရော အနောက်တိုင်းနိုင်ငံများတွင်ပါ ဖြစ်ပေါ်နေကြောင်းကို တွေ့မြင်ရမည်ဖြစ်သည်။

ထပ်မံ၍ အသိပေးရမည်ဆိုပါက ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံထားရသူ အများစုကို သာမန်အားဖြင့် မည်သူမှမသိနိုင်။ ထိုသူ စကားပြောခြင်း၊ သီချင်းဆိုခြင်း၊ အသက်ရှူထုတ်ခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း စသည်တို့မှ ထွက်လာသည့် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးကိုလည်း သာမန်မျက်စိဖြင့် မည်သူမျှ မမြင်နိုင်။ အခန်းတွင်းရှိ လေထုထဲတွင် အချိန်ကြာမြင့်စွာ လွင့်မျောနေတတ်သလို အရာဝတ္ထုများ၏ မျက်နှာပြင်များပေါ်တွင်လည်း ကြာမြင့်စွာရှိနေတတ်သည့် ဗိုင်းရပ်စ်ပိုးများကိုလည်း သာမန်အားဖြင့် မည်သူမျှ မြင်နိုင်မည်မဟုတ်။ ရောဂါကာကွယ်ဆေးများသည်လည်း စမ်းသပ်ဆဲကာလဖြစ်နေသည့်အလျောက် မိမိကိုယ်ကိုယ် ကာကွယ်ခြင်းကသာ စိတ်အချရဆုံးဖြစ်သည်။ လူစုလူဝေးရှောင်၊ အပြင်ထွက်တိုင်း ပါးစပ်နှာခေါင်းစည်းတပ်၊ လက်ကိုစင်ကြယ်အောင် မကြာမကြာဆေး၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေကြရန်နှင့် စိတ်အချရဆုံးနေရာမှာ မိမိတို့၏ အိမ်ဂေဟာသာလျှင် ဖြစ်ပါကြောင်း။ ။

# နေပြည်တော်သို့ လာရောက်သည့် အများပြည်သူများအား COVID-19 ဓာတ်ခွဲစမ်းသပ်ခ ကောက်ခံသည့်နှုန်းထား သတ်မှတ်ခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရှိ ဓာတ်ခွဲခန်းများတွင် COVID-19 ဓာတ်ခွဲစမ်းသပ်ပေးရာ၌ ပြည်ပသို့ Relief Flight ဖြင့် လိုက်ပါမည့် မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် Home Quarantine နေထိုင်မည့် နိုင်ငံခြားသားများအတွက် (၁)ကြိမ်လျှင် ဓာတ်ခွဲစမ်းသပ်ခငွေ(၂)သိန်းကျပ်နှင့် ပြည်ပသို့ ထွက်ခွာမည့် သင်္ဘောသားများအတွက် (ဓာတ်ခွဲပစ္စည်း-Reagent များ သင်္ဘောကုမ္ပဏီမှ ဝယ်ယူပေးပြီး) ဓာတ်ခွဲစမ်းသပ်ခ (၁)ကြိမ်လျှင် ငွေ(၁)သိန်းကျပ် ကောက်ခံလျက်ရှိပါသည်။

ယခုအခါ နေပြည်တော်သို့ တိုင်းဒေသကြီး/ပြည်နယ်များမှ လာရောက်သော ပြည်သူများအား ဓာတ်ခွဲနမူနာ ရယူစစ်ဆေးမှုများ စတင်ပြုလုပ်လျက်ရှိရာ ဓာတ်ခွဲစမ်းသပ်ခ အခကြေးငွေ သတ်မှတ်ရာ၌-

- အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အခမဲ့
- နေပြည်တော်အတွင်း နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၃၀,၀၀၀) ကျပ်
- အခြားတိုင်းဒေသကြီး/ပြည်နယ်များတွင် နေထိုင်သော ပြည်သူများအတွက် တစ်ကြိမ်လျှင် (၅၀,၀၀၀) ကျပ်
- နေပြည်တော်သို့ လာကြသည့် UN ဝန်ထမ်းများနှင့် INGO အဖွဲ့အစည်းများမှ နိုင်ငံခြားသားများအား တစ်ကြိမ်လျှင် (၂၀၀,၀၀၀) ကျပ်
- မည်သူမဆို ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ တရားဝင်ဖိတ်ကြားစာ ပါပါက အခမဲ့အဖြစ် သတ်မှတ်သည်။

ထို့အပြင် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးနှင့် အထူးကုဆေးရုံများသည် အနီးပတ်ဝန်းကျင်ဒေသများမှ ပြည်သူများ ဆေးကုသမှုခံယူရာ လွှဲပြောင်းဆေးရုံကြီး (Referral Center)များအဖြစ် လက်ခံကုသမှုပေးနေရသည်ဖြစ်ရာ ဆေးပညာကျင့်ဝတ်အရ လည်းကောင်း၊ လူသားချင်းစာနာသော ရှုထောင့်မှ လည်းကောင်း၊ နယ်ဆေးရုံများမှ ဆရာဝန်များ၏ လွှဲပြောင်းစာ(Referral Letter) ဖြင့် ရောက်ရှိလာသော လူနာများနှင့် အရေးပေါ် ဆေးကုသမှုခံယူရန် နေပြည်တော်သို့ လာရောက်သော လူနာများအား နေပြည်တော်အဝင်ဂိတ်များတွင် ခွင့်ချက်ဖြင့် လူနာနှင့် လူနာစောင့် (၂)ဦးမှ (၃)ဦးအထိ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ပြီး ဆေးရုံများရှိ သီးခြားဆောင် (Isolation room) တွင် ထားရှိ၍ COVID-19 ဓာတ်ခွဲနမူနာ အခမဲ့စစ်ဆေးပေးခြင်း၊ လိုအပ်သော ဆေးကုသမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ၁၀-၈-၂၀၂၀ ရက်နေ့မှစ၍ ပြည်တွင်းလေကြောင်းခရီးစဉ်များဖြင့် ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ လိုက်ပါခဲ့သူများ နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ မိမိအသိစိတ်ဖြင့် ချက်ချင်းသတင်းပို့ရန် တိုက်တွန်းနှိုးဆော်

**နေပြည်တော် စက်တင်ဘာ ၁၀**

၁၀-၈-၂၀၂၀ ရက်နေ့မှစ၍ ပြည်တွင်းလေကြောင်း ခရီးစဉ်များဖြင့် ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ လိုက်ပါခဲ့သူများစာရင်းကို မြန်မာ့အလင်းနှင့် ကြေးမုံ နေ့စဉ်ထုတ်သတင်းစာများ၌ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် အချပ်ပိုစာမျက်နှာများဖြင့် ထည့်သွင်းဖော်ပြခဲ့ပါသည်။

ကာယကံရှင်များအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ မိမိအသိစိတ်ဖြင့် ချက်ချင်းသတင်းပို့၍ ကျန်းမာရေးစစ်ဆေးမှု ခံယူရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတိပေးနှိုးဆော်ပန်ကြားထားသဖြင့် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်းဖြစ်မြောက်ရေးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို Video Conferencing စနစ်ဖြင့် ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၀**




မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်းဖြစ်မြောက်ရေး ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် Video Conferencing စနစ်ဖြင့် ကျင်းပရာ ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသောင်းစုငြိမ်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးကိုကို(စက်မှုတက္ကသိုလ်)၊ ဒေါ်နန်းကလျာဝင်းနှင့် အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြသည်။ **(ယာပုံ)**

ရှေးဦးစွာ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ် မီဒီယာအသင်း ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းက အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံတွင် လူမှုမီဒီယာအပါအဝင် ဒစ်ဂျစ်တယ်မီဒီယာ အသုံးပြုမှုများနှင့် ဖန်တီးထုတ်လွှင့်မှုများသည် အချိန်နှင့်အမျှ တိုးတက်မြင့်မားလာသော မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ကျယ်ပြန့်နက်ရှိုင်းစွာ နေရာယူလျက်ရှိလာနေပါကြောင်း၊ ယခုအခါ ဒစ်ဂျစ်တယ်မီဒီယာလုပ်ငန်းများ တစ်စုတစ်စည်းတည်း ပါဝင်သော မြန်မာနိုင်ငံ ဒစ်ဂျစ်တယ် မီဒီယာအသင်း (Myanmar Digital Media Association) ပေါ်ပေါက်လာစေရေးနှင့် ဒစ်ဂျစ်တယ်မီဒီယာ ဖန်တီးထုတ်လွှင့်သူများနှင့် အသုံးပြုသူများ၏ အကျိုးစီးပွားကို ကာကွယ်မြှင့်တင် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်းကို ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ဖြစ်မြောက်ရေး ကော်မတီတွင် ဒစ်ဂျစ်တယ်မီဒီယာ လုပ်ငန်းနယ်ပယ်အသီးသီးက ပုဂ္ဂိုလ်များ ပါဝင်ထားသည့်အတွက် ကော်မတီရည်ရွယ်ချက်များ အောင်မြင်ရေး ပူးပေါင်းဆောင်ရွက်ရန် လိုပါကြောင်း၊ ဖြစ်မြောက်ရေး ကော်မတီအတွက် မိမိတို့လိုအပ်သည့် ဆပ်ကော်မတီများကို ထပ်မံဖွဲ့စည်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကော်မတီမှ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အဖွဲ့ဖွဲ့စည်း ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ကော်မတီမှ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေး အကြံပြုပူးပေါင်း ဆောင်ရွက်ပေးကြပါရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဒစ်ဂျစ်တယ် မီဒီယာအသင်း ဖြစ်မြောက်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးကိုကို(စက်မှုတက္ကသိုလ်)၊ ဒေါ်နန်းကလျာဝင်း၊ အတွင်းရေးမှူး ဦးမင်းဆွေလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးကျော်မျိုးမင်း၊ အဖွဲ့ဝင်များဖြစ်သည့် ဦးကျော်မင်းဆွေ၊ ဦးသိန်းထွန်းဖေ၊ ဦးခင်မောင်စိုး၊ ဦးမိုးအေး၊ ဦးလင်းထက်ကို၊ ဦးသက်ဖြိုးအောင်၊ ဦးဝင်းလှိုင်ဦး၊ ဦးကိုကိုလေး၊ ဦးအောင်မျိုးမြင့်နှင့် တွဲဖက်အတွင်းရေးမှူး(၂) ဦးအောင်ကျော်ထက် (ဒုတိယညွှန်ကြားရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)တို့က ပါဝင်ဆွေးနွေးကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဖြစ်မြောက်ရေးကော်မတီနှင့် လုပ်ငန်းရည်ရွယ်ချက်နှင့် တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် ကဏ္ဍအလိုက် ဆပ်ကော်မတီ ငါးခု ဖွဲ့စည်းဆောင်ရွက်ရန်၊ အသင်းအဖွဲ့ မှတ်ပုံတင်ရေးနည်းလမ်းများ နှိုင်းယှဉ်ဆောင်ရွက်ရန်၊ ဒစ်ဂျစ်တယ်နည်းပညာနှင့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များရေးဆွဲရန်၊ အသင်း၏အမှတ်တံဆိပ် (Logo)ပြိုင်ပွဲ ဖိတ်ခေါ်ကျင်းပနိုင်ရေးနှင့် ဖြစ်မြောက်ရေးကော်မတီတွင် ပါဝင်သင့် ပါဝင်ထိုက်သည့်ပုဂ္ဂိုလ်များ ထပ်မံပါဝင်ဖွဲ့စည်းနိုင်ရေးတို့ကို ဆွေးနွေးဆုံးဖြတ်ခဲ့ပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မွန်းလွဲ ၄ နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**မာလာဌေး**

# ပြည်သူသာလျှင် အဓိက

❑ ခရီးသွားလာတာနဲ့ ပတ်သက်လို့ ပထမဦးဆုံး ရခိုင်မှာ ရောဂါ ပြန့်ပွားနေပြီ၊ စစ်တွေမှာ တော်တော်များများတွေ့ပြီဆိုတာ သိတဲ့အခါမှာ ရခိုင်ဘက်ကနေပြီးတော့ တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ခရီးမထွက်ဖို့ဆိုပြီး ပိတ်ပင်လိုက်ပါတယ်။ ပိတ်ပင်လိုက်တဲ့အခါ ရခိုင်ပြည်နယ်က ကျွန်မတို့ ပြည်သူတွေက ထွက်ချင်ကြတယ်။ ကျွန်မတို့က ထွက်ခွင့်မပေးဘူး။ အဲဒီတုန်းက ကျွန်မရှင်းပြပါတယ်။ ကျွန်မတို့ရဲ့ ရခိုင်က ပြည်သူတွေကို အငြိုးအတေးနဲ့လည်း မဟုတ်ပါဘူး။

❑ ဒီလို ပြန့်သွားရင် အားလုံးအတွက် အန္တရာယ်ရှိတဲ့အပြင် တစ်တိုင်းပြည်လုံးမှာ ပြဿနာဖြစ်နေရင် ရခိုင်ပြည်နယ်အတွက်လည်း ဦးစားပေးပြီး သတ်သတ်မှတ်မှတ်လုပ်ပေးဖို့ ပိုပြီးတော့ ခက်ပါလိမ့်မယ်။ ဒါကြောင့် ကျွန်မတို့က တကယ်ရောဂါပြန့်ပွားမှုများနေတဲ့ နေရာတွေကို ဦးစားပေးပြီးတော့ သေသေချာချာ လုပ်ပေးနိုင်အောင် ဒီလို ကန့်သတ်ရတာပါ

❖ *ရှေ့ဖုံးမှ*

အခု ရန်ကုန်တိုင်းမှာ ပြန့်ပွားမှုဟာ အရင်မတ်လ၊ ဧပြီလတုန်းက ပြန့်ပွားမှုနဲ့စာရင် အများကြီးပိုပြီးတော့ မြန်တယ်ဆိုတာ ပြည်သူတွေ သိပြီးသား ဖြစ်ပါလိမ့်မယ်။ မြန်ရုံတင်မကဘူး။ အခုနောက်ပိုင်းမှာဆိုရင် ကွယ်လွန်အနိစ္စရောက်တဲ့သူတွေလည်း အရင်နဲ့စာရင် မြန်လာတယ်လို့ ပြောရပါလိမ့်မယ်။ အရင်တုန်းက (၆) ယောက်ပေါ့။ အခု (၈) ယောက်ဆိုတော့ (၁၄) ယောက် ရှိသွားပါပြီ။ နောက်ဖြစ်တဲ့ (၈) ယောက်ထဲမှာဆိုရင် (၂) ယောက်က အသက်လည်း မကြီးသေးပါဘူး။ အရွယ်ကောင်းတွေလို့ ပြောလို့ရတယ်။ တခြားဘာရောဂါအခံမှလည်း မရှိပါဘူး။ အဲဒါကြောင့် ကိုဗစ်ကြောင့်ပဲ အသက်ဆုံးရှုံးသွားရတယ်လို့ ကျွန်မတို့ ဒီလိုပဲ ယူဆရပါတယ်။ ဒါကြောင့် ကိုဗစ်က ဖြစ်တာ ဖြစ်ပါစေ။ အသက်မှ မထိခိုက်တာလို့ ဒီလို ပေ့ါပေ့ါနဲ့ မစဉ်းစားပါနဲ့။ ရောဂါအခံရှိတဲ့သူတွေအတွက်တော့ အထူးအန္တရာယ်ရှိတယ်ဆိုတာတော့ ကျွန်မ သေချာပြောချင်ပါတယ်။ အခုဆုံးပါးသွားတဲ့ သူတွေထဲမှာဆိုရင် ဆီးချိုနဲ့ သွေးတိုးအခံရှိတဲ့ ပြည်သူများ တော်တော်များပါတယ်။ ဆီးချိုနဲ့ သွေးတိုးအခံရှိပြီဆိုရင် ကိုဗစ်ရဲ့အန္တရာယ်ကို မတွန်းလှန်နိုင်သလောက်ကို ဖြစ်သွားပါတယ်။ ဒါကြောင့် သတိထားကြပါ။ ကျန်းမာရေးအခြေခံမကောင်းတဲ့သူတွေ အထူးသတိထားကြပါ။ ကျန်တဲ့သူတွေလည်း သတိထားဖို့ လိုပါတယ်။ နောက်ပြီးတော့လည်း အခုနောက်ပိုင်းဖြစ်တဲ့ သူတွေထဲမှာဆိုရင် ဆယ်ကျော်သက်အရွယ်တွေ ပါလာတာလည်း ကျွန်မသတိထားမိပါတယ်။ (၁၆) နှစ်၊ (၁၅) နှစ်၊ (၁၈)နှစ်ပေ့ါ။ အရွယ်ကောင်းလေးတွေပေ့ါ။ အဲဒါကြောင့် အခုကိုဗစ်က အသက်အပိုင်းအခြားလည်းမရှိဘူး။ ရောဂါအခံရှိတာ၊ မရှိတာကိုလည်း ခွဲခြားပြီးတော့ မြင်လို့မရတော့ဘူးဆိုတာ ကျွန်မတို့ နှလုံးသွင်းဖို့တော့ အင်မတန်မှ အရေးကြီးပါတယ်။

### အပြင်သွားရင် နှာခေါင်းစည်းတပ်ပါ

ရန်ကုန်နဲ့ပတ်သက်ရင် အဓိကကတော့ အသွားအလာ ကန့်သတ်ဖို့ပါပဲ။ လူစုလူဝေးတွေ မဖြစ်ဖို့ပါပဲ။ အားလုံးကနေပြီးတော့ ခပ်ခွာခွာနေမယ်။ ကျွန်မတို့ သတ်မှတ်ထားတဲ့ အင်မတန်မှ လွယ်ကူပြီးတော့ ရှင်းလင်းတဲ့ စည်းမျဉ်းစည်းကမ်းတွေဖြစ်တဲ့ အပြင်သွားရင် နှာခေါင်းစည်းတပ်ပါ။ လက်အိတ်ဝတ်ရမယ့်နေရာတွေမှာ လက်အိတ်ဝတ်ပါ။ အနည်းဆုံး ခြောက်ပေကွာပြီးတော့ နေပါဆိုပြီးတော့ အဲဒီလို သတ်မှတ်ချက်တွေကို လိုက်နာမယ်ဆိုရင် လူတိုင်းလူတိုင်း၊ တစ်ယောက်ချင်းတစ်ယောက်ချင်းစီက လိုက်နာမယ်ဆိုရင် ကျွန်မတို့ ဒီရောဂါကို မြန်မြန်ထိန်းချုပ်သွားနိုင်မှာပါ။ နောက်တစ်ခုကလည်း ကျွန်မတို့ကနေပြီးတော့ လူစုလူဝေးမဖြစ်အောင်ဆိုပြီး စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်တဲ့နေရာမှာ ပြည်သူတွေရဲ့ အသက်မွေးဝမ်းကျောင်းကို ထိခိုက်တယ်ဆိုတာ ကျွန်မတို့ သတိပြုမိပါတယ်။ ဒါကြောင့်လည်း အစိုးရအနေနဲ့ တတ်နိုင်သမျှ ဒီလို ထိခိုက်တဲ့ ပြည်သူတွေကို ပံ့ပိုးနိုင်အောင်လည်း စီစဉ်ပါတယ်။ လုပ်လည်း လုပ်ပါတယ်။ ဆက်ပြီးတော့လည်း လိုအပ်သလို လုပ်သွားပါမယ်။

### စည်းမျဉ်းစည်း ကမ်းတွေ သတ်မှတ်ထား

ဒီလို ကိုဗစ်ကြောင့်၊ ကန့်သတ်ချက်တွေကြောင့် ကိုယ့်ရဲ့ နိစ္စဓူဝအလုပ်တွေမှာ လုပ်ရတာ ခက်ခဲလာတယ်ဆိုတာတော့ သည်းခံရမယ့်ကိစ္စတစ်ခုပါ။ ကျွန်မတို့ စည်းမျဉ်းစည်းကမ်းတွေကို ကြပ်ကြပ်မတ်မတ် လိုက်နာလေလေ ဒီစည်းမျဉ်းစည်းကမ်းတွေကို မြန်မြန်ဆန်ဆန် ဖယ်ရှားပေးနိုင်မှာ ဖြစ်ပါတယ်။ ရန်ကုန်မှာဆိုရင် ကျွန်မတို့ မြို့နယ်အချို့ကို အထူးသတိထားပြီး အိမ်အပြင်မထွက်ဖို့ သတ်မှတ်ထားပါတယ်။ ကျွန်မက နာမည်နဲ့ပြောရမယ်ဆိုရင် သဃ်န်းကျွန်းမြို့နယ်ကို ပြောဖို့လိုပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ သဃ်န်းကျွန်းမြို့နယ်မှာဆိုရင် ကိုဗစ်ရောဂါ စွဲကပ်နေတဲ့ ပြည်သူတွေများလို့ပါ။ အဲဒီလိုဖြစ်ရတဲ့ အကြောင်းကလည်း ကာရာအိုကေနဲ့ဆိုင်တယ်လို့ ကျွန်မတို့နားလည်ပါတယ်။ သဃ်န်းကျွန်းမြို့နယ် ကာရာအိုကေဆိုင်တွေမှာ ကာရာအိုကေဆိုရာကနေပြီးတော့ ပြန့်သွားတဲ့ကိစ္စပါ။ ဒီလို ဘာဖြစ်လို့ပြန့်သွားလဲဆိုတော့ နံပါတ် (၁) က လူစုလူဝေးပေ့ါ။ ကာရာအိုကေဆိုင်တွေမှာဆိုရင် လူတွေများတယ်။ တစ်ယောက်နဲ့တစ်ယောက် ခြောက်ပေကွာပြီးတော့နေတယ်ဆိုတာ မရှိဘူး။ နောက်ပြီးတော့ သီချင်းဆိုတဲ့အခါမှာဆိုရင် ဒါဟာ ပိုးမွှားတွေကို ပြန့်အောင်လို့လုပ်နိုင်တဲ့ အထိရောက်ဆုံးနည်းပဲလို့တောင် ပြောရမလား မသိပါဘူး။ အားလုံး သီချင်းဆိုကြတယ်။ နောက်ပြီး Microphone တွေကို တစ်ယောက်ပြီးတစ်ယောက် သုံးကြတယ်။ အဲဒီကနေပြီးတော့ ကူးစက်တာတွေ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့က အခုဒီလိုဆိုင်တွေအားလုံးကို ပိတ်လိုက်ပါတယ်။ ပိတ်လိုက်တဲ့အခါမှာ ကျွန်မတို့က တစ်ဖက်သတ်ကြည့်တာ မဟုတ်ပါဘူး။ တစ်ဖက်က ဒီလိုဆိုင်တွေကိုပိတ်တဲ့အခါ ဒီဆိုင်တွေကို အသက်မွေးဝမ်းကျောင်းအတွက် မှီဝဲနေရတဲ့ ပြည်သူတွေရှိတယ်ဆိုတာ ကျွန်မတို့ သဘောပေါက်ပါတယ်။ ဒါပေမယ့်လည်း ဒီပြည်သူတွေဟာ ရေတိုမှာ ဝင်ငွေမရပ်သွားဘူးဆိုပေမယ့် ရေရှည်တောင်မဟုတ်ပါဘူး။ မကြာမီကာလအတွင်းမှာပဲ ရောဂါကူးစက်ပြီးတော့ ဆက်ပြီးတော့လည်း အလုပ်မလုပ်နိုင်တဲ့အခြေအနေ၊ ကိုယ့်ကြောင့်လည်း တခြားသူတွေ၊ ကိုယ့်ရဲ့မိသားစုအပါအဝင် ရောဂါကူးစက်သွားနိုင်တဲ့အခြေအနေတွေ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ကျွန်မတို့က အခုဆိုရင် ကြပ်ကြပ်မတ်မတ် စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်ထားတာပါ။

### သတ်သတ်မှတ်မှတ်လုပ်ပေးဖို့

နောက်ပြီးတော့ ခရီးသွားလာတာနဲ့ ပတ်သက်လို့ ပထမဦးဆုံး ရခိုင်မှာ ရောဂါပြန့်ပွားနေပြီ၊ စစ်တွေမှာ တော်တော်များများတွေ့ပြီဆိုတာ သိတဲ့အခါမှာ ရခိုင်ဘက်ကနေပြီးတော့ တခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ခရီးမထွက်ဖို့ဆိုပြီး ပိတ်ပင်လိုက်ပါတယ်။ ပိတ်ပင်လိုက်တဲ့အခါ ရခိုင်ပြည်နယ်က ကျွန်မတို့ ပြည်သူတွေက ထွက်ချင်ကြတယ်။ ကျွန်မတို့က ထွက်ခွင့်မပေးဘူး။ အဲဒီတုန်းက ကျွန်မရှင်းပြပါတယ်။ ကျွန်မတို့ရဲ့ ရခိုင်က ပြည်သူတွေကို အငြိုးအတေးနဲ့လည်း မဟုတ်ပါဘူး။ ဒီလို ပြန့်သွားရင် အားလုံးအတွက် အန္တရာယ်ရှိတဲ့အပြင် တစ်တိုင်းပြည်လုံးမှာ ပြဿနာဖြစ်နေရင် ရခိုင်ပြည်နယ်အတွက်လည်း ဦးစားပေးပြီး သတ်သတ်မှတ်မှတ်လုပ်ပေးဖို့ ပိုပြီးတော့ ခက်ပါလိမ့်မယ်။ ဒါကြောင့် ကျွန်မတို့က တကယ်ရောဂါပြန့်ပွားမှုများနေတဲ့နေရာတွေကို ဦးစားပေးပြီးတော့ သေသေချာချာလုပ်ပေးနိုင်အောင် ဒီလို ကန့်သတ်ရတာပါ။ အခုလည်း ရန်ကုန်တိုင်းမှာဆိုရင် ဒီလိုပါပဲ။ ရန်ကုန်တိုင်းအတွင်းမှာဆိုရင် တစ်တိုင်းပြည်လုံးမှာ ရောဂါပြန့်ပွားမှုအခြေအနေက အမြန်ဆုံးပဲဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်မတို့ အကန့်အသတ်တွေ လုပ်တာပါ။ ရန်ကုန်တိုင်းပြင်ပကိုလည်း မလိုအပ်ဘဲနဲ့ မသွားပါနဲ့။ သွားရင်လည်း တခြားတိုင်းတွေ၊ ပြည်နယ်တွေက စည်းမျဉ်းစည်းကမ်းအရ စစ်ဆေးတာတို့၊ Quarantine လုပ်တာတို့ သတ်မှတ်ပါလိမ့်မယ်။ အဲဒီအခါ အဲဒီအတိုင်းပဲ လိုက်နာရမှာဖြစ်ပါတယ်။

### ညွှန်ကြားချက်တွေကို သေချာလေ့လာ

ဒီချိန်မှာတော့ ငြိမ်ငြိမ်လေးနဲ့ ကိုယ့်အိမ်မှာကိုယ် နေနိုင်သမျှနေတာ အကောင်းဆုံးပါပဲ။ ကိုယ့်အိမ်မှာကိုယ် နေနိုင်သမျှနေမယ်ဆိုတော့ ဈေးဝယ်သွားဖို့ကိစ္စကို တချို့က မေးပါလိမ့်မယ်။ ဈေးဝယ်သွားဖို့ဆိုတဲ့ ကိစ္စကတော့ မဖြစ်မနေလုပ်ရမယ့် ကိစ္စဖြစ်ပါတယ်။ ဒါဟာ ကျွန်မတို့ ပြည်သူတွေက နိစ္စဓူဝ စားရေးသောက်ရေးအတွက် ဈေးသွားဖို့ လိုတယ်ဆိုတာ ကျွန်မ နားလည်ပါတယ်။ ဒါပေမယ့် ဈေးတွေမှာ အရင်သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို ပိုပြီးတော့ တင်းတင်းကျပ်ကျပ် လိုက်နာဖို့ကို ကျွန်မတို့ ဆောင်ရွက်ပါမယ်။ မလိုက်နာတဲ့သူတွေကို ကျွန်မတို့ ဥပဒေအရ အရေးယူရပါလိမ့်မယ်။ ဥပဒေဆိုတာ ကျွန်မ ခဏခဏပြောပါတယ်။ ပြည်သူကို ဒဏ်ပေးဖို့ မဟုတ်ဘူး။ တကယ်တော့ ကျွန်မတို့ရဲ့ လူ့အသိုင်းအဝိုင်းရဲ့ တည်ငြိမ်မှု၊ အေးဆေးမှုကို ကာကွယ်ဖို့ ဖြစ်ပါတယ်။ ဒီလို ရောဂါအားလုံး ပြန့်ပွားသွားမယ်ဆိုရင် ကျွန်မတို့ လူ့အသိုင်းအဝိုင်းဟာ အများကြီး ထိခိုက်လာတဲ့အခါကျ တည်ငြိမ်မှုလည်းရှိမှာ မဟုတ်ပါဘူး။ အေးငြိမ်းမှုလည်း ရှိမှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်မတို့က နေပြီးတော့ စည်းမျဉ်းစည်းကမ်းမလိုက်နာရင် သဘာဝဘေးအန္တရာယ် ဥပဒေအရ အရေးယူမယ်လို့ ပြောတာက သဘာဝဘေးအန္တရာယ်ဥပဒေဟာ ကူးစက်ရောဂါဥပဒေထက် ပိုပြီးတော့ ပြင်းထန်ပါတယ်။ ဒီလိုပဲ ပြင်းပြင်းထန်ထန် လုပ်နိုင်မှ ကျွန်မတို့ဟာ ထိထိရောက်ရောက် ကိုဗစ်ရောဂါ ပြန့်ပွားမှုကို ထိန်းချုပ်နိုင်မှာပါ။ ကျွန်မတို့ ဘာတွေ ရည်ရွယ်တယ်။ ဘာတွေ လုပ်စေချင်တယ်ဆိုတာကို တစ်ချိန်လုံး ညွှန်ကြားချက်တွေ ထုတ်နေပါတယ်။ ဒီညွှန်ကြားချက်တွေကို ပြည်သူလူထုက သေချာလေ့လာစေချင်ပါတယ်။ ကျွန်မအနေနဲ့ ဒီအချိန်မှာ အားလုံးကို ဖတ်ပြမှာ မဟုတ်ပါဘူး။ ဒါတွေဟာ ကျွန်မတို့ ရုပ်မြင်သံကြားမှာလည်း မကြာခဏ တင်ပါမယ်။ နောက်ပြီး သတင်းစာတွေထဲမှာလည်း ထည့်ပါမယ်။ အဲဒါတွေကို ပြည်သူတွေ လေ့လာစေချင်ပါတယ်။ ဒီညွှန်ကြားချက်တွေကိုလည်း လိုက်နာစေချင်ပါတယ်။

### ပြည်သူသာလျှင် အဓိကပါ

အခုအချိန်မှာ နေပြည်တော်က နိုင်ငံရဲ့ အစိုးရရုံးစိုက်ရာနေရာဆိုပေမယ့် ရန်ကုန်ဆိုတာဟာ ကျွန်မတို့ ပြည်သူတွေ တော်တော်များများရဲ့ နှလုံးသားထဲမှာ နှလုံးသားမြို့တော်ကြီးပါပဲ။ ဒါကြောင့် ဒီလိုမြို့တော်ကြီးကနေပြီးတော့ တကယ့်ကို ကောင်းတဲ့နမူနာ၊ စံအနေနဲ့ ရပ်တည်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ရခိုင်ပြည်နယ်မှာဆိုရင်တောင်မှ ကျွန်မတို့ ထိန်းချုပ်နိုင်ပြီ။ ထိန်းချုပ်နိုင်တဲ့အဆင့်ကို ရောက်လာပြီ။ ထိန်းချုပ်လို့ ပြီးစီးသွားပြီလို့ ပြောတာမဟုတ်ပါဘူး။ အဲဒီတော့ ကျွန်မတို့ရဲ့ ရန်ကုန်တိုင်းမှာ ဘာလို့ မဖြစ်နိုင်ရမှာလဲ။ ကျွန်မတို့ ပြည်သူတွေရဲ့ နှလုံးသားထဲက မြို့တော်ကြီးက ဘာဖြစ်လို့ ဒီကိစ္စကို အောင်အောင်မြင်မြင် မဆောင်ရွက်နိုင်ရမှာလဲ။ အဲဒါကို ကြိုးစားကြပါ။ အားလုံးကနေပြီးတော့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာကြပါ။ စည်းမျဉ်းစည်းကမ်းတွေကလည်း စောစောက ကျွန်မပြောတဲ့အတိုင်းပဲ ခက်ခက်ခဲခဲ မဟုတ်ပါဘူး။ အင်မတန် ရိုးရှင်းပါတယ်။ ဘာကြောင့် ဒီလိုစည်းမျဉ်းစည်းကမ်းတွေကို သတ်မှတ်တယ်ဆိုတာ ပြည်သူတွေ နားလည်ဖို့လည်း ခက်ခဲတာ မဟုတ်ပါဘူး။ ဒါကြောင့် စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာပါ။ သိပ်ပြီးတော့ စိုးရိမ်မလွန်ပါနဲ့။ ဒါပေမယ့် သတိဆိုတာတော့ လွန်ကဲတယ် မရှိပါဘူး။ သတိတော့ အမြဲပဲချပ်ပါ။ ကျွန်မတို့ အတတ်နိုင်ဆုံး၊ အမြန်ဆုံး တင်းကျပ်တဲ့ အခြေအနေက ပိုပြီးတော့ ဖြေလျှော့နိုင်အောင် ကြိုးစားသွားပါမယ်။ ဒါပေမယ့် ကြိုးစားတဲ့နေရာမှာ ကျွန်မ ခဏခဏပြောတဲ့အတိုင်း ပြည်သူသာလျှင် အဓိကပါ။ ပြည်သူတွေ ပါဝင်မှ ကျွန်မတို့ရဲ့ ကြိုးစားမှုတွေက အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန်သူ၊ ရန်ကုန်သားတွေ ကိုယ့်အစွမ်းကို ပြကြပါ။ ကိုဗစ်ကို ဘယ်လောက် မြန်မြန်၊ ဘယ်လောက် ထိထိရောက်ရောက် ထိန်းချုပ်နိုင်မလဲဆိုတာ ကျွန်မတို့ နိုင်ငံတစ်နိုင်ငံလုံးတင်သာမက တစ်ကမ္ဘာလုံးကနေ သိနိုင်အောင်လို့ အစွမ်းပြကြပါလို့ မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံး ကျန်းမာချမ်းသာကြပါစေ။

> “ ဒီချိန်မှာတော့ ငြိမ်ငြိမ်လေးနဲ့ ကိုယ့်အိမ်မှာကိုယ် နေနိုင်သမျှနေတာ အကောင်းဆုံးပါပဲ။ ကိုယ့်အိမ်မှာကိုယ် နေနိုင်သမျှနေမယ်ဆိုတော့ ဈေးဝယ်သွားဖို့ကိစ္စကို တချို့က မေးပါလိမ့်မယ်။ ဈေးဝယ်သွားဖို့ဆိုတဲ့ ကိစ္စကတော့ မဖြစ်မနေလုပ်ရမယ့် ကိစ္စဖြစ်ပါတယ်။ ဒါဟာ ကျွန်မတို့ ပြည်သူတွေက နိစ္စဓူဝ စားရေးသောက်ရေးအတွက် ဈေးသွားဖို့ လိုတယ်ဆိုတာ ကျွန်မ နားလည်ပါတယ်။ ဒါပေမယ့် ဈေးတွေမှာ အရင်သတ်မှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်းတွေကို ပိုပြီးတော့ တင်းတင်းကျပ်ကျပ် လိုက်နာဖို့ကို ကျွန်မတို့ ဆောင်ရွက်ပါမယ် ”

# ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဦးဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ (၄၁) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ဒုတိယစုံညီအစည်းအဝေးနှင့် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်




ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် Video Conferencing ဖြင့် ကျင်းပသည့် (၄၁) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ဒုတိယစုံညီအစည်းအဝေးနှင့် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ သတင်းစဉ်

**နေပြည်တော် စက်တင်ဘာ ၁၀**

ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ဦးဆောင်သောမြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် Video Conferencing ဖြင့် ကျင်းပသည့် (၄၁) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ ဒုတိယစုံညီအစည်းအဝေးနှင့် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဒုတိယ စုံညီအစည်းအဝေးကို နံနက် ၈ နာရီခွဲတွင် စတင်ကျင်းပရာ သက်ဆိုင်ရာကဏ္ဍအလိုက် ကော်မတီများ၏ အစီရင်ခံစာများကို တင်ပြဖတ်ကြားအတည်ပြုကြပြီး (၄၁) ကြိမ်မြောက် AIPA အထွေထွေညီလာခံ၏ ကြေညာချက် (Joint Communique) ကို ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက E-Signature ဖြင့် အတည်ပြုလက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ ညီလာခံပိတ်ပွဲ အခမ်းအနားတွင် AIPA လေ့လာသူပါလီမန်များအဖြစ် မော်ရိုကိုနှင့် နော်ဝေပါလီမန်တို့ကို လက်ခံခြင်း၊ လာအိုအမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ဗီယက်နမ်အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့အား AIPA စွမ်းဆောင်ရည်ဆု ပေးအပ်ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် အိမ်ရှင် AIPA အလှည့်ကျဥက္ကဋ္ဌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ညီလာခံပိတ်ပွဲ နှုတ်ခွန်းဆက်စကား ပြောကြားပြီး လာမည့်နှစ် (၄၂) ကြိမ်မြောက် AIPA အထွေထွေညီလာခံဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်မည့် ဘရူနိုင်းဒါရူဆလင်နိုင်ငံ ဥပဒေပြုကောင်စီသို့ လွှဲပြောင်းတာဝန်ပေးအပ်ရာ ဥပဒေပြုကောင်စီဥက္ကဋ္ဌက AIPA ဥက္ကဋ္ဌတာဝန် လက်ခံရယူကြောင်း မိန့်ခွန်းအား video clip ဖြင့် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများအကြား သီးခြားစီကျင်းပသည့် နိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးများသို့ ပါဝင်တက်ရောက်၊ အာဆီယံ-ကနေဒါ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ပူးတွဲသဘာပတိ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၀**

အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ-ကနေဒါ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံ- ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံ-နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများကို ယနေ့ နံနက် ၇ နာရီခွဲမှစတင်၍ Video Conference ဖြင့် ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တက်ရောက်သည်။ **(အောက်ပုံ)**

အစည်းအဝေးများတွင် နိုင်ငံခြားရေးဝန်ကြီးများက အာဆီယံနှင့် သက်ဆိုင်ရာ ဆွေးနွေးဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ပြီး အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်မည့် အလားအလာများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံ-ကနေဒါ ဆွေးနွေးဖက်ဆက်ဆံရေး၏ လက်ရှိညှိနှိုင်းရေးမှူးတာဝန်ကို ရယူထားသည်ဖြစ်ရာ အာဆီယံ-ကနေဒါ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကနေဒါ နိုင်ငံခြားရေးဝန်ကြီး Mr. François-Philippe Champagne နှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သည်။



အာဆီယံအဖွဲ့ဝင်နိုင်ငံများကိုယ်စား ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် အာဆီယံ-ကနေဒါ ဆွေးနွေးဖက်ဆက်ဆံရေးသည် ပုံမှန်တိုးတက်လျက်ရှိသည့်အပြင် အာဆီယံ-ကနေဒါ မိတ်ဖက်ဆက်ဆံရေး တိုးမြှင့်ခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်(၂၀၁၆-၂၀၂၀)ကို အကောင်အထည်ဖော်ရာတွင် သိသာထင်ရှားသည့် အောင်မြင်မှုများရရှိနေခြင်းကို တန်ဖိုးထားကြောင်း ထည့်သွင်းပြောကြားခဲ့ပြီး အာဆီယံ-ကနေဒါ ဆွေးနွေးဖက်ဆက်ဆံရေးကို အားလုံးပါဝင်မှု၊ သာတူညီမျှရှိမှု၊ အပြန်အလှန်လေးစားမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းမှုတို့အပေါ်တွင် အခြေခံလျက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်မည့် နယ်ပယ်များကို ဆွေးနွေးပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက အာဆီယံနှင့် ကနေဒါနိုင်ငံတို့အကြား လက်ရှိ မိတ်ဖက်ဆက်ဆံရေးကို တိုးတက်ခိုင်မာစေရန်နှင့် ဆွေးနွေးဖက်ဆက်ဆံရေးကို အဆင့်မြှင့်တင်ရန်တို့အတွက် ကနေဒါနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားတွင် အပြန်အလှန်ယုံကြည်မှု၊ ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို တိုးမြှင့်ရန် အရေးကြီးကြောင်း အလေးထားပြောကြားသည်။ အစည်းအဝေးအပြီးတွင် ဝန်ကြီးများက အာဆီယံ-ကနေဒါ မိတ်ဖက်ဆက်ဆံရေး တိုးမြှင့်ခြင်းဆိုင်ရာ လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၅) ကို အတည်ပြုခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအစိုးရအချင်းချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်များ တွေ့ဆုံပွဲနှင့် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍမြှင့်တင်ရေးဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် ဆွေးနွေးပွဲတို့သို့ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း ဝင်ရောက်လျက်ရှိသော အစိုးရဝန်ထမ်းများနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း




**နေပြည်တော် စက်တင်ဘာ ၁၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) ဝင်ရောက်လျက်ရှိသော အစိုးရဝန်ထမ်းများနှင့် ကျန်းမာရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ တာဝန်ယူစောင့်ရှောက်မှုပေးနေသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် လေးကျွန်းသူဖောင်ဒေးရှင်းတို့မှ အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်စည်ပင်ဧည့်ရိပ်သာရှိ အဆောင် ၅၆ တွင် ကျင်းပသည်။

လှူဒါန်းပွဲတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန (သာသနာရေး)က ငွေကျပ် သိန်း ၄၀၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု)က ငွေကျပ်သိန်း ၄၀၊ လေးကျွန်းသူဖောင်ဒေးရှင်းက ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ်သိန်း ၁၁၀ တို့ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူတို့က ပေးအပ်လှူဒါန်းရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာကော်မတီ၏ (၇၃)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် စက်တင်ဘာ ၉ ရက်က ကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ကော်မတီ၏ (၇၃) ကြိမ်မြောက် အစည်းအဝေး ပထမနေ့သို့ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည်။**(ယာပုံ)**







အစည်းအဝေးတွင် အလှည့်ကျသဘာပတိ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ ကျန်းမာရေးဝန်ကြီး Mr. Arutin Chernvirakul နှင့် ဒုတိယသဘာပတိ နီပေါနိုင်ငံ ကျန်းမာရေးနှင့်လူဦးရေဆိုင်ရာဝန်ကြီး Mr. Bhanu Bhakta Dhakal တို့က အဖွင့်စကားပြောကြားခြင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mrs. Poonan Khetrapal Singh က ၂၀၁၉ ခုနှစ်အတွင်း အရှေ့တောင်အာရှဒေသအတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော လုပ်ဆောင်ချက်များဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခြင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Tedros Adhanom က လက်ရှိကမ္ဘာ့နိုင်ငံများတွင် ကြုံတွေ့နေရသော ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုအခြေအနေများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံများသို့ ဆက်လက်ပံ့ပိုးမည့် အစီအစဉ်များကို ဆွေးနွေးပြောကြားခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် အရှေ့တောင်အာရှဒေသနိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများက အမှာစကားပြောကြားသည်။

**အကျိုးရှိထိရောက်စေရန်**

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသဆိုင်ရာရုံး၏ နှစ်ပတ်လည်အစီရင်ခံစာနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အစီရင်ခံစာတွင်ပါရှိသော မိမိတို့အားလုံးကြုံတွေ့ခဲ့ရသည့် သင်ခန်းစာများ၊ ရင်ဆိုင်ခဲ့ရသည့် စိန်ခေါ်မှုများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသဆိုင်ရာရုံး၏ နောင်လာမည့် (၂)နှစ်တာ လုပ်ငန်းအစီအစဉ် ရေးဆွဲရာ၌ မဖြစ်မနေ ထည့်သွင်းစဉ်းစား သွားရမည်ဖြစ်ကြောင်း၊ အစီရင်ခံစာပါအချက်များကို အဖွဲ့ဝင်နိုင်ငံအားလုံးအနေဖြင့် သေချာစွာ ဖတ်ရှုလေ့လာသုံးသပ်ရန်နှင့် မိမိတို့နိုင်ငံများ၌ ပြည်သူ့ကျန်းမာရေးကဏ္ဍတွင် ထင်ရှားကြီးမားသော အကျိုးသက်ရောက်မှုရရှိစေရန်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နည်းပညာပံ့ပိုးမှုများကို ရနိုင်သမျှအများဆုံးရရှိ၍ အကျိုးရှိထိရောက်စေရန် သင့်လျော်သလို စဉ်းစားဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း။

ထို့ပြင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကူအညီများ ပိုမို၍ အကျိုးရှိထိရောက်စေရန်အတွက် ဒေသဆိုင်ရာရုံးသို့ လက်တွေ့ကျပြီး ပြုလုပ်နိုင်မည့် အကြံဉာဏ်များပေးရန် တိုက်တွန်းလိုပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဒေသဆိုင်ရာရုံးအနေဖြင့် ပြီးခဲ့သည့် (၂)နှစ်တာအစီရင်ခံစာ သုံးခုကို သေချာစွာသုံးသပ်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လုပ်ငန်းများ ထိရောက်စွာ တိုးတက်ပြောင်းလဲရန် မည်သို့ဆောင်ရွက်သင့်သည်ကိုလည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံများသို့ ခွဲဝေချထားသည့် ရန်ပုံငွေကို ထိရောက်အကျိုးရှိစွာ သုံးစွဲနေခြင်း ရှိ/ မရှိကိုလည်းကောင်း၊ မိမိတို့အားလုံး ကျော်လွှားရန်လိုအပ်သည့် စိန်ခေါ်မှုများကိုလည်းကောင်း သုံးသပ်ကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ဒေသအဆင့်အဖွဲ့အစည်းများဖြစ်သည့် GAVI၊ Global Fund ၊ UNFPA ၊ UNICEF ၊ UNAIDS နှင့် အခြားဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် မည်သို့အတူတကွ ပူးပေါင်းဆောင်ရွက်နေသည်၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု မည်သို့ ချိတ်ဆက် ဖြည့်ဆည်းကူညီနေသည်ဆိုသည့် အချက်ကိုလည်း အလေးထား သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများသို့ ပံ့ပိုးနေသည့် အကူအညီများသည် မလိုအပ်ဘဲ ထပ်နေခြင်းမျိုးမဖြစ်စေရန် ပြင်ပအကူအညီ အထောက်အပံ့များဆိုင်ရာ မူဘောင်ရေးဆွဲထားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နောင်လာမည့်နှစ်များအတွက် ရေးဆွဲဆောင်ရွက်မည့် (၂)နှစ်တာ လုပ်ငန်းအစီအစဉ် (work plan) တွင် ရန်ပုံငွေကို ခွဲဝေချထားရုံသက်သက် မဟုတ်ဘဲ နိုင်ငံတစ်ခုချင်း၏ တိကျသောလိုအပ်ချက်ပေါ်မူတည်၍ ကျစ်လျစ်ပြီးအကျိုးရှိသော၊ ဦးတည်ချက်ရှိသည့် အထောက်အပံ့မျိုးဖြစ်စေရန် ရေးဆွဲဆောင်ရွက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကျိုးရှိထိရောက်သော ပံ့ပိုးမှုများဖြင့် မိမိတို့ဒေသတွင်းနိုင်ငံများတွင် ပြည်သူ့ ကျန်းမာရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသနိုင်ငံများဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ မြောက်ကိုရီးယား၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မော်ဒိုက်၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်း၊ အရှေ့တီမောနိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ၊ အိန္ဒိယနှင့်ထိုင်းနိုင်ငံတို့ရှိ အဖွဲ့ဝင်နိုင်ငံများ၏ သံရုံးများမှသံအမတ်ကြီးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးနှင့်အဖွဲ့၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**စကားဝိုင်းဆွေးနွေး**

အစည်းအဝေး ဒုတိယနေ့တွင် ကိုဗစ်-၁၉ ကြောင့် အနာဂတ်ကာလတွင် ပုံမှန်အဖြစ် ပြောင်းလဲနေထိုင်သွားရမည့် ပုံစံအသစ်နှင့်စပ်လျဉ်း၍ အရှေ့တောင်အာရှဒေသနိုင်ငံများ၏ အတွေ့အကြုံများ၊ သင်ခန်းစာများနှင့် ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပြည်သူ့ကျန်းမာရေးစီမံကိန်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရေးဟူသောခေါင်းစဉ်များဖြင့် ကျန်းမာရေးဝန်ကြီးများ စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်က မြန်မာနိုင်ငံ၏ အတွေ့အကြုံများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Dr. Tedros Adhanom နှင့် အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mrs. Poonan Khetrapal Singh တို့က ကိုဗစ်- ၁၉ ကပ်ရောဂါ တုံ့ပြန်ရင်ဆိုင်ရေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဒေသတွင်းနိုင်ငံများ နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် အရှေ့တောင်အာရှဒေသ အဖွဲ့ဝင်နိုင်ငံများ၏ ကိုဗစ်-၁၉ ကို စုပေါင်းရင်ဆိုင် တုံ့ပြန်ခြင်းဆိုင်ရာ ကျန်းမာရေးဝန်ကြီးများ ကြေညာချက် (Ministerial Declaration) ကို အလှည့်ကျသဘာပတိ ထိုင်းနိုင်ငံကကြေညာရာ အဖွဲ့ဝင်နိုင်ငံ ၁၁ နိုင်ငံလုံး၏ ကျန်းမာရေးဝန်ကြီးများက ကြေညာချက်ကို အတည်ပြုခဲ့ကြသည်။

ထို့နောက် အရှေ့တောင်အာရှဒေသအတွင်း ပြည်သူ့ကျန်းမာရေးဆိုင်ရာ ထူးချွန် ပြောင်မြောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့မှုများအတွက် အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်း ချီးမြှင့်ပေးအပ်ပွဲကို ကျင်းပခဲ့ရာ မြန်မာနိုင်ငံတွင် မျက်ခမ်းစပ်ရောဂါအား ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ ကင်းဝေးအောင် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mrs. Poonan Khetrapal Singh က မြန်မာနိုင်ငံတွင် မျက်ခမ်းစပ် ရောဂါကင်းဝေးကြောင်း အသိအမှတ်ပြုဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ခံရယူသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ အရှေ့တောင်အာရှဒေသညွှန်ကြားရေးမှူးချုပ်၊ အရှေ့တောင်အာရှဒေသ ညွှန်ကြားရေးမှူး၊ အစည်းအဝေး သဘာပတိ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီးတို့က နိဂုံးချုပ်စကားများ ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းသုံး ပြဌာန်းစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေး ပြင်ပပုဂ္ဂလိကသို့ တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၀

**၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေး ပြင်ပပုဂ္ဂလိကသို့ တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်နိုင်ရေးဆပ်ကော်မတီနှစ်ရပ် ပူးပေါင်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၀) ကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ Video Conferencing စနစ်ဖြင့် ချိတ်ဆက် ကျင်းပသည်။**



ဒုတိယ ဝန်ကြီး ဦးအောင် လှထွန်း

ရေးဦးစွာ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ကျောင်းသုံးစာအုပ် များ ဖြန့်ချိရေးဆပ်ကော်မတီအတွင်းရေးမှူး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းနှင့် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ် ထုတ်လုပ်ရေး ဆပ်ကော်မတီအတွင်းရေးမှူး ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့က ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေး ပြင်ပပုဂ္ဂလိကသို့ တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆပ်ကော်မတီအလိုက် ဆောင်ရွက်လျက်ရှိသည်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် Video Conferencing စနစ်ဖြင့် အစည်းအဝေး တက်ရောက်ကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ဦးဝင်းမော်ထွန်းတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေးဆုံးဖြတ်ချက်များကို အတည်ပြုပြီး ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

# ဝါးခယ်မမြို့နယ်ရှိ ရွှေလောင်းတံတားပေါ်မှ ယာဉ်များစတင်ဖြတ်သန်းခွင့်ပြု

**ဝါးခယ်မ စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရွှေလောင်းကျေးရွာအုပ်စုရှိ ရွှေလောင်းတံတားဟောင်းကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှာ ဖြုတ်သိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် တံတားအဆင့်မြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ရာခိုင်နှုန်းအပြည့်နီးပါး ဆောင်ရွက်ပြီးဖြစ်သဖြင့် မော်တော်ယာဉ်များအား ယနေ့ နံနက် ၆ နာရီမှစတင်၍ ဖြတ်သန်းသွားလာ ခွင့်ပြုခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

အဆိုပါ ရွှေလောင်းတံတား အမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်ကာ အရှည် ပေ ၁၉၀၀၊ တံတား အကျယ် ၃၀ဒသမ ၅ ပေ၊ ယာဉ်သွား လမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် ၃ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ၂၉ ဒသမ ၅၂ ပေ၊ တံတား၏ ခံနိုင်ဝန်မှာ HS25 Load Class ဖြစ်ပြီး ပြည်ထောင်စုဘတ်ဂျက်ဖြင့် တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၅)မှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အများပြည်သူ သွားလာရအဆင်ပြေလွယ်ကူစေရန်နှင့် ကုန်စည် စီးဆင်းမှုအဆင်ပြေချောမွေ့စေရေး အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင် ဦးဆောင်ပြီး ဌာနဆိုင်ရာများ၊ တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၁၅) မှ တာဝန်ရှိသူများက ကြီးကြပ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ညွှန်ကြားချက်နှင့်အညီ ခရီးသွားပြည်သူများ၊ မော်တော်ယာဉ်များကို စတင်ဖြတ်သန်းခွင့်ပြုခဲ့ခြင်းဖြစ်သည်။

**လွှမ်းသီဟ(ပြန်/ဆက်)**



# မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေနှင့် ပြစ်မှုများအကြောင်း

ဦးဇော်ဇော်(တရားလွှတ်တော်ရှေ့နေ)

**အမှုသည်။ မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးတွေ ဘယ်လို ဆောင်ရွက်နေပါသလဲ။**

**ရှေ့နေ။** မြန်မာနိုင်ငံဟာ မူးယစ်ဆေးဝါးနဲ့ စိတ်ကို ပြောင်းလဲစေတဲ့ ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးကို အမျိုးသားရေး တာဝန်အဖြစ် သတ်မှတ်ပြီး မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ ထိန်းချုပ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ပြည်တွင်း မူဘောင်များ ချမှတ်ကာ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများ သုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် ထုတ်လုပ်ခြင်းတို့ကို တားဆီးကာကွယ်ရန် ကမ္ဘာ့နိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်လျက် ရှိနေပါတယ်။

**အမှုသည်။ မူးယစ်ဆေးဝါးအကြောင်း သိချင်လို့ပါ။**

**ရှေ့နေ။** လူသားတွေရဲ့ ကမ္ဘာကို ခြိမ်းခြောက်လျက်ရှိတဲ့ အဓိကပြဿနာ သုံးရပ်မှာ အကြမ်းဖက်မှု ပြဿနာ၊ မူးယစ်ဆေးဝါး ပြဿနာနဲ့ လူကုန်ကူးမှု ပြဿနာတွေ ဖြစ်ကြပါတယ်။

**အမှုသည်။ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုတွေ နေ့စဉ်နဲ့အမျှ ကြားနေရတယ်နော်။**

**ရှေ့နေ။** ဟုတ်တယ်လေ၊ ဒီထက်မက ပိုမို ဖမ်းဆီးရမိနိုင်အောင် ပြည်သူလူထုအားလုံးကလည်း နေ့စဉ်နဲ့အမျှ ပိုမိုပူးပေါင်းပါဝင်ကြရမယ်။

**အမှုသည်။ မူးယစ်ဆေးဝါးကိုပိုင်ရှင်မဲ့ ဖမ်းဆီးရမိတာတွေလဲ ရှိတယ်နော်။**

**ရှေ့နေ။** ပိုင်ရှင်မဲ့ဖြစ်ဖြစ်၊ ပိုင်ရှင်နဲ့ဖြစ်ဖြစ် ဘယ်လိုပဲ ဖမ်းဆီးရမိ ရမိ အဲ့ဒီလို ဖမ်းဆီးရမိတဲ့အတွက် ပြည်သူလူထုအကြား မူးယစ်ဆေးဝါး စိမ့်ဝင်ပျံ့နှံ့မှုလျော့နည်းလာစေတဲ့ ရလဒ်ဖြစ်ပေါ်စေပါတယ်။

**အမှုသည်။ မူးယစ်ဆေးဝါးအပြင် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေလို့ ဘာလို့ သတ်မှတ်ပြဋ္ဌာန်းထားတာပါလဲ။**

**ရှေ့နေ။** မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ကိုယ်ခန္ဓာကို ထိခိုက်ပျက်စီးစေရုံမက၊ စိတ်ကျန်းမာရေးကောင်းခြင်း လက္ခဏာတွေဖြစ်တဲ့ မိမိကိုယ်ကိုယ် ရှုမြင်သုံးသပ်ရာမှာအထင်မသေးသလို အထင်လည်း မကြီးခြင်း၊ ပကတိ အခြေအနေမှန်ကို နှလုံးသွင်း လက်ခံနိုင်ခြင်း၊ မိမိရဲ့ ဟာကွက်မှားကွက်တွေကို လက်ခံနိုင်စွမ်းရှိခြင်း၊ နေ့စဉ်ကြုံတွေ့နေရတဲ့ကိစ္စအဝဝကို လုံလောက်တဲ့ ဝီရိယစေတနာနဲ့ အေးဆေးစွာ ရင်ဆိုင်နိုင်စွမ်းရှိခြင်း၊ ယေဘုယျအားဖြင့် သူတစ်ပါးအပေါ် ယုံကြည်နိုင်ခြင်း၊ လိုက်လျောညီထွေဆက်ဆံနိုင်ခြင်း၊ မေတ္တာထားနိုင်ခြင်း၊ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်စွမ်းရှိခြင်း၊ ပေးအပ်တဲ့ တာဝန်တွေကို လက်ခံ ဆောင်ရွက်နိုင်စွမ်းရှိခြင်း စတာတွေကို ဆန့်ကျင်ဘက်ဖြစ်ပေါ်စေတဲ့အတွက် ဖြစ်ပါတယ်။

**အမှုသည်။ မူးယစ်ဆေးဝါး ဆိုတာ ဘာတွေလဲ။**

**ရှေ့နေ။** ဘိန်းဖြူ၊ Ice(အိုက်စ်)၊ ဘိန်း၊ အဆင့်နိမ့်ဘိန်း၊ ဘိန်းစာမှုန့်၊ ဘိန်းစာရွက်၊ ဘိန်းစာရည်၊ စိတ်ကြွဆေးပြား၊ ဆေးခြောက်၊ ဘိန်းရည်၊ ဘိန်းဆီခဲ၊ ဘိန်းစေ့၊ စိတ်ကြွဆေးပြား၊ အကြေမှုန့်၊ Ecstasy အကြေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မူးယစ်ဆေးဝါးဖြစ်သည်ဟု သတ်မှတ်ထားသည့် ဆေးဝါးတွေဖြစ်ကြပါတယ်။

**အမှုသည်။ မူးယစ်ဆေးဝါးသုံးစွဲသူ (ဆေးစွဲ) သူကို ဘယ်လို ပြုစုစောင့်ရှောက်မှုပေးပါသလဲ။**

**ရှေ့နေ။** မူးယစ်ဆေးဝါးနဲ့ စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေရဲ့ပုဒ်မ (၉ ) "ဆေးဝါး သုံးစွဲသူများကို ဆေးကုသပေးခြင်းနှင့် ပြန်လည်ထူထောင်ပေးခြင်း" ပါပုဒ်မခွဲ (က) အရ ဆေးဝါးသုံးစွဲသူဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်တဲ့ဌာန ဂေဟာ(သို့) ဒီကိစ္စအလို့ငှာ အစိုးရ အသိအမှတ်ပြု ဆေးကုသဌာနဂေဟာမှာ ဆေးကုသမှု ခံယူရပါမယ်။

ပုဒ်မခွဲ (ခ) အရ ဆေးဝါးသုံးစွဲသူကို ဆေးကုသပေးရေးနဲ့ ဆေးကုသမှုပြီးဆုံးပါက သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေးစခန်းကို လွှဲပြောင်းပေးပို့ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လိုအပ်တဲ့ အစီအစဉ်တွေ ချမှတ်ဆောင်ရွက်ပေးရပါမယ်။

ပုဒ်မခွဲ (ဃ) အရ ရဲတပ်ဖွဲ့ဝင်ဟာ မူးယစ်ဆေးဝါးသုံးစွဲတယ်လို့ သံသယရှိတဲ့သူကို ပဏာမဆေးစစ်ချက် ခံယူဖို့နဲ့ ဆေးဝါးသုံးစွဲကြောင်း စစ်ဆေးတွေ့ရှိတဲ့အခါ ဆေးကုသမှုခံယူနိုင်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတ်မှတ်တဲ့ ဌာန ဂေဟာ (သို့) ဒီကိစ္စအလို့ငှာ အစိုးရက အသိအမှတ်ပြုထားတဲ့ အနီးဆုံးဆေးကုသဌာန ဂေဟာကို ဆောလျင်စွာ ပို့အပ်ပါမယ်။

ပုဒ်မခွဲ (င) အရ သက်ဆိုင်ရာ အရာရှိဟာ ပဏာမဆေးစစ်ချက် ခံယူရန်နဲ့ ဆေးကုသမှုခံယူရန် ပျက်ကွက်သူကို စိစစ်ပြီး လိုအပ်ပါက ခံဝန်ချုပ် ချုပ်ဆိုစေတဲ့ အမိန့်ချမှတ်နိုင်ဖို့ သက်ဆိုင်ရာ တရားရုံးကို လျှောက်ထားရပါမယ်။

ပုဒ်မခွဲ(စ) အရ တရားရုံးဟာ ပုဒ်မခွဲ (င) ပါ အတိုင်း လျှောက်ထားလာမှုအတွက် ဆေးစစ်ချက် ခံယူနိုင်ရေးနှင့် ဆေးကုသမှု ခံယူနိုင်စေရေးအတွက် သတ်မှတ်ချက်များနဲ့အညီ ခံဝန်ချုပ်ချုပ်ဆိုစေတဲ့ အမိန့်ချမှတ်နိုင်ပါတယ်။

ပုဒ်မခွဲ (ဆ) အရ တရားရုံး အနေနဲ့ ဆေးဝါးသုံးစွဲသူက ပုဒ်မခွဲ (စ)နဲ့ အညီ ချမှတ်တဲ့ အမိန့်အတိုင်းခံဝန်ချုပ် ချုပ်ဆိုခြင်း မပြုရင်ဖြစ်စေ ချမှတ်တဲ့ ခံဝန်ချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်တဲ့အခါ ဆေးကုသမှု ခံယူရေးနဲ့ ပြုစုပျိုးထောင်ရေးတို့အတွက် ဒီကိစ္စအလို့ငှာ ဖွင့်လှစ်ထားသော သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေးစခန်းသို့ ခြောက်လ ပို့အပ်တဲ့ အမိန့်ချမှတ်ရမယ်။

ပုဒ်မခွဲ (ဇ) အရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနဟာ သက်ဆိုင်ရာ ပြုစုပျိုးထောင်ရေးစခန်းသို့ ပို့အပ်ရောက်ရှိလာတဲ့ ဆေးဝါးသုံးစွဲသူကို ပြန်လည်ထူထောင်ရေးကာလအတွင်း လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တာဝန်ယူ ကုသပေးရပါမယ်။

ပုဒ်မခွဲ (ဈ) အရ ဘယ်သူမဆို ဆေးဝါးသုံးစွဲသူ (သို့) ဆေးဝါးသုံးစွဲကြောင်း သံသယရှိသူကို ရဲတပ်ဖွဲ့သို့ သတင်းပေးပို့ အကြောင်းကြားနိုင်ပါတယ်။

ဒီမှာတစ်ဆက်တည်း သိစေချင်တာက ပုဒ်မခွဲ (ဆ) အရ ပြုစုပျိုးထောင်ရေးစခန်းသို့ ပို့အပ်ခံထားရစဉ်မှာ စခန်းက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်နဲ့ သတ်မှတ်ထားတဲ့ စည်းကမ်းတွေကို ဖောက်ဖျက်တယ်လို့ ပြစ်မှုထင်ရှား စီရင်ခြင်းခံရရင် လူမှုအကျိုးပြုလုပ်ငန်းတွေဖြစ်တဲ့ သစ်ပင်ပန်းမန် စိုက်ပျိုးခြင်း သန့်ရှင်းရေးလုပ်ငန်းတွေ လမ်းတံတား ပြုပြင်ခြင်း လူမှုရေးအဖွဲ့များနှင့် ပူးပေါင်းပြီး အကျိုးပြုလုပ်ငန်းတွေ ဆောင်ရွက်ခြင်းတွေကို ကြီးကြပ်သူရှေ့မှောက်မှာ နှိမ့်ချခြင်း ခွဲခြားဆက်ဆံခြင်းသဘော မသက်ရောက်တဲ့ သတ်မှတ်ဝတ်စုံကို ဝတ်ပြီး တစ်ရက် နှစ်နာရီနှုန်းနဲ့ အနည်းဆုံးနာရီ ၂၄၀ မှ အများဆုံး နာရီ ၃၆၀ အထိ ကိုယ်တိုင်လုပ်အားနဲ့ အခမဲ့ လုပ်ဆောင်ပေးရပါမယ်။

**အမှုသည်။ ဒါဆိုမူးယစ်ဆေးဝါးသုံးစွဲသူကို ထောင်ချမှတ်ခြင်း မပြုတော့ဘူးပေါ့နော်။**

**ရှေ့နေ။** မှန်ပါတယ် ဒါ့အပြင်ဆေးဝါးသုံးစွဲသူတွေကို စာရင်းကောက်ယူပြီး ဆေးကုသပေးရေး၊ အသိပညာပေးရေး၊ ပညာပေးလှုံ့ဆော်ရေးနဲ့ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ အန္တရာယ်လျှော့ချပေးရေးတို့နဲ့ စပ်လျဉ်းတဲ့အစီအစဉ်တွေ ချမှတ်ဆောင်ရွက်ပေးနေသလို ဆေးဝါးသုံးစွဲသူတွေကို ပြန်လည်ထူထောင်ပေးရေးနဲ့ စပ်လျဉ်းပြီး စီမံချက်တွေ ချမှတ်လျက် စည်းရုံးလှုံ့ဆော်ခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ သင့်လျော်တဲ့ကူညီထောက်ပံ့မှုတွေပေးခြင်း၊ ကောင်းမွန်တဲ့လူနေမှုဘဝကို ပြန်လည်ရောက်ရှိစေဖို့ ရုပ်ပိုင်း/ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်တွေ သင်ကြားပေးခြင်းတွေကို ပြုလုပ်ပေးနေကြောင်း ပုဒ်မ (၆) ပုဒ်မခွဲ (င) နှင့် (စ)မှာ ဖော်ပြပါရှိပါတယ်။

**အမှုသည်။ တရားရုံးတွေမှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၆ (ဂ) ဆိုတာဘာပါလဲ။**

**ရှေ့နေ။** မူးယစ်ဆေးဝါး (သို့) စိတ်ကို ပြောင်းလဲစေသော ဆေးဝါးကို လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့် ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်း ပြုလုပ်သူကို တရားစွဲတဲ့ ပုဒ်မဖြစ်ပါတယ် (အရပ်ထဲမှာတော့ မူးယစ်ဆေးဝါးကို သုံးစွဲရန် အလို့ငှာ လက်ဝယ်ထားရှိမှုလို့ ပြောကြပါတယ်)။

**အမှုသည်။ ပုဒ်မ ၁၆ (ဂ) ရဲ့ ပြစ်ဒဏ်က ဘယ်လောက်လဲ။**

**ရှေ့နေ။** ထောင်ဒဏ် အနည်းဆုံး ၅ နှစ်မှ အများဆုံး ၁၀ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ပါတယ်။

**အမှုသည်။ ပုဒ်မ ၁၆ (က) က ဘာပါလဲ။**

**ရှေ့နေ။** ဘိန်းပင်၊ ကိုကားပင်၊ ဆေးခြောက်ပင်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ မူးယစ်ဆေးဝါးဖြစ်သည်ဟု ကြေညာထားသည့် အပင်တစ်မျိုးမျိုးကို စိုက်ပျိုးခြင်းပါ။

**အမှုသည်။ ပုဒ်မ ၁၆ (က) ရဲ့ ပြစ်ဒဏ်က ဘယ်လိုပါလဲ။**

**ရှေ့နေ။** ပုဒ်မ ၁၆ (ဂ) နဲ့ အတူတူပါပဲ။

**အမှုသည်။ ပုဒ်မ ၁၉ (က) ကို ရှင်းပြပေးပါ။**

**ရှေ့နေ။** မူးယစ်ဆေးဝါး (သို့) စိတ်ကို ပြောင်းလဲစေသောဆေးဝါးကို ရောင်းချရန်အလို့ငှာ လက်ဝယ်ထားခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ လွှဲပြောင်းပေးခြင်း ပြုလုပ်မှုပါ အရပ်စကားအရဆိုရင် (ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ) ပေါ့။

**အမှုသည်။ ပုဒ်မ ၁၉(က) ရဲ့ ပြစ်ဒဏ် သိပါရစေ။**

**ရှေ့နေ။** ထောင်ဒဏ် အနည်းဆုံး ၁၀ နှစ်မှ အများဆုံး နှစ်အကန့်အသတ်မရှိ ချမှတ်နိုင်ပါတယ်။

**အမှုသည်။ ရောင်းချရန် ဆိုတဲ့ ပမာဏကို ဘယ်လို သတ်မှတ်ပါသလဲ။**

**ရှေ့နေ။** ဘိန်းဖြူ/မော်ဖင်း/ယင်းနှစ်မျိုးပေါင်း/စိတ်ကြွရူးသွပ်ဆေးပြား/ မက်အက်ဖီတမင်း ဟိုက်ဒရိုကလိုရိုက်(အိုက်စ်)/ အက်ဖီဒရင်း (သို့) ဆူဒိုအက်ဖီဒရင်း/ကိုကင်း ဖြစ်မယ်ဆိုရင် သုံးဂရမ် အထိနှင့် အထက်၊ ဘိန်းစိမ်း/ ဆေးခြောက် (သို့) ဆေးခြောက် အဆီ/ ယင်းနှစ်မျိုးပေါင်း/ ကိုကာရွက်ဖြစ်ပါက တစ်ရာဂရမ်အထိနှင့် အထက် အလေးချိန်ကို ဆိုပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက မူးယစ်ဆေးဝါး (သို့) စိတ်ကို ပြောင်းလဲစေသောဆေးဝါးအတွက် အခါအားလျော်စွာ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသည့် အလေးချိန် ပမာဏ (သို့) အရေအတွက်လဲ ပါပါတယ်။

**အမှုသည်။ ပုဒ်မ (၂၀) ကို ရှင်းပြပေးစေလိုပါတယ်။**

**ရှေ့နေ။** မူးယစ်ဆေးဝါး (သို့) စိတ်ကို ပြောင်းလဲစေသောဆေးဝါးကို (က) ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း (ခ) ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း ယင်းသို့ တင်သွင်းခြင်း တင်ပို့ခြင်း ပြုလုပ်ရန် ဆက်သွယ်ခြင်းကို ဆိုလိုပါတယ်။

**အမှုသည်။ ပုဒ်မ (၂၀) ရဲ့ ပြစ်ဒဏ်များသိချင်ပါတယ်။**

**ရှေ့နေ။** ပုဒ်မ (၂၀) ကို ကျူးလွန်ရင် ထောင်ဒဏ် အနည်းဆုံး ၁၅ နှစ်မှ အများဆုံးနှစ်အကန့်အသတ်မရှိ အထိ ဖြစ်စေ၊ သေဒဏ်ဖြစ်စေ ချမှတ်ရပါမယ်။

**အမှုသည်။ ပုဒ်မ (၂၁) ကို သိခွင့်ရချင်ပါတယ်။**

**ရှေ့နေ။** ဘယ်သူမဆို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ (မူး/စိတ်/ပြောင်း) ဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ စည်းရုံးခြင်း၊ စီမံခန့်ခွဲခြင်း၊ ငွေကြေးထောက်ပံ့ခြင်းပြုလျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီလျှင်ဖြစ်စေ ငြိစွန်းတဲ့ ပုဒ်မဖြစ်ပါတယ်။ အရပ်သုံးပြောရရင် (အားပေးကူညီမှု)ပါ။

**အမှုသည်။ ပုဒ်မ (၂၁) အတွက် ပြစ်ဒဏ်ဘယ်လိုပါလဲ။**

**ရှေ့နေ။** ယင်းပြစ်မှုအတွက် မူး/စိတ်/ပြောင်း ဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ပြစ်ဒဏ်ချမှတ်ခြင်းခံရပါမယ်။

**အမှုသည်။ ပုဒ်မ (၂၂) ရှင်းပြပေးစေလိုပါတယ်။**

**ရှေ့နေ။** ပုဒ်မ ၁၆ မှ ၂၁ အထိ ပြဋ္ဌာန်းထားတဲ့ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ရာမှာ(က)မူးယစ်ဆေးဝါး (သို့) စိတ်ကို ပြောင်းလဲစေသော ဆေးဝါးမှုခင်းများ ကျူးလွန်သည့် ပြည်တွင်း ပြည်ပ ဂိုဏ်းအုပ်စု၏ အဖွဲ့ဝင်ဖြစ်ခြင်း (သို့) ထိုဂိုဏ်းအုပ်စုများနှင့် ဆက်သွယ်ပြီး ပါဝင်ကျူးလွန်ခြင်း၊ (ခ) လက်နက် (သို့) ပေါက်ကွဲစေသော ဝတ္ထုပစ္စည်းများကို ကိုင်တွယ်အသုံးပြု၍ ကျူးလွန်ခြင်း၊ (ဂ) ကျူးလွန်သည့် ပြစ်မှုတွင် အသက် ၁၆ နှစ်မပြည့်သေးသော ကလေးသူငယ်ကို အသုံးချခြင်း၊ (ဃ) ပြည်သူ့ဝန်ထမ်း၏ရာထူး အရှိန်အဝါ (သို့) လုပ်ပိုင်ခွင့်ကို အသုံးချ၍ ပြစ်မှုကျူးလွန်ခြင်း (သို့) ပြစ်မှုကျူးလွန်စေခြင်းတို့ ဖြစ်ပါတယ်။

**အမှုသည်။ ပုဒ်မ (၂၂) အတွက် ပြစ်ဒဏ်က ဘယ်လိုပါလဲ။**

**ရှေ့နေ။** ပုဒ်မ (၂၂) ပါ အပိုဒ် (က) မှ (ဃ) ပါ တစ်ရပ်ရပ်ဖြင့် ကျူးလွန်ခြင်း ဖြစ်လျှင် ပြစ်မှုကျူးလွန်သူသည် ထိုကျူးလွန်သော ပြစ်မှုအတွက် ပုဒ်မ ၁၆ မှ ၂၁ အထိ ပြဋ္ဌာန်းထားသည့် အများဆုံး ပြစ်ဒဏ်ကို ချမှတ်ခြင်း ခံရပါမယ်။

**အမှုသည်။ ပုဒ်မ (၂၃) ဆိုတာ ဘာပါလဲ။**

**ရှေ့နေ။** ပုဒ်မ ၁၆ မှ ၂၁ အထိ ပြဋ္ဌာန်းထားသော ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်က ယင်းပြစ်မှုဖြင့် ပြစ်ဒဏ်စီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သော ပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရပါမယ်။

**အမှုသည်။ မူးယစ်ဆေးဝါးဟာ မြန်မာနိုင်ငံကို ဘယ်လိုဆိုးကျိုးပေးပါသလဲ။**

**ရှေ့နေ။** မူးယစ်ဆေးဝါးဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်စေမယ့် အခြေခံအရင်းအမြစ်တွေ ဖြစ်တယ်။ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝမြင့်တင်ခြင်း၊ ပညာရည်မြင့်မားစေခြင်း၊ ကျန်းမာကြံ့ခိုင်စေခြင်း၊ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေးမြင့်မားစေခြင်းတို့ကို အဟန့်အတား ဖြစ်စေပါမယ်။

**အမှုသည်။ ဒါဆို မူးယစ်ဆေးဝါးကို ဝိုင်းဝန်းတိုက်ဖျက်ကြရမှာပေါ့။**

**ရှေ့နေ။** မှန်တာပေါ့၊ တိုက်ဖျက်တဲ့နေရာမှာ နိုင်ငံသားတစ်ဦးချင်းစီရဲ့ မဖြစ်မနေတာဝန်လို့ ခံယူရပါမယ်။

**"ပုဒ်မ ၁၆ မှ ၂၁ အထိ ပြဋ္ဌာန်းထားတဲ့ ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ရာမှာ (က) မူးယစ်ဆေးဝါး (သို့) စိတ်ကို ပြောင်းလဲစေသောဆေးဝါးမှုခင်းများ ကျူးလွန်သည့် ပြည်တွင်းပြည်ပ ဂိုဏ်းအုပ်စု၏ အဖွဲ့ဝင်ဖြစ်ခြင်း (သို့) ထိုဂိုဏ်းအုပ်စုများနှင့် ဆက်သွယ်ပြီး ပါဝင်ကျူးလွန်ခြင်း၊ (ခ) လက်နက် (သို့) ပေါက်ကွဲစေသော ဝတ္ထုပစ္စည်းများကို ကိုင်တွယ်အသုံးပြု၍ ကျူးလွန်ခြင်း၊ (ဂ) ကျူးလွန်သည့်ပြစ်မှုတွင် အသက် ၁၆ နှစ် မပြည့်သေးသော ကလေးသူငယ်ကို အသုံးချခြင်း၊ (ဃ) ပြည်သူ့ဝန်ထမ်း၏ရာထူး အရှိန်အဝါ (သို့) လုပ်ပိုင်ခွင့်ကိုအသုံးချ၍ ပြစ်မှုကျူးလွန်ခြင်း (သို့) ပြစ်မှုကျူးလွန်စေခြင်းတို့ဖြစ်"**

ကိုးကား ။ ။ ၂၀၁၈ ခုနှစ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်သူများသိရှိလိုက်နာရန် အသိပေးကြေညာချက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**အမိန့်အမှတ်(၃၁/၂၀၂၀)**
**၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်**
**၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၀ ရက်**

## ပြည်သူများသိရှိလိုက်နာရန် အသိပေးကြေညာချက်ထုတ်ပြန်ခြင်း

၁။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လဒုတိယပတ်အတွင်း ရခိုင်ပြည်နယ်၌ ပြည်တွင်းကူးစက်မှုဟု သုံးသပ်ရသော COVID-19 ရောဂါအတည်ပြုလူနာများတွေ့ရှိခဲ့ရပြီး ၎င်းတို့မှ ဆင့်ပွားကူးစက်သူအချို့သည် အခြားသောတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များသို့ ပျံ့နှံ့ရောက်ရှိခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်တားဆီးနိုင်ရေးအတွက် ရောဂါဖြစ်ပွားလျက်ရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်သူများနှင့် မန္တလေးတိုင်းဒေသကြီးမှ ရောဂါဖြစ်ပွားလျက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးသို့ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

၂။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အမိန့်အမှတ်(၉၇/၂၀၂၀)၊ အမိန့်အမှတ် (၁၀၀/၂၀၂၀)နှင့် အမိန့်အမှတ်(၁၀၂/၂၀၂၀)ဖြင့် အောက်ပါမြို့နယ်များကို နေအိမ်တွင် နေထိုင်ရေး (Stay at Home)အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့ပြီး ဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်ရှိမြို့နယ်အားလုံး
(ခ) သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဂ) အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဃ) မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(င) သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(စ) လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဆ) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဇ) မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဈ) တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ည) တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဋ) မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဌ) ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဍ) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဎ) လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဏ) စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(တ) ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ထ) မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဒ) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဓ) ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(န) ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ပ) ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဖ) ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဗ) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဘ) အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(မ) ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ယ) ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ရ) ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(လ) လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(ဝ) လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၃။ မန္တလေးတိုင်းဒေသကြီးတွင် Coronavirus Disease 2019 (COVID-19) ရောဂါကာကွယ်တားဆီးနိုင်ရေးအတွက် နေအိမ်တွင်နေထိုင်ရေး(Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့်မြို့နယ်များမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်သူများနှင့် မန္တလေးတိုင်းဒေသကြီးမှ နေအိမ်တွင် နေထိုင်ရေး (Stay at Home)အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့်မြို့နယ်များသို့ သွားရောက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးသို့ ပြန်လည်ဝင်ရောက်လာသူများအား အောက်ပါအချက်များကို စိစစ်ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်လိုက်သည်-

**(က) နေအိမ်တွင်နေထိုင်ရေး (Stay at Home)အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့်မြို့နယ်များမှ လာရောက်သူများ**

(၁) မည်သည့်အကြောင်းကိစ္စဖြင့်လာရောက်သည်ဖြစ်စေ မိမိနေထိုင်ရာမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် နေထိုင်ကြောင်း ထောက်ခံစာယူဆောင်လာရန်၊

(၂) တိုင်း/ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူတစ်ဦးဦး၏ ခွင့်ပြုချက်မပါရှိဘဲ လာရောက်ပါက သို့မဟုတ် လာရောက်ရန်ခေါ်ယူကြောင်း အကြောင်းကြားစာ ပြသနိုင်ခြင်းမရှိဘဲ လာရောက်ပါက တိုင်းဒေသကြီးမှပြင်ဆင်ထားသော Community Based Facility Quarantine Center များတွင် (၁၄)ရက်နေထိုင်၍ Quarantine ကာလအတွင်း ခတ်ခွဲနမူနာ (၂)ကြိမ် ရယူစစ်ဆေးမှုကို ခံယူကာ ခတ်ခွဲအဖြေတွင် ရောဂါပိုးမတွေ့ရှိပါက Home Quarantine သို့မဟုတ် Community Based Facility Quarantine နေရာတွင် (၇) ရက် နေထိုင်ပြီးမှသာ မန္တလေးတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်ရန်၊

(၃) နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့် မြို့နယ်များတွင် နေထိုင်သော်လည်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်ရန် အကြောင်းကြားစာရရှိသူများအနေဖြင့် သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇) ရက်နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင် လည်းကောင်း၊ (၅) ရက်မြောက်နေ့တွင် လည်းကောင်း နှာခေါင်း၊ အာခေါင် တို့ဖတ်နမူနာ (Swab) ရယူစစ်ဆေးမှု ခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာ နေရာဒေသသို့ သွားရောက်ရန်၊

(၄) နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့် မြို့နယ်များတွင် နေထိုင်သော်လည်း ၎င်းတို့နှင့် သက်ဆိုင်သောလုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံအခြေစိုက်နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇)ရက် နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင် လည်းကောင်း၊ (၅) ရက်မြောက်နေ့တွင် လည်းကောင်း နှာခေါင်း၊ အာခေါင် တို့ဖတ်နမူနာ (Swab) ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာနေရာဒေသသို့ သွားရောက်ရန်၊

(၅) နေအိမ်တွင်နေထိုင်ရေး(Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း သတ်မှတ်ထားသည့် မြို့နယ်များတွင် နေထိုင်သော်လည်း တာဝန်ထမ်းဆောင်ရန် မြို့နယ်ပြင်ပသို့ သွားလာခွင့်ရှိသည့် အဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ ဝန်ထမ်းများ မန္တလေးတိုင်းဒေသကြီးရှိ ၎င်းတို့နှင့်သက်ဆိုင်သော လုပ်ငန်းများဆောင်ရွက်ရန် လာရောက်လိုပါက သတ်မှတ်ထားသော Community Based Facility Quarantine နေရာတွင် (၇)ရက်နေထိုင်၍ Quarantine ဝင်ရောက်ပြီး နောက်တစ်ရက်တွင်လည်းကောင်း၊ (၅) ရက်မြောက်နေ့တွင်လည်းကောင်း နှာခေါင်း၊ အာခေါင် တို့ဖတ်နမူနာ (Swab) ရယူစစ်ဆေးမှုခံယူကာ ရောဂါမရှိကြောင်း အဖြေရရှိမှသာ သက်ဆိုင်ရာနေရာဒေသသို့ သွားရောက်ရန်။

**(ခ) မန္တလေးတိုင်းဒေသကြီးမှ နေအိမ်တွင်နေထိုင်ရေး (Stay at Home) သတ်မှတ်ထားသည့်မြို့နယ်များသို့ သွားရောက်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးသို့ ပြန်လည်ဝင်ရောက်လာသူများ**

(၁) မန္တလေးတိုင်းဒေသကြီးသို့ ပြန်လည်ဝင်ရောက်လာပါက မည်သည့်မြို့နယ်များသို့ သွားရောက်ခဲ့သည်ကို အထောက်အထားဖြင့် တင်ပြရန်၊

(၂) မည်သည့်မြို့နယ်များသို့ သွားရောက်ခဲ့ကြောင်း အထောက်အထားခိုင်လုံစွာ မတင်ပြနိုင်သူများ၊ နေအိမ်တွင်နေထိုင်ရေး (Stay at Home) သတ်မှတ်ထားသော မြို့နယ်များသို့ သွားရောက်ခဲ့သူများကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် ပြင်ဆင်ထားသော Community Based Facility Quarantine နေရာများတွင် (၁၄) ရက် နေထိုင်၍ Quarantine ကာလအတွင်း ခတ်ခွဲနမူနာ (၂) ကြိမ် ရယူစစ်ဆေးမှုခံယူကာ ခတ်ခွဲအဖြေတွင် ရောဂါပိုး မတွေ့ရှိပါက Home Quarantine (၇) ရက် နေထိုင်ပြီးမှသာ မန္တလေးတိုင်းဒေသကြီးရှိ သက်ဆိုင်ရာမြို့နယ်ရှိ နေရပ်သို့ သွားရောက်ရန်။

၄။ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်သော မြို့နယ်များမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်သူများအနေဖြင့် မည်သူမဆို ခတ်ခွဲစစ်ဆေးရာ၌ ကုန်ကျမည့်စရိတ်အားလည်းကောင်း၊ Community Based Facility Quarantine ဝင်ရောက်နေစဉ်ကာလအတွင်း ကုန်ကျစရိတ်အားလည်းကောင်း နေပြည်တော်မှကောက်ခံသည့် နှုန်းထားအတိုင်း ကာယကံရှင်မှ ကျခံရမည်ဖြစ်ပါသည်။

၅။ နေအိမ်တွင်နေထိုင်ရေး(Stay at Home)အစီအစဉ်တွင် အကျုံးမဝင်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များမှ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်လိုသူများအနေဖြင့် မန္တလေးတိုင်းဒေသကြီး စစ်ဆေးရေးအဖွဲ့များ၏ ကျန်းမာရေးစစ်ဆေးမှုခံယူစေကာ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာဆေးရုံတွင် လိုအပ်သောဆေးကုသမှုကို ခံယူရန် ဖြစ်ပါသည်။

၆။ နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးမဝင်သော မြို့နယ်များမှ ပြန်လာသူများ၊ ရောဂါဖြစ်ပွားခြင်းမရှိသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များမှ ပြန်လာသူများအနေဖြင့် မန္တလေးတိုင်းဒေသကြီး စစ်ဆေးရေးအဖွဲ့များ၏ စစ်ဆေးမှုခံယူပြီး သံသယဖြစ်ဖွယ်ရောဂါလက္ခဏာ တွေ့ရှိပါက သက်ဆိုင်ရာဆေးရုံတွင် လိုအပ်သောဆေးကုသမှုကို ခံယူရန် ဖြစ်ပါသည်။

၇။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကုန်စည်စီးဆင်းမှုအတွက် ဝင်ထွက်သွားလာနေသည့် ကုန်တင်ယာဉ်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်နှင့် အခြားအရေးပေါ်ကိစ္စရပ်များမှအပ ခရီးသည် ပို့ဆောင်ရေးယာဉ်များအားလုံး၊ ဘုရားဖူးယာဉ်များအားလုံး၊ အပန်းဖြေခရီးသွားယာဉ်များအားလုံး၊ အလည်အပတ်သွားရောက်သည့်ယာဉ်များအားလုံးအနေဖြင့် ပြည်တွင်းခရီးသွားလာခြင်းကို မပြုလုပ်ကြရန်ဖြစ်ပါသည်။

၈။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း)တို့မှ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးသို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်လိုင်းများအနေဖြင့် မန္တလေးမြို့သို့ ဝင်ရောက်ခြင်းမပြုဘဲ အောက်ပါလမ်းများအတိုင်း သွားရောက်ရန် ဖြစ်ပါသည်-

(က) ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှလာသော ခရီးသည်တင်ယာဉ်များအနေဖြင့် တံတားဦးမှ တစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်းအတိုင်း ရန်ကုန်တိုင်းဒေသကြီးသို့ လည်းကောင်း၊

(ခ) ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးတို့မှလာသော ခရီးသည်တင်ယာဉ်များအနေဖြင့် ပခုက္ကူ-ကျောက်ပန်းတောင်းမှ တစ်ဆင့် ရန်ကုန်-မန္တလေးအမြန်လမ်းအတိုင်း ရန်ကုန်တိုင်းဒေသကြီးသို့ လည်းကောင်း၊

(ဂ) ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့မှလာသော ခရီးသည်တင်ယာဉ်များအနေဖြင့် ပျော်ဘွယ် (ဘုရားငါးဆူ)မှ တစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်းအတိုင်း ရန်ကုန်တိုင်းဒေသကြီးသို့ လည်းကောင်း၊

(ဃ) ရှမ်းပြည်နယ် (မြောက်ပိုင်း)မှလာသော ခရီးသည်တင်ယာဉ်များအနေဖြင့် ပြင်ဦးလွင်-တံတားဦးအဝိုင်းမှတစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်းအတိုင်း ရန်ကုန်တိုင်းဒေသကြီးသို့ လည်းကောင်း။

၉။ အထက်ပါကြေညာချက်များအား အများပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပြီး မည်သည့်မြို့သို့ သွားရောက်ခဲ့ကြောင်း တင်ပြရန်ငြင်းဆန်သူများနှင့် နေရပ်လိပ်စာလည်းဖော်ပြခြင်း၊ သွားရောက်ခဲ့သည့်နေရာများ မမှန်မကန်ဖြေကြားခြင်း၊ စစ်ဆေးမှုကို ကြည်ဖြူစွာ ပူးပေါင်းဆောင်ရွက်ခြင်းမရှိသူများအား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေပုဒ်မ (၂၅) အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၀။ သို့ဖြစ်ရာ ဤအသိပေးကြေညာချက်အား ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ(၁၀) ရက်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး နောက်ထပ်အမိန့်တစ်စုံတစ်ရာ မထုတ်ပြန်မီ အချိန်အထိ ဤအသိပေးကြေညာချက်သည် အတည်ဖြစ်ကြောင်းနှင့် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ (၆)ရက်ဖြင့်ထုတ်ပြန်ခဲ့သည့် အမိန့်အမှတ်(၃၀/၂၀၂၀)အား ဤအမိန့်ဖြင့် ကျော်လွှန်ပယ်ဖျက်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

**ဒေါက်တာဇော်မြင့်မောင်**
**ဝန်ကြီးချုပ်**

# ပခုက္ကူမြို့ဝင်ရောက်သည့် ခရီးသွားပြည်သူများ၏ ကိုယ်ရေးအချက်အလက်များအား စာရင်းကောက်ယူ

**ပခုက္ကူ စက်တင်ဘာ ၁၀**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်ကုသနိုင်ရေးတို့အတွက် ရန်ကုန်၊ မြင်းခြံနှင့် ပုဂံ-ညောင်ဦးမြို့များမှ ပခုက္ကူမြို့အတွင်းသို့ ဝင်ထွက် သွားလာခြင်း၊ ဖြတ်သန်းသွားလာခြင်းများ ပြုလုပ်ကြသည့် ခရီးသွားပြည်သူများ၏ ကိုယ်ရေးအချက်အလက်များကို ရေဝတီတံတား(ပခုက္ကူ) တွင် စစ်ဆေးရေးဂိတ်ဖွင့်လှစ်ကာ ဩဂုတ် ၃ ရက်က စတင်ပြီး စာရင်းကောက်ယူမှတ်တမ်းထားကြကြောင်း သိရသည်။

**စာရင်းကောက်ယူ**

ထိုသို့ဆောင်ရွက်ရာတွင် ပခုက္ကူမြို့မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ တံတားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာမြို့နယ်ရုံးမှ ဝန်ထမ်းများ၊ အမှတ်(၁၃) နှင့် (၁၄) ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့ပေါ်လူမှုရေးအဖွဲ့အစည်းမှ စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ၊ ကိုဗစ် - ၁၉ ရောဂါ ကူးစက်ဖြစ်ပွားနေသည့် မြို့များမှ ဝင်ရောက်လာသူများနှင့် အခြားတိုင်းဒေသကြီး/ပြည်နယ်များမှ ဝင်ရောက်လာသည့် မော်တော်ကား၊ ဆိုင်ကယ်များကို ရပ်တန့်စေပြီး ခရီးသွားပြည်သူများ၏ အမည်၊ ထွက်ခွာလာရာမြို့၊ ခရီးဆက်မည့် မြို့၊ နေရာများ၊ မှတ်ပုံတင်နံပါတ်၊ ဖုန်းနံပါတ်၊ ခရီးအတူသွားဦးရေတို့ကို စာရင်းကောက်ယူ မှတ်တမ်းတင် ကောက်ယူခဲ့သည်။

ယင်းနောက် နှာခေါင်းစည်းတပ်ဆင်သွားမှု မပြုသူများအား တပ်ဆင်သွားလာစေရန် သတိပေးဆောင်ရွက်ကြကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

# ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများကို ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် ဂျပန်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၃၃ ဦးအား မြန်မာသံရုံး၊ တိုကျိုမြို့မှ စီစဉ်သည့် (၇) ကြိမ်မြောက် All Nippon Airways (ANA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

ထို့ပြင် ကိုရီးယားသမ္မတနိုင်ငံ၌ သင်္ဘောဆင်း၍ JSM International Shipping Company Limited မှ စာချုပ်သက်တမ်း ကျော်လွန်ပြီး အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၄၀ တို့အား မြန်မာသံရုံး ဆိုးလ်မြို့နှင့် JSM International Shipping Company Limited တို့ ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) ကယ်ဆယ်ရေး အထူးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။ **(ဓာတ်ပုံ)**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# ကိုဗစ်-၁၉ ရောဂါကာကွယ် ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် လွယ်ဟိန်းကုမ္ပဏီက Alpine သောက်ရေသန့်ဘူး ငါးသိန်း ထပ်မံလှူဒါန်း



**ရန်ကုန် စက်တင်ဘာ ၁၀**

ကိုဗစ်-၁၉ ရောဂါကာကွယ် ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လွယ်ဟိန်းကုမ္ပဏီက ငွေကျပ်သိန်း ၁၁၇၀ တန်ဖိုးရှိ Alpine သောက်ရေသန့်ဘူး ငါးသိန်းကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ သွားရောက်လှူဒါန်းခဲ့သည်။

လွယ်ဟိန်းကုမ္ပဏီသည် ကိုဗစ်-၁၉ ရောဂါကာကွယ် ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် တတိယအကြိမ် လှူဒါန်းခြင်းဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဧပြီမှ စက်တင်ဘာအထိ ကျပ်သိန်း ၄၃၂၀ တန်ဖိုးရှိ ရေသန့်ဘူး စုစုပေါင်း ၂၃ သိန်း လှူဒါန်းထားပြီးဖြစ်သည်။ လွယ်ဟိန်းကုမ္ပဏီသည် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးများမှ တစ်ဆင့် လှူဒါန်းထားခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ သွားလာကန့်သတ်မှု ထိန်းချုပ်သည့်နေရာများနှင့် ရောဂါကုသနေသည့် ဆေးရုံများတွင် အသုံးပြုသောက်သုံးနိုင်ရန် လှူဒါန်းခဲ့ခြင်းဖြစ်သည်။ လွယ်ဟိန်းကုမ္ပဏီသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လုပ်ငန်းများတွင် အရေးပါသော လိုအပ်ချက်ဖြစ်သည့် သောက်ရေသန့်များကို ဧပြီတွင် ပထမအကြိမ်အဖြစ် ရေသန့်ဘူးပေါင်း ၁၀ သိန်း၊ ဇူလိုင်တွင် ဒုတိယအကြိမ်အဖြစ် ရေသန့်ဘူးပေါင်း ငါးသိန်း၊ ယခု စက်တင်ဘာတွင် တတိယအကြိမ်အဖြစ် ရေသန့်ဘူးပေါင်း ငါးသိန်းတို့ကို ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တစ်ဆင့် လှူဒါန်းခဲ့ခြင်းဖြစ်သည်။ ထို့ပြင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ တစ်ဆင့် မန္တလေးတိုင်းဒေသကြီး အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ရေသန့်ဘူးပေါင်း သုံးသိန်း လှူဒါန်းထားကြောင်း သိရသည်။

လွယ်ဟိန်းကုမ္ပဏီသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းများတွင် ဆက်လက် ပါဝင်ကူညီလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း - ရဲရင့်ရှိုင်း**
**ဓာတ်ပုံ - ဖိုးသော်ဇင်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများ၏ ဝန်ဆောင်မှုလုပ်ငန်းများ ခေတ္တရပ်ဆိုင်းမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်အရ COVID-19 ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရုံး(ရန်ကုန်)၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)တို့တွင် ဆောင်ရွက်ပေးလျက်ရှိသော မော်တော်ယာဉ်သက်တမ်းတိုးခြင်းနှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်း လုပ်ငန်းများကို ၁၁-၉-၂၀၂၀ ရက် သောကြာနေ့မှ စတင်၍ ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ပါကြောင်းနှင့် အခြေအနေတည်ငြိမ်မှသာ ပုံမှန်ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး ဖွင့်လှစ်နိုင်မည့်ရက်အား ကြိုတင်အသိပေးကြေညာသွားမည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးတင်ပြအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## "နိုင်ငံ၏တန်ဖိုး လူမျိုး၏ဂုဏ်သိက္ခာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

**နေပြည်တော် စက်တင်ဘာ ၁၀**

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **"နိုင်ငံ၏တန်ဖိုး လူမျိုး၏ ဂုဏ်သိက္ခာ"**ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုများ၊ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်မှုများ၊ နိုင်ငံသားတို့၏ စည်းကမ်းပြည့်ဝမှုများနှင့် လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြိုင်ပွဲတွင် မြန်မာနိုင်ငံသားမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။
(ခ) ဓာတ်ပုံမှာ မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံဖြစ်ရမည်။
(ဂ) ပြိုင်ပွဲဓာတ်ပုံအရွယ်အစားမှာ (၁၀ လက်မ x ၁၅ လက်မ) အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်သည်။
(ဃ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။
(င) ဒီဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများအား ပြိုင်ပွဲသို့ ယှဉ်ပြိုင်ခြင်းမပြုရ။
(စ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများ မဖြစ်စေရ။
(ဆ) ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပေးပို့ရာတွင် ဓာတ်ပုံအရွယ်အစား၊ (၁၀ လက်မ x ၁၅ လက်မ) ဓာတ်ပုံ Hard Copy နှင့် Soft Copy (CD) ကို ပူးတွဲပေးပို့ရမည်။
(ဇ) ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။
(ဈ) ပြိုင်ပွဲဝင်ဓာတ်ပုံတိုင်းတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံတိုင်း၏ နောက်ကျော၌ သီးခြားစက္ကူဖြင့် ကပ်ပြီး တစ်ပါတည်း ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ငါးသိန်းကျပ်၊ ဒုတိယဆု သုံးသိန်းငါးသောင်းကျပ်၊ တတိယဆု နှစ်သိန်းကျပ်နှင့် အထူးဆု တစ်သိန်းကျပ်စီ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးကျော်ဇင်စိုး၊ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ၎င်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများကို ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်း ဩဂုတ်လအတွင်း တစ်ရက်ပျမ်းမျှ ငွေကျပ် ၄၇ သန်းဖိုး အရောင်းအဝယ်ဖြစ်ခဲ့

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန်စတော့အိတ်ချိန်း၌ ဩဂုတ်လအတွင်း တစ်ရက်လျှင် ပျမ်းမျှ မြန်မာငွေကျပ် ၄၇ သန်းဖိုး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။

ဩဂုတ်လအတွင်း Normal Trade ဖြင့် ရှယ်ယာပေါင်း ၁၁၈၈၅၀ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ငွေပမာဏအားဖြင့် ကျပ် ၇၄၇ ဒသမ ၅ သန်းဖိုး အရောင်းအဝယ်ဖြစ်ခဲ့သည်။ Block Trading စနစ်ဖြင့် ၅၄၈၇၄ စု အရောင်းအဝယ်ဖြစ်ခဲ့ကာ ငွေတန်ဖိုးအားဖြင့် ၁၉၇ ဒသမ ၄၅ သန်းအရောင်းအဝယ်ဖြစ်ခဲ့သည်။ စုစုပေါင်း ၉၄၄ ဒသမ ၉၅ သန်းဖိုး အရောင်းအဝယ်ဖြစ်ခဲ့၍ တစ်ရက်လျှင်ပျမ်းမျှ ကျပ် ၄၇ သန်းဖိုး အရောင်းအဝယ်ရှိခဲ့ကြောင်း သိရသည်။

ဩဂုတ်လအတွင်းဖြစ်ပေါ်ခဲ့သော ဈေးကွက်အခြေအနေနှင့်ပတ်သက်၍ ရန်ကုန်စတော့အိတ်ချိန်း အမှုဆောင် အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးက "ဇူလိုင်လနဲ့နှိုင်းယှဉ်ရင်တော့ အရောင်းအဝယ်ပမာဏက ၅ ရာခိုင်နှုန်းလောက် ကျဆင်းခဲ့တာကို တွေ့ရပါတယ်"ဟု ပြောသည်။ စတော့အညွှန်းကိန်း MYANPIX မှာ ၄၂၉ မှ ၄၄၈ အကြားရှိခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းမှ နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသော YSX EXPO ပွဲကြီးကို ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ ကိုဗစ်-၁၉ ကူးစက်မှုကြောင့် လူစုလူဝေးဖြင့် ကျင်းပရသည့် အခမ်းအနားပုံစံမျိုး မဟုတ်ဘဲ Web Based Online Platform တစ်ခုကို အသုံးပြုပြီး ဒီဂျစ်တယ်ပြပွဲပုံစံဖြင့် စက်တင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်များတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကံထူးရှင်**

YSX EXPO 2020 (1st Online Exhibition and Live Seminar)နှင့် (Live) ဆွေးနွေးပွဲအတွက် မှတ်ပုံတင် စာရင်းပေးသွင်းသူများအနက်မှ ဖုန်းဘေလ်ကံစမ်းမဲ အစီအစဉ်အဖြစ် ကံထူးရှင် ဦးရေ ၁၀၀ အတွက် ဖုန်းဘေလ်များကို Random စနစ်ဖြင့် ရွေးချယ်ပေးမည်ဖြစ်ပြီး https://ysx.expo2020.online (သို့) https:// ysx.expo.online များသို့ အမြန်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၀-၉-၂၀၂၀) ရက်နေ့၊ ည(၈:၀၀) နာရီ

၁။ (၁၀-၉ -၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲ စစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၁,၀၂၆)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၃၇၄) ခု
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၃၉၂) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၅) ခု၊
- စုစုပေါင်း (၂,၀၄၇)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄၂) ဦး တွေ့ရှိရပါသည်။

၂။ (၁၀-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာ (၂,၁၅၀) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များအနက် ဆေးရုံဆင်းလူနာ (၇၂) ဦးရှိသဖြင့် စုစုပေါင်း (၆၂၅) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၄။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၁၄) ဦး ရှိပါသည်။

၅။ (၉-၉-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၀-၉-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၂၉) ဦးရှိပါသည်။

၆။ ဓာတ်ခွဲစစ်ဆေးမှုများပြီးစီးချိန်နှင့် သတင်းထုတ်ပြန်ချိန်အကြား အချိန်တိုတောင်းခြင်းကြောင့် ဓာတ်ခွဲအတည်ပြုလူနာသစ်များ၏ သတင်းအချက်အလက်များကို ထပ်မံထုတ်ပြန်မည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၀-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁,၀၂၆) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၄) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၉၂) ခု |
| (၁၀-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၅) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၁၄၂) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၀-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁၄၂) ဦး | (၂,၁၅၀) ဦး |
| ဆေးရုံဆင်း (Discharge) | (၇၂) ဦး | (၆၂၅) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၁၄) ဦး |

❍ *ကျောဖုံးမှ*

- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၄၂) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၃၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၁၀) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၁) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉၆) ခု၊

စုစုပေါင်း (၃,၄၁၅) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၂၀၂) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြု လူနာသစ် (၈၂) ဦး တွေ့ရှိကြောင်းကို (၉-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီး ဖြစ်ပါသည်။)

၄။ COVID-19 ကုသရေးဌာန (ဖောင်ကြီး) တွင် တက်ရောက်ကုသမှုခံယူလျက်ရှိကြသည့် အသက် (၅၅) နှစ်အရွယ် ဆီးချိုရောဂါနှင့် သွေးတိုးရောဂါ အခံရှိသူ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာအမျိုးသမီး (Case – 1590) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက်အသက်ရှူလမ်းကြောင်း ပျက်စီးခြင်း၊ ရုတ်တရက်နှလုံးရပ်ခြင်းကြောင့် (၉-၉-၂၀၂၀) ရက်နေ့၊ ည (၁၁:၄၅) နာရီအချိန်တွင်လည်းကောင်း၊ အသက် (၄၅) နှစ်အရွယ် ဆီးချိုရောဂါအခံရှိသူ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ အမျိုးသား (Case – 1491) သည် ပြင်းထန်အဆုတ်ရောင်ရောဂါကြောင့် ရုတ်တရက် အသက်ရှူလမ်းကြောင်း ပျက်စီးခြင်း၊ နှလုံးကြွက်သားရောင်ရမ်းခြင်းကြောင့် (၁၀-၉-၂၀၂၀) ရက်နေ့၊ နံနက် (၂:၅၀) နာရီ အချိန်တွင်လည်းကောင်း သေဆုံးသွားခဲ့ကြပါသည်။

၅။ သို့ဖြစ်ရာ (၁၀-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအချိန်အထိ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာများအနက် သေဆုံးသူ (၁၄) ဦး ရှိပြီဖြစ်ပါသည်။

၆။ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၀၂) ဦးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

(၉-၉-၂၀၂၀)ရက်နေ့အတွက် ထပ်မံစစ်ဆေးခဲ့သော ဓာတ်ခွဲနမူနာ(၂၁၈၉) ခု အနက် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၂၀) ဦး တွေ့ရှိရမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | တာမွေမြို့နယ် | ၅ |
| | | မြောက်ဥက္ကလာပမြို့နယ် | ၃ |
| | | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် | ၃ |
| | | လှိုင်သာယာမြို့နယ် | ၃ |
| | | သဃ်န်းကျွန်းမြို့နယ် | ၇ |
| | | ကြည့်မြင်တိုင်မြို့နယ် | ၂ |
| | | မရမ်းကုန်းမြို့နယ် | ၃ |
| | | ဒလမြို့နယ် | ၂ |
| | | ကော့မှူးမြို့နယ် | ၂ |
| | | ကမာရွတ်မြို့နယ် | ၁ |
| | | ဗဟန်းမြို့နယ် | ၁ |
| | | စမ်းချောင်းမြို့နယ် | ၁ |
| | | ဒေါပုံမြို့နယ် | ၁ |
| | | အင်းစိန်မြို့နယ် | ၁ |
| | | လှိုင်မြို့နယ် | ၂ |
| | | မင်္ဂလာတောင်ညွန့်မြို့နယ် | ၁ |
| | | ကျောက်တံတားမြို့နယ် | ၁ |
| | | လမ်းမတော်မြို့နယ် | ၁ |
| | | လသာမြို့နယ် | ၁ |
| | | ရန်ကင်းမြို့နယ် | ၁ |
| | | တောင်ဥက္ကလာပမြို့နယ် | ၂ |
| | | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် | ၄ |
| | | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် | ၂ |
| | | ဆိပ်ကြီးခနောင်တိုမြို့နယ် | ၁ |
| ၂။ | နေပြည်တော် | ဒက္ခိဏသီရိမြို့နယ် | ၃ |
| | | ဇမ္ဗူသီရိမြို့နယ် | ၁ |
| ၃။ | မန္တလေးတိုင်းဒေသကြီး | ပုသိမ်ကြီးမြို့နယ် | ၁ |
| | | မိတ္ထီလာမြို့နယ် | ၁ |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေးမြို့နယ် | ၁ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | ဖျာပုံမြို့နယ် | ၅ |
| | | မအူပင်မြို့နယ် | ၃ |
| | | ဘိုကလေးမြို့နယ် | ၁ |
| ၆။ | မကွေးတိုင်းဒေသကြီး | နတ်မောက်မြို့နယ် | ၂ |
| | | မြိုင်မြို့နယ် | ၁ |
| ၇။ | ရခိုင်ပြည်နယ် | စစ်တွေမြို့နယ် | ၃၁ |
| | | ကျောက်ဖြူမြို့နယ် | ၁၂ |
| | | ကျောက်တော်မြို့နယ် | ၃ |
| ၈။ | ကချင်ပြည်နယ် | ဗန်းမော်မြို့နယ် | ၁ |
| ၉။ | မွန်ပြည်နယ် | မော်လမြိုင်မြို့နယ် | ၁ |
| | | ကျိုက်ထိုမြို့နယ် | ၁ |
| | | မုဒုံမြို့နယ် | ၁ |
| စုစုပေါင်း | | | ၁၂၀ |

**COVID-19 ရောဂါအတွက်**
**ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၁၀-၉-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၉-၉-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ (ဒုတိယအသုတ်) | (၁,၅၈၃) ခု |
| (၉-၉-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ (ဒုတိယအသုတ်) | (၉၃) ခု |
| (၉-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ (ဒုတိယအသုတ်) | (၂၇၈) ခု |
| (၉-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ (ဒုတိယအသုတ်) | (၆၄) ခု |
| (၉-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ | (၆၃) ခု |
| (၉-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ | (၄၂) ခု |
| (၉-၉-၂၀၂၀) ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး၊ ခုတင် (၁၀၀၀) မှ | (၃၄) ခု |
| (၉-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ | (၁၀) ခု |
| (၉-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ | (၈) ခု |
| (၉-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ | (၅) ခု |
| (၉-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ | (၄) ခု |
| (၉-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့မှ | (၄) ခု |
| (၉-၉-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ | (၁) ခု |
| (၉-၉-၂၀၂၀) ရက်နေ့တွင် ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၂,၁၈၉) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၁၂၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၁၀-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၁၂၀) ဦး | (၂,၀၀၉) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ (discharged) | (၀) ဦး | (၅၅၃) ဦး |
| သေဆုံးလူနာ (death) | (၂) ဦး | (၁၄) ဦး |

## ဟသ်ာတမြို့နယ်၌ ကျေးလက်နေပြည်သူများ ဝင်ငွေရရေး စီမံကိန်းဖြင့်ဆောင်ရွက်သော ကျေးရွာတွင်း လမ်းခင်းခြင်းနှင့် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ဟင်္သာတ စက်တင်ဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသည့်ကာလတွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးထိခိုက်မှုများအပေါ် ပြန်လည်ကုစားပေးနိုင်ရန် ကျေးလက်နေပြည်သူများ ဝင်ငွေရရေးစီမံကိန်းဖြင့် ဆောင်ရွက်သော ကျူတောအင်းကျေးရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်းလုပ်ငန်းနှင့် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါကျေးရွာတွင် စီမံကိန်းရန်ပုံငွေမှ ရရှိသည့် ငွေကျပ်သိန်း ၁၀၀ ဖြင့် စီမံကိန်းကော်မတီက ကြီးကြပ်လုပ်ဆောင်ခြင်းဖြစ်ပြီး ကျေးရွာနေပြည်သူများ ဝင်ငွေရရှိစေရန် စီမံကိန်းတွင် ပါဝင်လုပ်ကိုင် ဆောင်ရွက်နေသူများကို တစ်နေ့လုပ်အားခ ငွေကျပ် ၆၀၀၀ ပေးချေခြင်းစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ခံဝန်ထမ်းများက စီမံကိန်းပါမူဘောင်များနှင့်အညီ ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး အဆင့်မြင့်တင်ဆောင်ရွက်ပြီးစီးသည့် ကျေးရွာတွင်းလမ်းကို ရေရှည်အသုံးပြုသွားလာနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန်တို့ကို ဒေသခံစီမံကိန်းလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအား တွေ့ဆုံမှာကြားသည်။

**အေးထွန်း (ဟင်္သာတ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၀**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက် ဖြစ်ပေါ်နေမည်။ နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## (၉-၉-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု (၁၀-၉-၂၀၂၀) ရက်နေ့၊ ညနေ (၅:၀၀) နာရီ

| လူနာအမှတ်စဉ် | အသက် (နှစ်) | ကျား/ မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 1808 | ၁၁ | မ | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-1267) | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1809 | ၃၂ | ကျား | မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ရှိ (Case-1475) | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့နယ် | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1810 | ၃၃ | ကျား | အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | မရှိ | ကန်တော်နဒီ ကူးစက်ဆေးရုံ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ မန္တလေးမြို့) |
| 1811 | ၃၆ | ကျား | သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တပ်မတော်အသည်းရောဂါအထူးကု ဆေးရုံကြီး၊ ရန်ကုန် | တွေ့ရှိ | စောင့်ကြည့်လူနာ (တပ်မတော် ကိုယ်ခန္ဓာပြန်လည် သန်စွမ်းရေးဆေးရုံ) |
| 1812 | ၅၃ | ကျား | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး မော်လမြိုင်မြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့) |
| 1813 | ၂၇ | ကျား | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | ရှိ (Case-916) | မရှိ | ပြည်သူ့ဆေးရုံကြီး မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1814 | ၅၂ | ကျား | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | ရှိ (Case-916) | မရှိ | ပြည်သူ့ဆေးရုံကြီး မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1815 | ၅၄ | မ | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | ရှိ (Case-916) | မရှိ | ပြည်သူ့ဆေးရုံကြီး မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1816 | ၃၅ | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1817 | ၂၅ | ကျား | မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1818 | ၂၃ | ကျား | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1819 | ၅၆ | မ | ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အထွေထွေ ရောဂါကု ဆေးရုံသစ်ကြီး) |
| 1820 | ၂၃ | မ | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1821 | ၅၀ | ကျား | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 1822 | ၂၀ | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 1823 | ၃၅ | မ | ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 1824 | ၂၂ | မ | ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီအထူးကု ဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အရှေ့ပိုင်း ဆေးရုံကြီး) |
| 1825 | ၂၄ | ကျား | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီး) |
| 1826 | ၃၂ | ကျား | တာမွေမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1230) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1827 | ၂၅ | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1230) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1828 | ၃၉ | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1230) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1829 | ၃၉ | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1230) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1830 | ၂၄ | မ | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1081) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1831 | ၆၇ | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-595) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1832 | ၂၃ | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-595) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1833 | ၂၈ | မ | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1230) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1834 | ၃၁ | မ | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1230) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1835 | ၅၃ | ကျား | စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1387) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1836 | ၂၇ | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1454, 1455) | ရှိ (ယူအေအီး) | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1837 | ၂၃ | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1454, 1455) | ရှိ (ယူအေအီး) | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1838 | ၅၇ | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1454, 1455) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1839 | ၆၀ | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1345) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1840 | ၂၄ | မ | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1841 | ၅၀ | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1345) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1842 | ၅၂ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1843* | ၄၂ | ကျား | ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1844 | ၅၅ | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1845 | ၅၁ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1846* | ၆၆ | ကျား | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1847 | ၄၁ | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ်၊ | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1848 | ၃၇ | ကျား | ပုဏ္ဏားကျွန်းမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1849 | ၃၂ | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ်၊ | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1850 | ၃၅ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1851 | ၂၂ | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1852 | ၄၀ | ကျား | ပုဏ္ဏားကျွန်းမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1853 | ၂၁ | ကျား | ပုဏ္ဏားကျွန်းမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1854 | ၂၀ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1855 | ၂၃ | ကျား | ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1856 | ၃၇ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1857 | ၆၁ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1858 | ၅၀ | ကျား | ပုဏ္ဏားကျွန်းမြို့နယ် ရခိုင်ပြည်နယ် | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကြည့်မြင်တိုင်မြို့နယ်) |
| 1859 | ၂၇ | မ | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ထန်းတပင် အလုပ်သမား ဆေးရုံ) |
| 1860 | ၁၈ | မ | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ထန်းတပင် အလုပ်သမား ဆေးရုံ) |
| 1861 | ၁၈ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-437, 438) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1862 | ၅၂ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-421) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1863 | ၂၇ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-444) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1864 | ၂၂ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-428) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1865 | ၂၀ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-428) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1866 | ၂၃ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-428) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1867 | ၂၄ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-428) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1868 | ၃၃ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့) |
| 1869 | ၅၂ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1870 | ၅၉ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1871 | ၄၃ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့) |
| 1872 | ၉ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-1600) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1873 | ၃၈ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-1600) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1874 | ၇၂ | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-480) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1875 | ၅၈ | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-480) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1876 | ၅၁ | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-480) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1877 | ၄၈ | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-605) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1878 | ၁၈ | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-650) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1879 | ၃၆ | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-650) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1880 | ၈ | ကျား | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-650) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1881 | ၅၉ | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-650) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1882 | ၅၀ | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-684) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

| လူနာ အမှတ်စဉ် | အသက် (နှစ်) | ကျား/ မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 1883 | ၇၆ | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-697) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1884 | ၃၀ | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-605) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1885 | ၂၃ | မ | ကျောက်ဖြူမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-505) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1886* | ၃၉ | ကျား | ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော် | ရှိ (Case-1464) | မရှိ | နေပြည်တော်ပြည်သူ့ ဆေးရုံကြီး (ခုတင် ၁၀၀၀) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1887* | ၃၅ | ကျား | ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော် | ရှိ (Case-1464) | မရှိ | နေပြည်တော်ပြည်သူ့ ဆေးရုံကြီး (ခုတင် ၁၀၀၀) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1888 | ၂၄ | ကျား | ဇမ္ဗူသီရိမြို့နယ် နေပြည်တော် | မရှိ | မရှိ | နေပြည်တော်ပြည်သူ့ ဆေးရုံကြီး (ခုတင် ၁၀၀၀) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1889* | ၁၆ | မ | စစ်တွေမြို့နယ် ရခိုင်ပြည်နယ် | ရှိ (Case-406, 407) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1890* | ၁၉ | ကျား | မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-560) | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မောင်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1891* | ၆၅ | မ | မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-560) | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မောင်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1892* | ၂၀ | ကျား | နတ်မောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး | ရှိ (Case-1061, 1062) | မရှိ | သင်ကြားရေး ဆေးရုံကြီး မကွေးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1893* | ၁၈ | ကျား | နတ်မောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး | ရှိ (Case-1061, 1062) | မရှိ | သင်ကြားရေး ဆေးရုံကြီး မကွေးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1894* | ၂၃ | ကျား | မြိုင်မြို့နယ်၊ မကွေးတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး ပခုက္ကူမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1895 | ၃၀ | မ | ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ဖျာပုံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1896 | ၄၂ | မ | ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ရှိ (Case-1310) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ဖျာပုံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1897* | ၁၇ | မ | ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ရှိ (Case-1310) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ဖျာပုံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1898* | ၁၃ | ကျား | ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ရှိ (Case-1310) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ဖျာပုံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1899 | ၁၅ | ကျား | ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ ဖျာပုံမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1900* | ၃၅ | မ | မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ရှိ (Case-1395) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မအူပင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1901* | ၃၈ | မ | မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မအူပင်မြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ မအူပင်မြို့) |
| 1902* | ၁၃ | မ | မအူပင်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မအူပင်မြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံကြီး၊ မအူပင်မြို့) |
| 1903 | ၆၅ | မ | ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1346, 1349) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1904 | ၈၆ | ကျား | ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1346, 1349) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1905* | ၂၁ | ကျား | ဘိုကလေးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ဘိုကလေးမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံ၊ ဘိုကလေးမြို့) |
| 1906 | ၁၈ | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1559) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 1907 | ၂၂ | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 1908 | ၄၂ | ကျား | ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 1909 | ၃၀ | ကျား | ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 1910 | ၁၉ | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 1911 | ၂၃ | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 1912 | ၂၀ | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 1913 | ၆၇ | မ | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 1914 | ၁၆ | မ | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-1092) | မရှိ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1915 | ၁၇ | မ | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-1092) | မရှိ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1916 | ၁၅ | ကျား | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-1092) | မရှိ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1917 | ၅၀ | ကျား | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1918 | ၂၀ | ကျား | မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ မင်းပြားမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1919 | ၂၃ | ကျား | မောင်တောမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ | မရှိ | ခရိုင်ပြည်သူ့ဆေးရုံ၊ မောင်တောမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1920 | ၂၃ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-718) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1921 | ၃၈ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-718) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1922 | ၃၁ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-780) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1923 | ၅၇ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-780) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1924 | ၇၅ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-814) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1925 | ၇၅ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-814) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1926 | ၄၂ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-814) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1927 | ၃၃ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-812) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1928 | ၂၀ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-796) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1929 | ၃၅ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-796) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1930 | ၄၂ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-882) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1931 | ၆ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-882) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1932 | ၂၇ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-715) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1933 | ၄၂ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-781) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1934 | ၇၂ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-781) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1935 | ၅၅ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-781) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1936 | ၇၀ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-781) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1937 | ၅၃ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-781) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1938 | ၃၀ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-812) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1939 | ၆၀ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-812) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1940 | ၃၁ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-948) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1941 | ၅၃ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-948) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1942 | ၁၂ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-948) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1943 | ၂၉ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-951) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1944 | ၄ လ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-951) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1945 | ၉ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-951) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1946 | ၅၁ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-797) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1947 | ၂၈ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-797) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1948 | ၁၉ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-797) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1949 | ၃၉ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-797) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1950 | ၅၃ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-1102) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1951 | ၂၄ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-1102) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1952 | ၂၂ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-1102) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1953 | ၂၀ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-1102) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1954 | ၅၆ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-795) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1955 | ၅၄ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-795) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1956* | ၄၁ | မ | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1957 | ၂၈ | ကျား | စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် | ရှိ (Case-410, 429) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1958 | ၄၀ | ကျား | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1959 | ၂၀ | ကျား | ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော် | ရှိ (Case-1152, 1321) | မရှိ | နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1960 | ၆၅ | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 1961 | ၅၉ | ကျား | ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီး) |
| 1962 | ၂၅ | မ | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ ဆေးရုံကြီး) |
| 1963 | ၃၁ | မ | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ ဆေးရုံကြီး) |
| 1964 | ၃၁ | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ ဆေးရုံကြီး) |
| 1965 | ၄၈ | မ | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1314) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (အင်းစိန်ပြည်သူ့ ဆေးရုံကြီး) |
| 1966 | ၂၁ | ကျား | ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ကျောက်တော်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1967 | ၃၀ | ကျား | မုဒုံမြို့နယ်၊ မွန်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1968 | ၂၈ | ကျား | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | ရှိ (Case-1479) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1969 | ၂၈ | မ | ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ် | ရှိ (Case-986) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မော်လမြိုင်မြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |

စာမျက်နှာ ၁၂ သို့

စာမျက်နှာ ၁၁ မှ

| လူနာအမှတ်စဉ် | အသက် (နှစ်) | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါအတည်ပြု လူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 1970* | ၃၃ | ကျား | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1321) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မိတ္ထီလာမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မိတ္ထီလာမြို့နယ်) |
| 1971 | ၆ | မ | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1321) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မိတ္ထီလာမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မိတ္ထီလာမြို့နယ်) |
| 1972 | ၃၀ | မ | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1321) | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မိတ္ထီလာမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မိတ္ထီလာမြို့နယ်) |
| 1973* | ၅၂ | ကျား | မိတ္ထီလာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | မရှိ | ပြည်သူ့ဆေးရုံကြီး၊ မိတ္ထီလာမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မိတ္ထီလာမြို့နယ်) |
| 1974 | ၃၄ | မ | ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | မရှိ | မရှိ | ကန်တော်နဒီ ကူးစက်ဆေးရုံ | တွေ့ရှိ | စောင့်ကြည့်လူနာ (မန္တလေးပြည်သူ့ ဆေးရုံကြီး) |
| 1975 | ၂၀ | ကျား | ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး | မရှိ | ရှိ (တရုတ်) | ပြည်သူ့ဆေးရုံကြီး၊ ကလေးမြို့ | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1976 | ၄၀ | ကျား | ဗန်းမော်မြို့နယ်၊ ကချင်ပြည်နယ် | မရှိ | မရှိ | ပြည်သူ့ဆေးရုံ၊ ရမည်းသင်းမြို့ | တွေ့ရှိ | စောင့်ကြည့်လူနာ (ပြည်သူ့ဆေးရုံ၊ ရမည်းသင်းမြို့) |
| 1977 | ၂၃ | ကျား | မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့် သင်ကြားရေး ဆေးရုံကြီး) |
| 1978 | ၅၀ | မ | ဒဂုံမြို့သစ် (မြောက်ပိုင်း) ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့် သင်ကြားရေး ဆေးရုံကြီး) |
| 1979 | ၄၃ | မ | မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့် သင်ကြားရေး ဆေးရုံကြီး) |
| 1980 | ၃၇ | ကျား | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1456) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့် သင်ကြားရေး ဆေးရုံကြီး) |
| 1981* | ၃၆ | မ | မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1456) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့် သင်ကြားရေး ဆေးရုံကြီး) |
| 1982 | ၅၂ | မ | မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့် သင်ကြားရေး ဆေးရုံကြီး) |
| 1983 | ၄၇ | မ | မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့် သင်ကြားရေး ဆေးရုံကြီး) |
| 1984 | ၄၄ | မ | ဒဂုံမြို့သစ် (တောင်ပိုင်း) ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့် သင်ကြားရေး ဆေးရုံကြီး) |
| 1985 | ၆၈ | မ | ဒဂုံမြို့သစ် (အရှေ့ပိုင်း) ရန်ကုန်တိုင်းဒေသကြီး | ရှိ (Case-1227) | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (မြောက်ဥက္ကလာပ အထွေထွေရောဂါကု နှင့် သင်ကြားရေး ဆေးရုံကြီး) |
| 1986 | ၅၀ | ကျား | တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1987 | ၇၂ | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1988 | ၂၆ | မ | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ |
| 1989 | ၂၇ | မ | ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1990 | ၂၅ | မ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1991 | ၁၈ | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1992 | ၇၀ | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1993 | ၄၀ | မ | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1994 | ၃၂ | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1995 | ၂၆ | မ | ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1996 | ၂၃ | ကျား | ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1997 | ၅၁ | ကျား | ဒဂုံမြို့သစ် (မြောက်ပိုင်း) ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1998 | ၄၁ | မ | ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 1999 | ၆၆ | ကျား | ကော့မှူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 2000 | ၂၄ | ကျား | လသာမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 2001 | ၅၅ | မ | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 2002 | ၅၀ | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 2003 | ၂၆ | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 2004 | ၂၇ | ကျား | ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 2005 | ၅၂ | ကျား | စမ်းချောင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 2006 | ၃၄ | ကျား | သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 2007 | ၄၂ | မ | ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |
| 2008 | ၁၈ | မ | ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | မရှိ | COVID-19 ကုသရေးဌာန (ဖောင်ကြီး) | တွေ့ရှိ | စောင့်ကြည့်လူနာ (ရန်ကုန်ပြည်သူ့ ဆေးရုံကြီး) |

* ရောဂါပိုးကူးစက်ပြန့်ပွားလျက်ရှိသော တိုင်းဒေသကြီး/ ပြည်နယ်များသို့ ခရီးသွားရာဇဝင်ရှိသဖြင့် အသွားအလာကန့်သတ်ထားရှိသူ

မှတ်ချက်။ (၉-၉-၂၀၂၀) ရက်နေ့အတွက် တွေ့ရှိခဲ့သည့် ဓာတ်ခွဲအတည်ပြုလူနာအသစ် (၂၀၂) ဦး၏ ဓာတ်ခွဲနမူနာများအနက် တစ်ခုသည် ဓာတ်ခွဲအတည်ပြုလူနာအဟောင်း (Case-576) ၏ တတိယအကြိမ် ထပ်မံစစ်ဆေးသည့် ဓာတ်ခွဲနမူနာဖြစ်သဖြင့် ဓာတ်ခွဲအတည်ပြုလူနာအသစ် **(၂၀၁)** ဦးသာဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၀-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအချိန်ထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း **(၂,၀၀၈)** ဦးသာရှိပါသည်။

# ကမ္ဘောဇဘဏ်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ မြင်းခြံမြို့သို့ ပေးပို့လှူဒါန်း

**မြင်းခြံ စက်တင်ဘာ ၁၀**

ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ဖြစ်ပွားနေချိန်ကာလတွင် ရခိုင်ပြည်နယ်နှင့် နိုင်ငံအဝန်းရှိ ရောဂါခံစားနေရသော ပိုးတွေ့လူနာများနှင့် ၎င်းတို့ကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနေကြသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ကမ္ဘောဇဘဏ်က ပေးပို့လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်း ရှစ်မျိုးနှင့် မြင်းခြံမြို့ပြည်သူ့ဆေးရုံ၌ အထွေထွေအသုံးပြုရန်အတွက် ငွေကျပ် သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ်(မြင်းခြံ) ဘဏ်ခွဲတာဝန်ခံ ဦးဇော်မင်းထွေးနှင့် ဝန်ထမ်းများက မြင်းခြံမြို့ရှိ ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှု ပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်း ရှစ်မျိုးကို ပေးအပ်လှူဒါန်းရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးလတ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်တို့က လက်ခံယူကြသည်။ ဆက်လက်၍ မြို့နယ်ပြည်သူ့ဆေးရုံ၌ အထွေထွေအသုံးပြုနိုင်ရန်အတွက် ငွေကျပ်သိန်း ၁၀၀ ကို မြင်းခြံမြို့ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းထွန်းဝင်းထံ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

ကမ္ဘောဇဘဏ်က ယနေ့လှူဒါန်းသည့် ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်း ရှစ်မျိုးမှာ ဆေးရုံသုံး နှာခေါင်းစည်း ၅၀၀၀၀၊ ခေါင်းစွပ် ၂၀၀၀၊ မျက်နှာအကာ ၅၀၀၊ လက်အိတ် ၅၀၀၀၊ လက်သန့်ဆေးရည်ဘူးကြီး ၅၀၀၊ အရက်ပြန် နှစ်ဖာ၊ မျက်မှန် ၁၀၀ နှင့် ရောဂါကာကွယ်ရေးဝတ်စုံ ၂၀၀ တို့ ဖြစ်သည်။ ထို့ပြင် ကမ္ဘောဇဘဏ်သည် အခြား ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ မြို့များသို့လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို စနစ်တကျ ပေးပို့လှူဒါန်းမည်ဖြစ်ကြောင်းနှင့် ကမ္ဘောဇဘဏ်က ရှမ်းပြည်နယ်ပြည်သူလူထုစားနပ်ရိက္ခာကော်မတီသို့ စက်တင်ဘာ ၇ ရက်က လှူဒါန်းထားရှိသည့် ငွေကျပ် သိန်း ၂၀၉၀ တန်ဖိုးရှိ ဆေးရုံသုံး နှာခေါင်းစည်း အခုရေ ၁၀ သိန်း၊ ခေါင်းစွပ် ခုရေ တစ်သိန်း၊ လက်အိတ် ခုရေ တစ်သိန်း၊ မျက်နှာအကာ ၅၀၀၀၀၊



လက်သန့်ဆေးရည် ဘူးကြီး ၅၀၀၀၊ ရောဂါကာကွယ်ရေး ဝတ်စုံ ၁၀၀၀၀ တို့ကို ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံအဝန်းသို့ စနစ်တကျ ဖြန့်ဝေလှူဒါန်းမည်ဖြစ်ကြောင်း ကော်မတီမှ တစ်ဆင့် သိရသည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီ ဖေဖော်ဝါရီ ၂၆ ရက်မှစတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၆၃၈၃၂ သိန်း လှူဒါန်းထားရှိပြီး နိုင်ငံတော်နှင့် ပြည်သူ့အတွက် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး၊ လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာ၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ပေးပို့လှူဒါန်းရန် စီစဉ်ထားကြောင်း သိရသည်။

**ကိုကျော်**

# အမေရိကန်တွင် ကိုဗစ် –၁၉ ကြောင့် သေဆုံးသူ ၁၉၀၀၀၀ ကျော်လွန်လာ

**ဝါရှင်တန် စက်တင်ဘာ ၁၀**

အမေရိကန်နိုင်ငံ၏ ကိုဗစ် – ၁၉ ကြောင့် သေဆုံးမှုမှာ စက်တင်ဘာ ၉ ရက်က ၁၉၀၀၀၀ ကျော်လွန်လာကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ် သိပ္ပံနှင့်အင်ဂျင်နီယာဌာန၏ ထုတ်ပြန်ချက်များအရ သိရသည်။

အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူပေါင်းမှာ ၆ ဒသမ ၃ သန်း ကျော်လွန်လာပြီးနောက် သေဆုံးသူပေါင်းမှာ စက်တင်ဘာ ၉ ရက်က ၁၉၀၆၄၉ ဦးရှိလာကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ ထုတ်ပြန်ချက်အရ သိရသည်။

အမေရိကန်ပြည်ထောင်စုနယူးယောက်တွင် ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ ၃၃၀၁၃ ဦးရှိကြောင်းနှင့် ပြည်နယ်များတွင် ကိုဗစ် – ၁၉ ကြောင့် သေဆုံးမှုနှုန်းအမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

နယူးဂျာစီတွင် ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူ ၁၆၀၀၈ ဦးဖြစ်ပြီး ပြည်နယ်များတွင် ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူ ဒုတိယအများဆုံး ပြည်နယ်ဖြစ်သည်။ ထို့နောက် ကယ်လီဖိုးနီးယား၊ တက္ကဆက်နှင့် ဖလော်ရီဒါတို့တွင် သေဆုံးသူပေါင်း ၁၂၀၀၀ ကျော် ရှိကြောင်း သိရသည်။ ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူ ၇၀၀၀ ကျော်ရှိလာသော ပြည်နယ်များတွင် မက်ဆာချူးဆက်၊ အီလီနွိုက်နှင့် ပင်ဆယ်ဗေးနီးယားပြည်နယ်များ ပါဝင်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် ကိုဗစ် – ၁၉ ကူးစက်မှုပြဇယားတွင် ကိုဗစ် – ၁၉ ကူးစက်မှုအများဆုံးနှင့် သေဆုံးမှုအများဆုံးအဖြစ် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။ အမေရိကန်နိုင်ငံ၏ ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူအရေအတွက်သည် ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူအရေအတွက် ငါးပုံပုံတစ်ပုံခန့် ရှိကြောင်း သိရသည်။ ကျောင်းတက်ရာသီ ရောက်နေပြီဖြစ်သည့်အတွက် ကျောင်းသားများကြား ကိုဗစ် – ၁၉ ကူးစက်ပြန့်ပွားမည်ကို စိုးရိမ်လျက်ရှိသည်။

ထို့အပြင် အမေရိကန်ပြည်ထောင်စု၏ ကလေးငယ်ပေါင်းသန်းတစ်ဝက်ကျော် ကိုဗစ် – ၁၉ ကူးစက်မှုခံနေရကြောင်း အမေရိကန်ကလေးများနှင့်ရောဂါဆိုင်ရာလေ့လာရေးဌာနနှင့် ကလေးဈေးရုံများအဖွဲ့တို့ ပေါင်းစပ်ထုတ်ပြန်ထားသည့် စစ်တမ်းတစ်ခုအရ သိရသည်။

**ဆင်ဟွာ**



အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီရှိ ကက်ပီတိုလ် အဆောက်အအုံ



ဂျပန်ဆူမိုနပန်းသမားများကို တွေ့ရစဉ်။

# ဂျပန်နိုင်ငံ တိုကျိုရှိ ဆူမိုနပန်းသမား ၁၈ ဦး ကိုဗစ် – ၁၉ ကူးစက်ခံရကြောင်း အတည်ပြု

**တိုကျို စက်တင်ဘာ ၁၀**

ဂျပန်နိုင်ငံ တိုကျိုမြို့ တာမာနိုအီ သင်တန်းကျောင်းရှိ ဂျပန်နပန်းသမား ၁၈ ဦး ကိုဗစ် – ၁၉ ကူးစက်ခံရကြောင်း နိုင်ငံတကာသတင်းတစ်ရပ် တွင် ဖော်ပြလိုက်သည်။

ဆူမိုသင်တန်းကျောင်းတစ်ခုတွင် စက်တင်ဘာ ၅ ရက်က ကိုဗစ် – ၁၉ ကူးစက်ခံရသည်ဟု အတည်ပြုပြီးနောက် ဆူမိုနပန်းသမား ၃၂ ဦးကို ကိုဗစ် – ၁၉ စစ်ဆေးခဲ့ကြောင်း ဂျပန်ဆူမိုအဖွဲ့က ပြောကြားလိုက်သည်။ ၎င်းတို့ထဲတွင် ၁၈ ဦးမှာ ကိုဗစ်– ၁၉ ကူးစက်ကြောင်း အတည်ပြုခဲ့သည်။

ကိုဗစ် – ၁၉ ကူးစက်ခံရသူအချို့မှာ ကိုဗစ် – ၁၉ လက္ခဏာအနည်းငယ်ပြသဖြင့် ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိပြီး ကျန်ခုနစ်ဦးမှာ ကိုဗစ် – ၁၉ လက္ခဏာ မပြသည့် အတွက် သင်တန်းကျောင်းတွင် အသွားအလာကန့်သတ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

တာမာနိုအီ နပန်းသမားများအားလုံး တိုကျို၌ တနင်္ဂနွေနေ့တွင် စတင်မည့် ဆောင်းဦးရာသီပြိုင်ပွဲမှ နုတ်ထွက်ထားရကြောင်း သတင်း ရရှိသည်။

ဂျပန်ဆူမိုနပန်းအဖွဲ့က တင်းကျပ်သော ကိုဗစ် – ၁၉ ကာကွယ်ရေးဆောင်ရွက်ချက်များကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဂျပန်ဆူမိုနပန်းအဖွဲ့က ပြိုင်ပွဲတွင် ပွဲကြည့်သူပေါင်း ၂၅၀၀ လာရောက်ကြည့်ရှုရန် ခန့်မှန်းထားကြောင်း ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘာတစ်ဝန်း၌ ကိုဗစ် - ၁၉ ကြောင့် သေဆုံးသူ ကိုးသိန်းကျော်ပြီ

**နယူးယောက် စက်တင်ဘာ ၁၀**

ကမ္ဘာတစ်ဝန်း၌ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် အသက်ဆုံးရှုံးရသူ အရေအတွက်မှာ စက်တင်ဘာ ၉ ရက်တွင် ကိုးသိန်းကျော်အထိ ရှိသွားပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ် သိပ္ပံနှင့်အင်ဂျင်နီယာဆိုင်ရာ ဗဟိုဌာနမှ ဖော်ပြချက်အရ သိရသည်။

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၂၇ ဒသမ ၆ သန်းကျော်လာပြီး ရောဂါကြောင့် သေဆုံးသူအရေအတွက် ၉၀၀၀၇၉ ဦးအထိရှိကြောင်း စာရင်းဇယားများတွင် ဖော်ပြထားသည်။ အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ် – ၁၉ ကပ်ရောဂါကျရောက်မှု အခြေအနေအဆိုး ဆုံးဖြစ်ပြီး ရောဂါကူးစက်ခံရသူအရေအတွက် ၆၃၅၆၃၁၀ ရှိကာ သေဆုံးသူအရေအတွက် ၁၉၀၆၄၉ ဦးဖြစ်ကြောင်း သိရသည်။ အမေရိကန်၌ သေဆုံးသူအရေအတွက်သည် တစ်ကမ္ဘာလုံးရှိ သေဆုံးသူအရေအတွက်၏ ၂၀ ရာခိုင်နှုန်း ဖြစ်သည်။

ဘရာဇီးနိုင်ငံတွင် ကိုဗစ်–၁၉ ကြောင့်သေဆုံးသူအရေအတွက်မှာ ကမ္ဘာတစ်ဝန်းတွင် ဒုတိယအများဆုံးဖြစ်ပြီး သေဆုံးသူအရေအတွက် စုစုပေါင်း ၁၂၇၄၆၄ဦးဖြစ်သည်။အိန္ဒိယနိုင်ငံတွင် ကိုဗစ် – ၁၉ ကြောင့် သေဆုံးသူအရေအတွက်မှာ ၇၃၈၉၀ဖြစ်သည်။ သေဆုံးသူအရေအတွက် ၃၀၀၀၀ ကျော်ရှိသည့် နိုင်ငံများထဲတွင် မက္ကဆီကို၊ ဗြိတိန်၊ အီတလီ၊ ပြင်သစ်နှင့် ပီရူးနိုင်ငံများ ပါဝင်သည်။

**ဆင်ဟွာ**

# နိုင်ဂျာနိုင်ငံ၌ ရေကြီးမှုဖြစ်ပွား ၆၅ ဦးထက်မနည်း သေဆုံး

**နီယာမေ စက်တင်ဘာ ၁၀**

နိုင်ဂျာတွင် သုံးလကြာမိုးရွာသွန်းခဲ့ရာ ၆၅ ဦးထက်မနည်း သေဆုံးခဲ့ပြီး လူပေါင်း ၃၃၀၀၀၀ နီးပါး ရေဘေးဒုက္ခရောက် ရှိခဲ့ကြောင်းနှင့် မြို့တော်နီယာမေတွင်လည်း ရေများလွှမ်းမိုးလျက်ရှိကြောင်း အစိုးရက ပြောကြားလိုက်သည်။

**၁၄ ဦးမှာ ရေနစ်ခဲ့**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အရေးယူဆောင်ရွက်ခြင်းနှင့် သဘာဝဘေးဒုက္ခစီမံခန့်ခွဲရေးဝန်ကြီးဌာနက စက်တင်ဘာ ၇ ရက်မှစကာ လူ ၅၁ ဦး ရေကြီးမှုကြောင့် အိမ်များပျက်စီးကာ သေဆုံးခဲ့ကြောင်းနှင့် ၁၄ ဦးမှာ ရေနစ်ခဲ့ကြောင်း အေအက်ဖ်ပီသို့ ပြောကြားလိုက်သည်။

**မြို့တော် နီယာမေမှ**

ရေလွှမ်းမှု အဆိုးဆုံးခံစားရသောဒေသများမှာ နိုင်ငံတောင်ပိုင်းတွင် မာရဒီဒေသ၊ အနောက်ပိုင်းတွင် တာဟွာနှင့် တီလာဘာရီဒေသ၊ အနောက်တောင်ပိုင်းတွင် ဒို့စိုဒေသများ ဖြစ်ကြသည်။ ရေကြီးမှုများကြောင့် သေဆုံးသူအနည်းဆုံး ၁၀ ဦးမှာ မြို့တော် နီယာမေမှဖြစ်ကြောင်း သိရသည်။

**မိုးခေါင်ရေရှား နိုင်ငံ**

နိုင်ဂျာနိုင်ငံသည် ကမ္ဘာ့အခြောက်သွေ့ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပြီး မကြာခဏဆိုသလို မိုးခေါင်ရေရှားခြင်းကို ခံစားနေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

သို့သော်လည်း လပေါင်းအတော်ကြာ မိုးရွာသွန်းမှုများကို တွေ့ကြုံခံစားခဲ့ရသည်။ လွန်ခဲ့သောနှစ် ရေကြီးမှုတွင်လည်း လူပေါင်း ၅၇ ဦးသေဆုံးခဲ့ပြီး နိုင်ငံတစ်ဝန်းလူပေါင်း ၂၂၆၀၀၀ ရေဘေးဒုက္ခခံစားခဲ့ရသည်။

**အေအက်ဖ်ပီ**

# အမေရိကန်တောင်ပိုင်း တင်နက်စီတက္ကသိုလ်တွင် ကျောင်းသားများကို အသွားအလာကန့်သတ်

**တင်နက်စီ စက်တင်ဘာ ၁၀**

အမေရိကန်နိုင်ငံတောင်ပိုင်း တင်နက်စီတက္ကသိုလ်ရှိ နော့်ဗီလီပရဝဏ်တွင် ကိုဗစ်– ၁၉ ဖြစ်ပွားမှု တိုးလာသဖြင့် လက်ရှိတွင် ကျောင်းသားနှင့် ဝန်ထမ်း ၂၁၀၀ ကျော်အား အသွားအလာကန့်သတ်ထားရှိကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြလိုက်သည်။

**ထိရောက်သည့်ဆောင်ရွက်ချက်များ**

မိမိတို့တွင် ရောဂါဖြစ်ပွားသည့်အရေအတွက် တိုးလာခြင်းက အလွန်လျင်မြန်နေကြောင်း၊ ရောဂါကူးစက်မှုလမ်းကြောင်းတိုးလာသည်ကို တားဆီးရန် ထိရောက်သည့်ဆောင်ရွက်ချက်များ ပိုပြီး ချမှတ်အကောင်အထည်ဖော်ရန်လိုအပ်ကြောင်း ကျောင်းအုပ်ကြီး ဒွန်ဒီပလိုးမင်းနိက ပြောသည်။

**ကျောင်းသားများ၊ ဝန်ထမ်းများဖြစ်**

အဆိုပါတက္ကသိုလ်တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူပေါင်း ၆၀၀ ရှိကြောင်းနှင့် ကူးစက်မှုများအနက် ၅၉၂ ဦးမှာ ကျောင်းသားများဖြစ်ပြီး ကျန်ရှစ်ဦးမှာ ဝန်ထမ်းများဖြစ်ကြသည်။

**အတန်းများကို ဖျက်သိမ်းထား**

အမေရိကန်နိုင်ငံ ပြည်နယ် ၅၀ ရှိ ကောလိပ်ကျောင်းများနှင့် တက္ကသိုလ်များတွင် လက်ရှိ ကိုဗစ်–၁၉ ဖြစ်ပွားသူ ၃၇၀၀၀ ရှိကြောင်း သိရသည်။ တက္ကသိုလ်များတွင် လူကိုယ်တိုင်တက်ရောက်ရသောအတန်းများကို ဖျက်သိမ်းထားသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ ၏ အန္တရာယ်ကို လျှော့တွက်ခဲ့မိကြောင်း သမ္မတထရမ့်ဝန်ခံ

ဝါရှင်တန် စက်တင်ဘာ ၁၀

**ကိုဗစ်-၁၉ ၏အန္တရာယ်ကို လျှော့တွက်ခဲ့မိကြောင်း၊ သို့ရာတွင် ထိခိုက်နာကျင်စရာအခြေအနေတစ်ခုကို ဖန်တီးလိုခြင်းမရှိခဲ့ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဝန်ခံပြောကြားခဲ့မှုကို အမေရိကန်သတင်းမီဒီယာတစ်ခုက ဖော်ပြသည်။**

သတင်းဖော်ပြချက်အရ ပြီးခဲ့သည့် ဇန်နဝါရီလနှောင်းပိုင်းတွင် သမ္မတထရမ့်၏ လက်ထောက်ဖြစ်သူက ကိုဗစ်-၁၉ ကြောင့် ဖြစ်လာနိုင်သည့် အန္တရာယ်များနှင့်ပတ်သက်၍ အသေးစိတ်ပြောပြခဲ့ကြောင်း ဖော်ပြထားသည်။

နာမည်ကျော်သတင်းထောက် ဘော့ဝုဒ်ဝါ့ဒ်နှင့် ဖေဖော်ဝါရီ ၇ ရက်ကပြုလုပ်ခဲ့သည့် တယ်လီဖုန်းအမေးအဖြေတစ်ခုတွင် သမ္မတထရမ့်အနေဖြင့် အသစ်ပေါ်ထွက်လာသည့် ဗိုင်းရပ်စ်က တုပ်ကွေးရောဂါဖြစ်ပွားမှုထက်ပင် အသက်အန္တရာယ် ကြီးကြီးမားမား ခြိမ်းခြောက်နိုင်သည်ကို သတိပြုမိခဲ့ဟန်ရှိကြောင်း အဆိုပါ သတင်းမီဒီယာက ဖော်ပြသည်။

သို့ရာတွင် သတင်းစာရှင်းလင်းပွဲများ၌ သမ္မတထရမ့်က ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုများနှင့်ပတ်သက်၍ လျှော့ပေါ့ပြောဆိုခဲ့သည်။

စက်တင်ဘာ ၉ ရက်တွင် သမ္မတထရမ့်က ၎င်းအနေဖြင့် ပြည်သူများအား အထိတ်တလန့် မဖြစ်စေလိုကြောင်း ပြောကြားသည်။

လက်ရှိတွင် သမ္မတဒေါ်နယ်ထရမ့်အစိုးရအဖွဲ့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအပေါ် ကနဦးဖြေရှင်းဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ ပြည်သူလူထုအတွင်း ပြင်းပြင်းထန်ထန် ဝေဖန်ပြစ်တင်ခံရလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

# ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို သေစေနိုင်သည့် ခရမ်းလွန်ရောင်ခြည်သုံးစက်ရုပ် ဂျပန်တီထွင်

**တိုကျို စက်တင်ဘာ ၁၀**

ကိုဗစ်- ၁၉ ဗိုင်းရပ်စ်ကို သေစေနိုင်သည့် အင်အားပြင်းခရမ်းလွန်ရောင်ခြည်သုံး စက်ရုပ်ကို ဂျပန်သုတေသနပညာရှင်များက တီထွင်လိုက်ပြီးနောက်တွင် အဆိုပါ စက်ရုပ်၏ ထိရောက်မှုကို အတည်ပြုလိုက်ကြောင်း သိရသည်။

တိုကျိုမြို့ အိတဘာရှိ မြို့နယ်မှ ကုမ္ပဏီတစ်ခုသည် နီဟွန်းတက္ကသိုလ် အိတဘာရှိ ဆေးရုံနှင့်ပူးပေါင်းကာ ကိုဗစ်-၁၉ ကိုသေစေနိုင်သည့် စက်ရုပ်တစ်ရုပ်ကို တီထွင်ခဲ့သည်။

အဆိုပါ စက်ရုပ်တွင် မီးလုံးရှစ်ခုပါရှိပြီး စက်ရုပ်အလိုအလျောက် လမ်းလျှောက် သွားလာနေစဉ် ဗိုင်းရပ်စ်ပိုးများဖြင့် ညစ်ညမ်းနေနိုင်သည့် နံရံနှင့်ကြမ်းပြင်များပေါ်သို့ အင်အားပြင်းသည့် ခရမ်းလွန်ရောင်ခြည်ကို ထုတ်လွှတ်ပေးကြောင်း သိရသည်။




ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို တိုက်ဖျက်ရန် ဂျပန်သုတေသနပညာရှင်များ တီထွင်ထုတ်လုပ်လိုက်သည့် အင်အားပြင်း ခရမ်းလွန်ရောင်ခြည်သုံး စက်ရုပ်ကို တွေ့ရစဉ်။

အဆိုပါ စက်ရုပ်သည် အင်အားပြင်း ခရမ်းလွန်ရောင်ခြည်ထုတ်လွှတ်မှုကို အချိန်အတိုင်းအတာတစ်ခုအထိ လုပ်ဆောင်ပေးခြင်းအားဖြင့် ဗိုင်းရပ်စ်ပိုးများမရှိတော့အောင် အထောက်အကူပြုနိုင်သည်ကို စမ်းသပ်စစ်ဆေးမှုရလဒ်များက ပြသလျက်ရှိကြောင်း သုတေသနပညာရှင် အာအိဒ့်ယိုကိုက သတင်းထောက်များသို့ပြောကြားခဲ့သည်။

သို့ရာတွင် ခရမ်းလွန်ရောင်ခြည်များသည် လူကို အန္တရာယ်ဖြစ်စေနိုင်သည့်အတွက် ညအချိန်ကဲ့သို့ ပတ်ဝန်းကျင်၌ လူသူကင်းမဲ့သည့် အချိန်အခါမျိုးမှသာ အဆိုပါ စက်ရုပ်ကို အဝေးထိန်းစနစ်ဖြင့် အသုံးပြုရမည်ဖြစ်ကြောင်း စက်ရုပ်တီထွင်ထုတ်လုပ်သည့် ကုမ္ပဏီမှ အရာရှိတစ်ဦးက ပြောကြားသည်။

အဆိုပါ စက်ရုပ်ကို လူအဝင်အထွက်များသည့် အဆောက်အအုံကဲ့သို့နေရာများတွင် အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်ပြည်ထောင်စု အော်ရီဂွန်ပြည်နယ်တွင် တောမီးလောင်မှုကြောင့် မြို့နယ်ငါးခုပျက်စီးကာ လူအချို့သေဆုံး

**နယူးယောက် စက်တင်ဘာ ၁၀**

အမေရိကန်ပြည်ထောင်စု အော်ရီဂွန်ပြည်နယ်တွင် တောမီးများအရှိန်အဟုန်ဖြင့်လောင်ခဲ့ရာ မြို့နယ်ပေါင်းငါးခုအထိ မီးလောင်ပျက်စီးခဲ့ပြီး သေဆုံးသူအချို့ရှိကြောင်း အော်ရီဂွန်အုပ်ချုပ်ရေးမှူး ကိတ်ဘရောင်းက စက်တင်ဘာ ၉ ရက်တွင် ပြောကြားခဲ့သည်။

တောမီးလောင်မှုဖြစ်ပွားနေချိန် တစ်နာရီလျှင် ၈၀ ကီလိုမီတာ လေတိုက်နှုန်းကြောင့် တောမီးသည် နာရီအနည်းငယ်အတွင်း ကီလိုမီတာများစွာအထိ ပျံ့နှံ့ရောက်ရှိသွားခဲ့ကာ နေအိမ်များကို ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်အနောက်ပိုင်းတစ်လျှောက်တွင် တောမီးလောင်မှု ၁၀၀ နီးပါးအထိ ဖြစ်ပွားလျက်ရှိချိန် ဝါရှင်တန်မြောက်ပိုင်း ပြည်နယ်တွင်လည်း တောမီးလောင်မှုအများအပြားကို ရင်ဆိုင်ရလျက်ရှိသည်။

ကယ်လီဖိုးနီးယားပြည်နယ်တွင် တောမီးလောင်မှု၂၈ခုအပြင်းအထန်ဖြစ်ပွားခဲ့မှုကြောင့် ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူ ၆၄၀၀၀ကို နေအိမ်များမှကယ်ထုတ်ကာ ဘေးလွတ်ရာသို့ ကယ်ဆယ်ရွှေ့ပြောင်းပေးခဲ့ရကြောင်း အာဏာပိုင်များက ပြောသည်။

ကယ်လီဖိုးနီးယားပြည်နယ် ဆက်ခရာမန်တိုမြောက်ပိုင်းရှိ တောမီးလောင်နေသည့် မြေကေပေါင်း နှစ်သိန်းတစ်ဝိုက်တွင်နေထိုင်ကြသည့် ဒေသခံပြည်သူများကို ကယ်ဆယ်ရွှေ့ပြောင်းရေးဆောင်ရွက်ရန် အမိန့်ထုတ်ထားသည်။

မီးသတ်ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက အရှိန်အဟုန်ပြင်းစွာ တောက်လောင်နေသည့် မီးတောက်များကို ငြိမ်းသတ်နိုင်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ကိုဗစ်-၁၉ ဗိုင်းရပ်စ် လူ၏ဦးနှောက်ထဲသို့ တိုက်ရိုက်ရောက်ရှိနိုင်ကြောင်း လေ့လာမှုအသစ်တစ်ရပ်တွင်ဖော်ပြ

**ဝါရှင်တန် စက်တင်ဘာ ၁၀**

ကိုဗစ်-၁၉ ကူးစက်ခံရသည့်လူနာများတွင် ခေါင်းကိုက်ခြင်း၊ အဖျားတက်ကာ ကယောင်ကတမ်းဖြစ်ခြင်းနှင့် စိတ်ရှုပ်ထွေးခြင်း လက္ခဏာများခံစားရခြင်းသည် ကိုဗစ်-၁၉ ဗိုင်းရပ်စ် ဦးနှောက်ထဲသို့ တိုက်ရိုက်ဝင်ရောက်လာခြင်းကြောင့် ဖြစ်ပေါ်လာသည့်ရလဒ်များ ဖြစ်နိုင်ကြောင်း လေ့လာမှုအသစ်တစ်ရပ်က စက်တင်ဘာ ၉ ရက်တွင် ပုံနှိပ်ဖော်ပြထားသည်။

အဆိုပါလေ့လာမှုမှာ အစသာရှိသေးသော်လည်းသက်သေအထောက်အထားအချို့ကို ဖော်ပြနေကြောင်း သုတေသနအဖွဲ့က ပြောသည်။ ရောဂါဗေဒဆိုင်ရာပညာရှင် အကီကို အီဝါဆာကီ ဦးဆောင်ခဲ့သည့် လေ့လာမှုစာတမ်းတွင် ဖော်ပြထားချက်အရ ကိုဗစ်-၁၉ ဗိုင်းရပ်စ်သည် ဦးနှောက်ထဲသို့ ဝင်ရောက်ကာ ပုံတူပွားနိုင်စွမ်းရှိကြောင်းနှင့် ဦးနှောက်ဆဲလ်များအနီးတွင် ဗိုင်းရပ်စ်၏ အသက်ရှင်နိုင်စွမ်းနည်းပါးကြောင်း အကီကိုအီဝါဆာကီကပြောကြားသည်။

ကိုဗစ်-၁၉ ကူးစက်ခံရသည့် လူနာတစ်ဦးတွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို တိုက်ထုတ်နိုင်သည့် ပဋိဇီဝပစ္စည်းများသည် အဆိုပါလူနာ ရောဂါပျောက်ကင်းပြီး လေးလကြာသည်အထိ ဆက်လက်ရှိနေကြောင်း သိရသည်။



**ဘန်ကောက်ပို့စ်**

# အီရတ်၌ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်ကို ၃၀၀၀ အထိ လျှော့ချမည်

**ဝါရှင်တန် စက်တင်ဘာ ၁၀**

အီရတ်နိုင်ငံတွင် ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက် ၅၂၀၀ကို ယခုလတွင် ၃၀၀၀ သို့လျှော့ချသွားမည်ဖြစ်ကြောင်း အမေရိကန်တပ်မတော်က ပြောကြားခဲ့သည်။

အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ကေလိတ် မက်အီနာနီက အမေရိကန်တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံတည်ငြိမ်အေးချမ်းရေး ထိန်းသိမ်းရန်အတွက် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားခြင်း တာဝန်တစ်ရပ်ကို ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည့်အတွက် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်ကို လျှော့ချရန်ဖြစ်နိုင်ကြောင်း သတင်းထောက်များသို့ ဖြေကြားခဲ့သည်။

ပြီးခဲ့သည့် ဇန်နဝါရီလအစောပိုင်းက အမေရိကန်၏ ဒရုန်းတိုက်ခိုက်မှုကြောင့် ဘဂ္ဂဒက်ရှိ အီရတ်စစ်ဘက်ခေါင်းဆောင်တစ်ဦးနှင့် အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ ဗိုလ်ချုပ်ကြီးတစ်ဦး သေဆုံးခဲ့ပြီးနောက်တွင် အီရတ်နိုင်ငံအတွင်း၌ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရန် တိုက်တွန်းတောင်းဆိုမှုများ ပေါ်ထွက်လာခဲ့သည်။

အီရတ်နိုင်ငံအတွင်း ချထားသည့်အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်ကို လျှော့ချရေးအတွက် အီရတ်အစိုးရနှင့် အမေရိကန်အာဏာပိုင်များ ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၅၈ ရက် သာ**

**လိုတော့သည်။**

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးပြောဆိုခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချီခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- ➢ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး-
- ➢ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊
- ➢ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
- ➢ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

## ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ➢ သာသနာ့ဝန်ထမ်း၊
- ➢ ထောင်ဒဏ်ကျခံနေရသူ၊
- ➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- ➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- ➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

## ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

## ရွေးကောက်ပွဲများသည်-

- ➤ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➤ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➤ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .**

# ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၀

**ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီဥက္ကဋ္ဌ ဦးအေးကြိုင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



**အားလုံးမင်္ဂလာပါ**

ကျွန်တော်တို့ ဤပါတီကို (၂၀၁၀) ပါတီထူထောင်ခွင့်ရချိန်တွင် ပါတီမထူထောင်မီ ရခိုင်ပြည်နယ်ရှိ မြို့နယ် (၅) ခုမှ ညီလာခံကဲ့သို့သော အချို့သော ပုဂ္ဂိုလ်များနှင့် ဆွေးနွေးရာမှာ ကျွန်တော်တို့ ပါတီထူထောင်ချိန်၌ ရခိုင်ပြည်ကိုယ်စားပြု ရခိုင်သားများထဲမှ တစ်ပါးသူကမှလည်း ပါတီထူထောင်ရန် ပေါ်ပေါက်ခြင်းမရှိပါ၍ ပြည်နယ်ကိုယ်စားပြု ရခိုင်ပါတီတစ်ခုရှိသင့်သည်ဟု အဖြေထွက်ပေါ်ချက်အရ မိမိတို့အနေဖြင့် တတ်နိုင်သည့်ဘက်မှ ရခိုင်ပြည်သူပြည်သားများနှင့် နိုင်ငံတော်အား အကျိုးပြုလိုသည့် ဆန္ဒဖြင့် အခုလို ပါတီထူထောင်လိုက်ရခြင်းဖြစ်ကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သလိုက်ပါသည်။

ကျွန်တော်ကတော့ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီဥက္ကဋ္ဌ ဦးအေးကြိုင် ဖြစ်ပါသည်။ ကျွန်တော်တို့ ပါတီကို (၂၀၁၀) ခုနှစ်က ပါတီထူထောင်ခွင့် အမှတ်စဉ်(၈)ဖြင့် ရခိုင်ပြည်နယ်ကိုယ်စားပြု ထူထောင်ထားခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ပါတီ၏ လိုဂိုတံဆိပ်မှာ သဇင်(နှစ်ခက်)ဖြစ်ပြီး သဇင်ပန်းတို့၏ သဘာဝမှာ လောင်းရိပ်မပွင့် ပင်မြင့်ပွင့်သော ပန်းဖြစ်သလို ရခိုင်တို့၏ အထွတ်အထိပ်ပန်းတစ်ပွင့်လည်း ဖြစ်ပါသည်။ ကျွန်တော်တို့ ပါတီကလည်း မည်သည့်အဖွဲ့အစည်း လက်အောက်ခံမှမဟုတ်ဘဲ ရခိုင်ပြည်နယ်အရေးကို ရခိုင်သားများအားလုံး စုစည်းညီညွတ်မှုဖြင့် မြေပြင်ပကတိဖြစ်စဉ်အပေါ် အများဆန္ဒ၊ အများသဘောကို အခြေခံလျက် ဝိုင်းဝန်းအဖြေရှာဆောင်ရွက်သွားဖို့ ဖြစ်ပါသည်။

ပါတီအလံ-ပါတီ၏အလံမှာ ထိပ်ဆုံးထောင့်စွန်တြိဂံပုံ အဖြူရောင်၌ ဒင်္ဂါးတံဆိပ်တို့မှာ ရခိုင်ပြည်နယ်သင်္ကေတတံဆိပ်နှင့် ဖြူစင်သန့်ရှင်းခြင်းကို ဖော်ဆောင်ပြီး အလံ၏အထက်နား အနီရောင်မှာ ရဲရင့်ခြင်း၊ ဖွဲ့သတ္တိရှိခြင်းကို ဖော်ဆောင်လျက်၊ အလံ၏အောက်နား အပြာရောင်မှာ စည်းလုံးညီညွတ်ခြင်းကို ဖော်ဆောင်သည်။ အလံ၏ အလယ်တည့်တည့် ကြယ်ဖြူလေးလုံးမှာ ရခိုင်ပြည်နယ်ရှိ လေးဝတီသားများအားလုံး ဖြူစင်သောသဘောထားနှင့် ညီတူညီမျှရှိကြသည်ကို ဖော်ဆောင်ခြင်းပင် ဖြစ်ပါသည်။

ပါတီဆောင်ပုဒ်-ပြည်သူ့ဆန္ဒပြည့်စေဖို့ သဇင်နှစ်ခက်ပါတီကို မဲပေးစို့။

ကျွန်တော်တို့ပါတီသည် ရခိုင်ပြည်နယ်အား ကိုယ်စားပြု (၂၀၁၀) ခုနှစ်တွင် ဦးစွာထူထောင်ပေါ်ပေါက်လာခြင်းကြောင့် ပြည်တွင်းပြည်ပ အစိုးရအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၊ အခြားသော နိုင်ငံရေးပါတီများမှ ငွေကြေးကဏ္ဍ ဆက်စပ်ကမ်းလှမ်းခြင်းများ ရှိကောင်းရှိနိုင်သည်မှာ အမှန်ပင်ဖြစ်သော်လည်း သဇင်ပန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ သစ္စာစောင့်သိစွာဖြင့် နည်းပရိယာယ်အားဖြင့် သော်လည်းကောင်း၊ ကိုယ်ကျိုးဖက်လို၍ သော်လည်းကောင်း၊ တစ်စုံတစ်ရာ ဖောက်ဖျက်ကျူးလွန်ခြင်းမရှိ ရှောင်ကြဉ်လျက် တစ်ဖက်မှ ဖိအားပေးကြိုးဆွဲခံ ကင်းဝေးကာ မိမိတို့ခြေမှာ မိမိတို့ ရပ်တည်လာခဲ့ခြင်းကြောင့် ရခိုင်ပြည်နယ်အတွင်း ကျယ်ပြန့်နှံ့စပ်အောင် မဆောင်ရွက်နိုင်ခဲ့ခြင်းမှာ အမှန်ပင် ဖြစ်ပါသည်။

ယခုအခါ ပါတီ၏ သဘောထားအရ ပါတီစုံစနစ်နှင့်အညီ ပြည်သူ့အကျိုး၊ အမျိုးသားအရေးဆောင်ရွက်ကြရာတွင် အစိုးရနှင့် ပါတီသော်လည်းကောင်း၊ ပါတီအချင်းချင်းသော်လည်းကောင်း၊ အပြန်အလှန်အပြုသဘောဖြင့် အကြံပေးခြင်းဖြင့် ပြည်သူ့အကျိုးတိုးတက်မှုခွဲခြားခြင်းမရှိ မြန်ဆန်နိုင်မည်ဟု ခံယူချက်ဖြင့် ပါတီ၏ စည်းရုံးရေးအား မြှင့်တင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဖြစ်၍ ရခိုင်ပြည်နယ်အရေး သစ္စာသမာဓိရှိရှိ ဝိုင်းဝန်းအဖြေရှာဆောင်ရွက်လိုသူများ ဤသဇင်နှစ်ခက် ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီနှင့် ဆက်စပ်ပူးပေါင်းပါဝင်ကြပါရန်ကိုလည်း နှိုးဆော်တိုက်တွန်းလိုက်ရပါသည်။

ကျွန်တော်တို့ပါတီ၏ ရည်ရွယ်ချက်/ယုံကြည်ချက်/ လမ်းစဉ်သဘောထားမှာ

ပါတီ၏ရည်ရွယ်ချက်၊ တစ်ပါတီအာဏာရှင်စနစ်မှ အရပ်ဘက်ပြည်သူ့အုပ်ချုပ်ရေး ပါတီစုံဖက်ဒရယ် ဒီမိုကရေစီစနစ်ပေါ်ပေါက်ရန်နှင့် အားလုံးပွင့်လင်းမြင်သာစွာပါဝင်နိုင်သည့် ဒီမိုကရေစီအစိုးရ၏ ဦးဆောင်မှုဖြင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးလျက် ပိုမိုရင့်ကျက်သည့် လူနေမှုဘဝ/စနစ်တကျ အမြန်ဆုံးဖြစ်ပေါ်လာစေရန် ရည်ရွယ်ပါသည်။

ပါတီ၏ ဦးတည်ချက် ၂၀၀၈ ဖွဲ့စည်းပုံသည် ကျွန်တော်တို့လိုလားသည့် ဒီမိုကရေစီစနစ် တစ်ရာ ရာခိုင်နှုန်းပြီးပြည့်စုံသည်ဟူ၍ မဟုတ်ပါ။ ပေါ်ပေါက်လာမည့် အများပြည်သူမှ ရွေးချယ်ပေးလိုက်သော ပြည်သူ့ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များမှ (၂၀၀၈) ခုနှစ် ဖွဲ့စည်းပုံအား ပြင်ဆင်ဖြည့်စွက်သင့်သည်များကို ပြင်ဆင်ခြင်းဖြင့် အများပြည်သူ လိုလားတောင့်တနေသည့် ကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးနိုင်မည့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဖြင့် ပါတီစုံဖက်ဒရယ် ဒီမိုကရေစီစနစ် ပေါ်ထွန်းလျက် ဒေသအသီးသီး ညီတူညီမျှ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန် အားလုံးဝိုင်းဝန်းကြိုးပမ်းသွားဖို့ ဖြစ်ပါသည်။

ပါတီ၏လမ်းစဉ်များ- ဒေသအတွင်း နိမ့်ကျနေသော အရာခပ်သိမ်းအား ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းသွားဖို့ဖြစ်ပါသည်။ စုစည်းညီညွတ်မှုရှိမှ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူတို့ရဲ့ ဘက်ပေါင်းစုံ လိုအပ်နေသည့်အရာများကို ဒေသခံပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သည်ဖြစ်ရာ ပြည်သူများအပါအဝင် အခြားသောပါတီများနှင့် မိတ်ဖွဲ့လျက် တူညီသည်များကို လက်တွဲပူးပေါင်းကာ မတူညီသည်များကိုလည်း ဆက်လက်အဖြေရှာ ဆွေးနွေးခြင်းဖြင့် စုစည်းညီညွတ်သည့်အားနှင့် အစဉ်တစိုက်ဖွံ့ဖြိုးတိုးတက်ရေးအား ဆောင်ရွက်သွားဖို့ ဖြစ်ပါသည်။

၁။ ကျွန်တော်တို့ ရခိုင်ပြည်နယ်အပါအဝင် တိုင်းနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူလူထုလိုလားသော ပါတီစုံဒီမိုကရေစီဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၊ အစိုးရ၊ တပ်မတော်၊ တရားဝင်ပါတီအားလုံး၊ တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းအားလုံး၊ လူထုလူတန်းစား အတတ်ပညာရှင်၊ အသိပညာရှင်များ လိုအပ်လျှင်လိုအပ်သလို ပါဝင်ခြင်းဖြင့် ဖော်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ဖို့ ဖြစ်ပါသည်။

၂။ ယခုလက်ရှိတွင်လည်း ကျွန်တော်တို့ပါတီသည် ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ လက်ရှိအစိုးရမှ လုပ်ဆောင်နေမှုအား နိုင်ငံနှင့်ဒေသအတွင်း အကျိုးမရှိနစ်နာစေမည့် အကြောင်းအရာများ တွေ့ရှိပါက စိတ်ဓာတ်သဘောထားချင်းတူညီကြသည့် အလုပ်တူပူးပေါင်းဆောင်ရွက်ရေး သဘောထားဖြင့် တရားဝင်ပါတီ(၁၄)ပါတီ၊ (၁၈)ပါတီ၊ (၃၂)ပါတီ အခိုက်ကြုံသလို စုပေါင်းလျက် အပြုသဘောဖြင့် အကြံပြုထောက်ပြခြင်း၊ ကန့်ကွက်ခြင်း၊ သဘောထားထုတ်ပြန်ခြင်းများကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိပါသည်။

၃။ တိုင်းနှင့်ပြည်နယ်အသီးသီး တန်းတူညီမျှ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်စေရန် အထက်မှာ ဖော်ပြခဲ့သော ဖွဲ့စည်းပုံအပြောင်းအလဲဖြစ်ပေါ်လာခြင်းဖြင့် မိမိတို့ကိုယ်စားပြုသည့် ရခိုင်ဒေသမှ မြေပေါ်မြေအောက်ထွက်ရှိသော သယံဇာတအား ပြည်ထောင်စုအစိုးရနှင့် ခွဲဝေသည့်စနစ်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားဖို့ ဖြစ်ပါသည်။

၄။ ရခိုင်ပြည်နယ်မှ မြောက်မြားစွာသော အဝေးရောက် အလုပ်ရှာထွက်ခွာသွားကြသည့် ရခိုင်ပြည်သူပြည်သားများအား မိမိဒေသအတွင်းသို့ ပြန်လည်ရောက်ရှိလာနိုင်စေရန် ပြည်နယ်အတွင်း အလုပ်အကိုင်များ ဖန်တီးဖော်ထုတ်ရန် စက်မှုဇုန်နှင့် ဖြစ်နိုင်ခြေစက်ရုံများ ဖြစ်ပေါ်လာအောင် တိုင်းတစ်ပါးနိုင်ငံခြားမှ စီးပွားရေးလုပ်ငန်းရှင်များနှင့်သော်လည်းကောင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များနှင့်သော်လည်းကောင်း ပူးပေါင်းလျက် စက်မှုဇုန်ပေါ်ပေါက်ရေး အလေးပေးဆောင်ရွက်သွားဖို့ ဖြစ်ပါသည်။

ပါတီသည် လူမှုရေး/နိုင်ငံရေး/ စီးပွားရေး/ တောင်သူလယ်သမားအရေး/ ပညာရေး/ အလုပ်သမားအရေး/ ကျန်းမာရေး အခြားသော ကိစ္စရပ်များနှင့် ပတ်သက်လို့ ပါတီဖွဲ့စည်းပုံစာအုပ်ထဲမှာ ရေးသားဖော်ပြထားပြီး ဖြစ်ပါသည်။ အခုကတော့ အချိန်နှင့်တစ်ပြေးညီ ပြောဆိုရသည့်အတွက် လိုရင်း တိုရှင်း ပန်ကြားသွားဖို့ ဖြစ်ပါသည်။

ကျန်းမာရေး၊ ပညာရေး၊ တောင်သူလယ်သမားအရေး၊ အလုပ်သမားအရေးနှင့် ပတ်သက်လို့ လက်ရှိတွင် လိုအပ်နေသောအရာများအား အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားဖို့ ဖြစ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပတ်သက်လို့ အိမ်နီးချင်းနိုင်ငံများမှ တရားမဝင်ခိုးဝင်လာခြင်းအား တားဆီးကာကွယ်နိုင်အောင် ထိန်းသိမ်းကြပ်မတ်ခြင်းနှင့် နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊ သန်းခေါင်စာရင်းတို့ကို တိကျစွာ ကြိုးပမ်းဆောင်ရွက်သွားဖို့ ဖြစ်ပါသည်။

ရခိုင်ပြည်နယ်သူ ပြည်သားအပေါင်းတို့ ကျွန်တော်တို့ ရခိုင်လူမျိုးများသည် ရိုးသားပွင့်လင်းကြပါသည်။ ရိုးသားပွင့်လင်းခြင်းကို အခွင့်ကောင်းယူကာ နည်းပရိယာယ် အသုံးချခြင်းများအပေါ် မကျရောက်လေအောင် အကန်းယုံ အရမ်းယုံ မယုံကြဘဲ လက်တွေ့ကျကျ လေ့လာသုံးသပ်ခြင်းဖြင့် အဖြေရှာဆောင်ရွက်ကြပါလို့ တိုက်တွန်းပန်ကြားလိုက်ပါသည်။

**တစ်ပါတီစနစ်နှင့် ပါတီစုံစနစ်**

ဤပါတီအနေဖြင့် ပါတီစုံစနစ်ကို အားပေးပါသည်။ ပါတီစုံတို့ ပျော်ရွှင်စွာစားပွဲဝိုင်းထိုင်၍ ပြဿနာနှင့် ကိစ္စရပ်များကို အဖြေရှာဖို့ နိုင်ငံရေး၊ လူမှုရေး၊ လှုပ်ရှားမှုများကို လူထုနှင့်ပွင့်လင်းမြင်သာ ချပြခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

နိဂုံးချုပ် ပြည်သူသို့ ပန်ကြားလိုတာကတော့ ယခုပေါ်ပေါက်လာမည့် (၂၀၂၀) ရွေးကောက်ပွဲကာလမှာ အများပြည်သူ ရွေးချယ်ပေးရမှာကတော့ (၂၀၂၁)ခုနှစ် အာဏာသုံးရပ်တွင် တာဝန်ယူဆောင်ရွက်ကြရမည့်ပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။ ယင်းကြောင့် တိုင်းပြည်အကျိုး၊ ဒေသခံအကျိုးများကို အမှန်တကယ် အပြောနှင့်အလုပ်၊ အလုပ်နှင့်အပြော ညီမျှသည့် ပုဂ္ဂိုလ်များဖြစ်ပြီး မိမိတို့အား အလုပ်အကျွေးပြုမည့်သူများအား အသည်းထဲက မဲတစ်ပြားကို ဉာဏ်နှင့်ယှဉ်ကာ ရွေးချယ်ကြပါလို့ ပန်ကြားရင်း နိဂုံးချုပ်လိုက်ပါသည်။

အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။

## သီပေါမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းစည်းဝေး

**သီပေါ စက်တင်ဘာ ၁၀** - ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ ရွေးကောက်ပွဲဆိုင်ရာစောင့်ကြည့်လေ့လာရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စောင့်ကြည့်လေ့လာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်းက ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း ညွှန်ကြားချက်အမှတ်(၁/၂၀၁၄)ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ်စောင့်ကြည့်လေ့လာရေးကော်မတီအတွင်းရေးမှူး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးစိုင်းမင်းလွင်နှင့်အဖွဲ့ဝင် ဒေါ်နန်းခင်ညွန့်လူတို့က စောင့်ကြည့်လေ့လာရေးဆိုင်ရာကိစ္စရပ်များ၊ စောင့်ကြည့်လေ့လာရေးဆိုင်ရာ အချက်အလက်များကို ပါဝါပွိုင့်ဖြင့်ရှင်းလင်းဆွေးနွေးပြီး စောင့်ကြည့်လေ့လာရေးအဖွဲ့ဝင်များဖြစ်ကြသော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက သိရှိလိုသည်များ မေးမြန်းကြရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

သီပေါမြို့နယ်အနေဖြင့် ကျေးရွာအုပ်စု ၆၇ အုပ်စု၊ ရပ်ကွက် ၁၁ ရပ်ကွက်တွင် ဆန္ဒမဲပေးခွင့်ရှိသူ ၁၃၅၇၉၉ ဦးရှိပြီး မဲရုံ ၁၁၁ ရုံရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ကရင်ပြည်သူ့ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၀

**ကရင်ပြည်သူ့ပါတီဥက္ကဋ္ဌ စောထွန်းအောင်မြင့်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -**



**"အားလုံးမင်္ဂလာ ညနေခင်းပါခင်ဗျာ၊"**

ကျွန်တော်ကတော့ ကရင်ပြည်သူ့ပါတီရဲ့ဥက္ကဋ္ဌ စောထွန်းအောင်မြင့် ဖြစ်ပါတယ်။ ကရင်အမည်ကတော့ စောဆာဒူဂေါဖြစ်ပါတယ်။ မိုးသောက်ကြယ်လို့ အဓိပ္ပာယ်ရပါတယ်။ ယခုလို ရုပ်မြင်သံကြားအစီအစဉ်မှာ ပြည်သူလူထုအများရှေ့မှောက်စကားပြောခွင့်ရရှိတဲ့အတွက် စီစဉ်ပေးတဲ့ တာဝန်ရှိသူများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ပထမဦးစွာ ရှေးနှစ်များကလိုပဲ ကျွန်တော်တို့ပါတီ အမည်ဖြစ်တဲ့ ကရင်ပြည်သူ့ပါတီရဲ့အဓိပ္ပာယ်ကို ဖွင့်ဆိုရှင်းပြပေးလိုပါတယ်။ ကျွန်တော်တို့ရဲ့ ပါတီကို စတင်ထူထောင်ခြင်းရဲ့ကနဦး ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ရဲ့ သွေးချင်း ကရင်လူမျိုးများအတွက် တရားဝင်နိုင်ငံရေးလမ်းကြောင်းပေါ် ရောက်ရှိနိုင်ရေးအတွက် အခင်းအကျင်းတစ်ရပ် တည်ဆောက်ဖို့ပဲ ဖြစ်ပါတယ်။ ကရင်အမျိုးသားများက ဦးဆောင်ဖွဲ့စည်းခဲ့လို့ အမည်ကို ကရင်နဲ့ အစပြုထားသော်လည်း တစ်ရွာတည်းနေ တစ်ရေတည်းသောက်အစဉ်အဆက် အတူတကွ အေးအတူပူအမျှ နေထိုင်လာခဲ့ကြသော အခြားတိုင်းရင်းသား ပြည်သူအားလုံးကိုလည်း ပါဝင်စေလိုသောဆန္ဒဖြင့် ပြည်သူဟူသော အမည်ထည့်သွင်းလျက် ကရင်များက ကနဦးစတင်တည်ထောင်သည့် နယ်မြေတစ်စုတည်းတွင် နေထိုင်သော တိုင်းရင်းသားပြည်သူများ၏ ပါတီအဖြစ် ရပ်တည်လုပ်ဆောင်လျက်ရှိပါသည်။ ကျဉ်းမြောင်းသော လူမျိုးရေးအမြင်ကို အခြေခံခြင်းမဟုတ်ကြောင်း ပြောကြားလိုပါတယ်။

**ကရင်ပြည်သူ့ပါတီ၏မူဝါဒ**

ကရင်ပြည်သူ့ပါတီသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် မြန်မာနိုင်ငံနှင့်ကိုက်ညီသော ဖက်ဒရယ်ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရာတွင် ပါဝင်ဆောင်ရွက်သွားရေးကို ပါတီ၏ နိုင်ငံရေးမူဝါဒအဖြစ် ချမှတ်သည်။

**ကရင်ပြည်သူ့ပါတီ၏ ယုံကြည်ချက်နှင့်သဘောထား**

- မြန်မာနိုင်ငံသည် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို တည်ဆောက်ကျင့်သုံးနိုင်မှသာလျှင် မတူကွဲပြားနေသော တိုင်းရင်းသားလူမျိုးများအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုများ ရရှိလာပြီး တိုင်းပြည်အေးချမ်းသာယာမှုကို ရှေးရှုနိုင်မည်ဟု ယုံကြည်သည်။
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရာတွင် လူတစ်ဦးချင်းစီ၏ အရည်အသွေးတိုးမြင့်လာရေးအတွက် ပညာရေးဖွံ့ဖြိုးမှုသည် အခြေခံကျသည်ဟု ယုံကြည်သည်။
- ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံးနှင့် လူနည်းစုများ၏ အခွင့်အရေးကို အာမခံကာကွယ်ပေးနိုင်သော စနစ်ကို ချမှတ်အကောင်အထည်ဖော်နိုင်မှသာလျှင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို ရရှိနိုင်မည်ဟု ယုံကြည်သည်။
- ကမ္ဘာ့နိုင်ငံရေး လူမှုရေးအခင်းအကျင်းသည် ခေတ်ရေစီးကြောင်းအလိုက် ရွေ့လျားပြောင်းလဲနေမည်သာဖြစ်သည်။ ကရင်ပြည်သူ့ပါတီ၏ အမျိုးသားရေးခံယူချက်မှာ ပြောင်းလဲနေသော အခြေအနေများတွင် တိုင်းပြည်နှင့် အမျိုးသားရေးထိခိုက်မှုမရှိစေရန်အတွက် အကောင်းဆုံးဟန်ချက်ညီစွာ ဆောင်ရွက်သွားရန်ဖြစ်သည်။
- ကရင်ပြည်သူ့ပါတီသည် ကရင်လူမျိုးများ၏ မျိုးနွယ်စုအစွဲ၊ ဘာသာရေး ယုံကြည်ကိုးကွယ်မှုအစွဲ၊ ဒေသစွဲ အစရှိသော မတူညီမှုများအပေါ် အစွဲအလမ်းမရှိဘဲ ကရင်ဖြစ်သူအားလုံးကို ကရင်လူမျိုးဟူ၍သာ ချစ်ခင်စွာ ရှုမြင်သဘောထားသည်။
- ဤကမ္ဘာမြေပေါ်တွင် ကရင်လူမျိုးနွယ်များသည် လူမျိုးတစ်မျိုးအနေဖြင့် ရေရှည်ရပ်တည်နိုင်ရေးအတွက် ကရင်လူမျိုး၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ဖော်ထုတ်၊ ထိန်းသိမ်းမြှင့်တင်ခြင်းကို လူမျိုးရေးတာဝန်တစ်ရပ်အဖြစ် သဘောထားခံယူပြီး တစိုက်မတ်မတ် လုပ်ဆောင်သွားမည်။
- ကရင်လူမျိုးတို့၏ အမှန်တရားကို မြတ်နိုးကျင့်သုံးခြင်း၊ သစ္စာရှိခြင်းစသည့် တန်ဖိုးများကို အခြေခံပြီး နိုင်ငံသားတိုင်း၏ အနာဂတ်လုပရေးကို စိတ်ကောင်းစေတနာမှန်ဖြင့် အစဉ်ပါဝင်ဆောင်ရွက်သွားမည်။
- မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံးသည် မိမိတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို တန်ဖိုးထားထိန်းသိမ်းခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်လာပြီး၊ တိုင်းရင်းသားအချင်းချင်း မိမိတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို အပြန်အလှန်နားလည် တန်ဖိုးထား လေးစားခြင်းဖြင့်သာ ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်မည်ဟု ယုံကြည်သည်။

**ကရင်ပြည်သူ့ပါတီ၏ရည်ရွယ်ချက်**

၁။ မြန်မာနိုင်ငံအတွက် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ တည်ထောင်နိုင်ရန်။

၂။ အခြေခံလူတန်းစားများ၏ လူနေမှုဘဝနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာရန်။

၃။ ကရင်လူမျိုး၊ မျိုးနွယ်စုများနှင့် မိမိတို့နှင့် အတူယှဉ်တွဲနေထိုင်လျက်ရှိသော အခြားတိုင်းရင်းသားလူမျိုးများအားလုံး တရားမျှတသော အခွင့်အရေးများရရှိနိုင်ရန်။

**ကရင်ပြည်သူ့ပါတီ၏လုပ်ငန်းစဉ်**

၁။ မြန်မာနိုင်ငံအတွက် မှန်ကန်၍ တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် အစွမ်းကုန် ပါဝင်ဆောင်ရွက်ရန်။

၂။ ငြိမ်းချမ်းသော ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ တည်ဆောက်နိုင်ရေးကို ရှေးရှုလျက် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြောင်းလဲဖြစ်ပေါ်လာသော အခြေအနေများနှင့်အညီ လိုအပ်သော ပြင်ဆင်ချက်များကို တိုင်းရင်းသားပြည်သူများနှင့် တာဝန်ရှိသူများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းညှိနှိုင်း ပြင်ဆင်သွားရန်။

၃။ ပြည်သူအားလုံးအတွက် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုရှိရေးအတွက် လွှတ်တော်တွင် ပြဋ္ဌာန်းဆောင်ရွက်သွားနိုင်ရန်။

၄။ ကလေးသူငယ်များ၏ ကျန်းမာရေးနှင့် လိမ္မာယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိခင်များအတွက် ကျန်းမာရေးနှင့် အခြားလိုအပ်သော တတ်သိပညာနှင့် ဝင်ငွေတိုးလုပ်ငန်းများအတွက် အသိပညာနှင့် အရင်းအမြစ်ရရှိရေး ဆက်သွယ်ဆောင်ရွက်ပေးရန်။

၅။ ကရင်အပါအဝင် လူငယ်များ(အမျိုးသမီး/ အမျိုးသား)အားလုံးအတွက် အသက်မွေးမှုပညာ၊ အထက်တန်းပညာ၊ ခေတ်မီဆက်သွယ်ရေးပညာ၊ စီမံခန့်ခွဲခေါင်းဆောင်မှုပညာ၊ နိုင်ငံရေးသိပ္ပံပညာများ လက်လှမ်းမီစွာ သင်ယူနိုင်ရေး ဦးတည်ပျိုးထောင်ပေးရန်။

၆။ တောင်သူလယ်သမား၊ အလုပ်သမားအများစုဖြစ်သည့် ကရင်နှင့်အခြား တောင်သူလယ်လုပ်များအားလုံး ကုန်ထုတ်လုပ်မှု အရည်အသွေး၊ ဈေးကွက်နှင့် ဝင်ငွေတိုးတက်မြင့်မားလာစေရေး ဆောင်ရွက်ပေးရန်။

၇။ တိုင်းရင်းသားပြည်သူပြည်သားအားလုံး အေးအတူပူအမျှ စည်းလုံးညီညွတ်စွာ နေထိုင်သွားလာနိုင်ရေး အခြေအနေဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်ပေးနိုင်ရန်။

၈။ ကရင့်ရေးရာနှင့် အခွင့်အရေးများရရှိရေးကို တရားဥပဒေနှင့်အညီ ပြဋ္ဌာန်းဆောင်ရွက်နိုင်ရန်အတွက် ကရင်လူမျိုးများ၏ သဘာဝနှင့် ဖြစ်တည်နေမှုကို နားလည်တင်ပြပေးနိုင်မည့် ကရင်လူမျိုးအခြေပြုပါတီမှ ကရင်ကိုယ်စားလှယ်များ လွှတ်တော်တွင် လုံလောက်စွာ ပါဝင်နိုင်ရန်။

၉။ ကရင်ပြည်နယ်အတွက် ကိုယ်တိုင်ပြဋ္ဌာန်းခွင့်များ ရရှိသည့်နည်းတူ ကရင်ပြည်နယ်ပြင်ပရှိ ကရင်လူမျိုးများအတွက်လည်း လူနည်းစု တိုင်းရင်းသားများရရှိရမည့် အခွင့်အရေးကို အပြည့်အဝရရှိနိုင်ရေး ဆောင်ရွက်ပေးရန်။

၁၀။ ကရင်ပြည်နယ်တွင်းရှိ ကရင်နှင့် ပြည်နယ်ပြင်ပ နိုင်ငံတစ်ဝန်း နေရာအနှံ့ ပျံ့နှံ့နေထိုင်ကြသော ကရင်လူမျိုးများအားလုံး အေးချမ်းလုံခြုံစွာ နေထိုင်နိုင်ရေးအတွက် ဖေးမကူစောင့်ရှောက်ပေးရန်။

၁၁။ ကရင်လူမျိုးများ တိမ်ကောပပျောက်မှုမှ ကာကွယ်ရန် ကရင်စာပေ ယဉ်ကျေးမှုများကို ထိန်းသိမ်းရေးနှင့် ကရင်စာပေဖွံ့ဖြိုးတိုးတက်ရေး အတွက် တရားဝင်ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်။

၁၂။ ကရင်လူမျိုးများ၏သမိုင်းတွင်တင်ရှိသော လေးစားတန်ဖိုးထားအပ်သည့် နေ့ထူးနေ့မြတ်များ၊ ဝိသေသလက္ခဏာများကို မှတ်တမ်းပြုစုပြီး အခမ်းအနားများကို ကျင်းပနိုင်ရေး ဆောင်ရွက်ရန်။



၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် ကရင်ပြည်သူ့ပါတီအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် ပြည်နယ်၊ တိုင်းဒေသကြီးနှင့် လွှတ်တော်အဆင့်ဆင့်မှာ-

၁။ ကရင်ပြည်နယ်
၂။ တနင်္သာရီတိုင်းဒေသကြီး
၃။ ပဲခူးတိုင်းဒေသကြီး
၄။ မွန်ပြည်နယ်
၅။ ရန်ကုန်တိုင်းဒေသကြီး
၆။ ဧရာဝတီတိုင်းဒေသကြီး

ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်နှင့် နေရာအရေအတွက်မှာ -

| | |
|---|---|
| ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော် | - ၄၄ နေရာ |
| ကရင့်ရေးရာကိုယ်စားလှယ်နေရာ | - ၅ နေရာ |
| ပြည်သူ့လွှတ်တော် | - ၁၈ နေရာ |
| အမျိုးသားလွှတ်တော် | - ၇ နေရာ |
| စုစုပေါင်း | - ၇၄ နေရာ |

နိဂုံးချုပ်အနေဖြင့် မိမိ၏ ကရင်လူမျိုးများထံသို့ ၂၀၂၀ ရွေးကောက်ပွဲအတွက် ပန်ကြားအသိပေးချက်များကို တင်ပြလိုပါသည်။

၁။ ဆန္ဒမဲပြုခွင့်ရှိ ကရင်လူမျိုးအားလုံး မိမိ၏အမည်သည် သက်ဆိုင်ရာ ကျေးရွာ/ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ရုံးတွင် ထုတ်ပြန်သည့် ဆန္ဒမဲပေးခွင့်ရရှိသူများစာရင်းတွင် ပါဝင်ခြင်းရှိမရှိ သွားရောက်ကြည့်ရှုအတည်ပြုပါ။

၂။ ဆန္ဒမဲပြုခွင့်ရှိပါလျက် ဆန္ဒမဲပေးခွင့်ရရှိသူများ အမည်စာရင်းတွင် မိမိအမည်မပါရှိပါက သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများထံ တင်ပြပြီး မဲပေးခွင့်ရရှိသူများစာရင်းတွင် မိမိအမည်ပါဝင်ရန် လိုက်နာဆောင်ရွက်ပါ။ အခက်အခဲရှိပါက မိမိတို့ဒေသတွင်ရှိသော ကရင်လူမျိုးအခြေပြုပါတီတာဝန်ရှိသူများကို တင်ပြအကူအညီတောင်းပါ။

၃။ မဲပေးရန်အစစအရာရာ အဆင်သင့်ဖြစ်ပြီးပါက မဲဆန္ဒပေးရမည့် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ (၈)ရက် နံနက်တွင် မပျက်မကွက် မဲပေးနိုင်ရန်ပြင်ဆင်ထားပါ။

၄။ ၂၀၂၀နှစ် ရွေးကောက်ပွဲတွင် ကရင်လူမျိုးများ စည်းလုံးညီညွတ်စွာ ကရင်ပါတီကိုယ်စားလှယ်များသို့ မဲပေးခြင်းဖြင့် ကရင့်နိုင်ငံရေးရေချိန်ကို မြှင့်တင်ပါ။

နောက်ဆုံးအနေနဲ့ကတော့ လာမည့် ၂၀၂၀ရွေးကောက်ပွဲဟာ ကျွန်တော်တို့နိုင်ငံရဲ့ ၂၁ ရာစုမှာ ကျင်းပတဲ့ တတိယအကြိမ်မြောက် အထွေထွေရွေးကောက်ပွဲ ဖြစ်ပါတယ်။ ရွေးကောက်ပွဲအတွက် တာဝန်ရှိသူများ၊ ပါဝင်ယှဉ်ပြိုင်သောပါတီများ၊ ပြည်သူများအနေနဲ့လည်း အတွေ့အကြုံနဲ့ သင်ခန်းစာများ အတော်အတန်ရရှိခဲ့ပြီး ဖြစ်ပါတယ်။ ဒီတတိယအကြိမ် ရွေးကောက်ပွဲမှာလည်း သက်ဆိုင်သူများအားလုံး၊ အထူးသဖြင့် ပြည်သူများအနေနဲ့ တာဝန်ကျေစွာ နိုင်ငံအတွက် အကောင်းဆုံးဖြစ်လိုသော စိတ်စေတနာဖြင့် လေ့လာပါဝင်ကြဖို့ တိုက်တွန်းခြင်းဖြင့် ကျွန်တော်ရဲ့တင်ပြမှုကို နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ကရင်ပြည်သူ့ပါတီ၏ စည်းရုံးရေးသီချင်းစာသား
တေးရေး- စောအယ်(လ်)-ဂေါ်
တေးဆို- နော်အယ်နီရှိုင်း
နော်လားဖာဆက်
နော်နုကျင်

ကေ-ပီ-ပီ ကရင်ပြည်သူ့ပါတီ စည်းလုံးခြင်းအားများနဲ့ လှမ်းလို့လာပါပြီ၊
ကေ-ပီ-ပီ ကရင်ပြည်သူ့ပါတီ ရိုးသားလို့ ကြိုးစားကြဖို့ အသင့်ဖြစ်နေပြီ၊
ကေ-ပီ-ပီ ကရင်ပြည်သူ့ပါတီ တစ်မျိုးသားလုံးအကျိုးအတွက် ဖြစ်တည်လာပါပြီ၊
ကေ-ပီ-ပီ ကရင်ပြည်သူ့ပါတီ အများအကျိုးထမ်းရွက်ကြဖို့ အသင့်ရှိနေပြီ၊
မြန်ပြည်တစ်ခွင် လှပလာမည်၊ ကေ-ပီ-ပီရဲ့ အစွမ်းတွေကိုယုံကြည်၊
အတွေးမမှားနဲ့ဟော့၊ လေးစားအရေးထားလို့၊
ရွေးလိုက်ကြစို့၊ ဒို့ရဲ့ ကေ-ပီ-ပီ။

# အများကို ကူညီခြင်း



Quarantine စင်တာများတွင် တစ်ယောက်တည်း နေထိုင်ရသည်ကို မကြောက်အောင် မည်သို့အားပေးရမည်ကို စဉ်းစားရမည်ဖြစ်ပါကြောင်း၊ We Love Yangon အဖွဲ့အနေဖြင့် သတင်းပေးရေးကိစ္စများကို ကူညီပေးစေလိုပါကြောင်း၊ တချို့က သတင်းပေးမှုကို တခြားသူများကို ချောက်တွန်းသည်၊ ဒုက္ခရောက်အောင်လုပ်သည်ဟု တွေးနေသည့်ပုံစံရှိပါကြောင်း၊ ထိုသို့လုပ်ဆောင်ခြင်းမဟုတ်ပါကြောင်း၊ အများကို ကူညီခြင်းဖြစ်ပါကြောင်း၊ မိမိကိုယ်တိုင်က ကျန်းမာရေးကောင်းမွန်သည့်အတွက် မိမိမှာရောဂါဖြစ်ပြီးနောက် ကောင်းမွန်သွားသည်ဆိုသော်လည်း အချက်နှစ်ချက်ကို စဉ်းစားစေလိုပါကြောင်း၊ တစ်ချက်မှာ မိမိမှတစ်ဆင့် ကူးစက်သွားသူတစ်ယောက်သည် မိမိကဲ့သို့ကံကောင်းချင်မှ ကံကောင်းမည်ဖြစ်ပါကြောင်း၊ မိမိကြောင့် ထိုသူ ဒုက္ခရောက်မသွားရန် စဉ်းစားရမည်ဖြစ်ပါကြောင်း၊ နောက်တစ်ချက်မှာ ကိုဗစ်၏ ရေရှည်အကျိုးဆက်များကို သေချာစွာ မသိရသေးပါကြောင်း၊ တချို့က ကိုဗစ်ရောဂါ ဖြစ်ပွားဖူးသူများသည် နောက်ပိုင်းတွင် အသက်ရှူလမ်းကြောင်းနှင့် ပတ်သက်သည့်ရောဂါများဖြစ်နိုင်သည်၊ အားနည်းချက်များ ဖြစ်နိုင်သည်ဆိုသည့် သုံးသပ်ချက်များကို ဖတ်ရပါကြောင်း၊ ယခုအချိန်ထိ မှန်သည် မမှန်သည်ကို ပြော၍မရသေးပါကြောင်း။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၇ ရက်တွင် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသစောင့်ရှောက်ရေးအတွက် Quarantine Center များနှင့် စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၂၆၂ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၁၅၀ ရှိသွားပြီ

နေပြည်တော် စက်တင်ဘာ ၁၀

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ ၂၆၂ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၁၅၀ ရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၂၁၅၀ အနက် သေဆုံးသူ ၁၄ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၆၂၅ ဦးနှင့် စက်တင်ဘာ ၉ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၁၀ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၂၂၉ ဦး ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
| --- | --- |
| ၁၈၅၄၇၄ | ၂၁၅၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
| --- | --- |
| ၆၂၅ | ၁၄ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၈၇၅၀

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၆၂၅ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၀-၉-၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

## မြဝတီမြို့ မြန်မာ-ထိုင်းအမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၂၈၄ ဦး ဆက်လက်ဝင်ရောက်

**မြဝတီ စက်တင်ဘာ ၁၀**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၂၈၄ ဦးသည် မြဝတီမြို့ မြန်မာ–ထိုင်း အမှတ် (၂)ချစ်ကြည်ရေး တံတားမှတစ်ဆင့် ယနေ့တွင် ဆက်လက် ဝင်ရောက်လာကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက် အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက် မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၃၁ ရက်အထိ ၁၅၉၉၈ ဦး၊ စက်တင်ဘာ ၁ ရက် မှ ၁၀ ရက်အထိ ၅၀၃၈ ဦး စုစုပေါင်း ၇၆၆၅၁ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၁၇၈ ဦး၊ အမျိုးသမီး ၁၀၆ ဦး စုစုပေါင်း ၂၈၄ ဦး ဖြစ်ပြီး သက်ဆိုင်ရာ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

### ၁၀-၉-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
| --- | --- | --- | --- | --- |
| ၁။ | အမေရိကန် | ၆၅၅၀၉၈၄ | ၃၈၄၆၇၁၇ | ၁၉၅၂၅၉ |
| ၂။ | အိန္ဒိယ | ၄၄၈၂၁၇၁ | ၃၄၈၃၀၃၉ | ၇၅၁၉၇ |
| ၃။ | ဘရာဇီး | ၄၁၉၉၃၃၂ | ၃၄၅၃၃၃၆ | ၁၂၈၆၅၃ |
| ၄။ | ရုရှား | ၁၀၄၆၃၇၀ | ၈၆၂၃၇၃ | ၁၈၂၆၃ |
| ၅။ | ပီရူး | ၇၀၂၇၇၆ | ၅၃၆၉၅၉ | ၃၀၂၃၆ |
| ၆။ | ကိုလံဘီယာ | ၆၈၆၈၅၆ | ၅၅၂၈၈၅ | ၂၂၀၅၃ |
| ၇။ | မက္ကဆီကို | ၆၄၇၅၀၇ | ၄၅၄၉၈၂ | ၆၉၀၉၅ |
| ၈။ | တောင်အာဖရိက | ၆၄၂၄၃၁ | ၅၆၉၉၃၅ | ၁၅၁၆၈ |
| ၉။ | စပိန် | ၅၄၃၃၇၉ | စိစစ်ဆဲ | ၂၉၆၂၈ |
| ၁၀။ | အာဂျင်တီးနား | ၅၁၂၂၉၃ | ၃၉၀၀၉၈ | ၁၀၇၁၃ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၀ – ၉ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
| --- | --- | --- | --- |
| ဖိလစ်ပိုင် | ၂၄၈၉၄၇ | ၁၈၆၀၅၈ | ၄၀၆၆ |
| အင်ဒိုနီးရှား | ၂၀၇၂၀၃ | ၁၄၇၅၁၀ | ၈၄၅၆ |
| စင်ကာပူ | ၅၇၂၂၉ | ၅၆၄၉၂ | ၂၇ |
| မလေးရှား | ၉၆၂၈ | ၉၁၆၇ | ၁၂၈ |
| ထိုင်း | ၃၄၅၄ | ၃၃၁၀ | ၅၈ |
| မြန်မာ | ၂၁၅၀ | ၆၂၅ | ၁၄ |
| ဗီယက်နမ် | ၁၀၅၉ | ၈၉၀ | ၃၅ |
| ကမ္ဘောဒီးယား | ၂၇၄ | ၂၇၃ | ၀ |
| ဘရူနိုင်း | ၁၄၅ | ၁၃၉ | ၃ |
| လာအို | ၂၂ | ၂၁ | ၀ |

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော စက်တင်ဘာ ၂ ရက်မှ ၇ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁ | ပျော်ရွှင်မှုမိုးရေစက် | သက်ဝေ | ဝိုင်းမော်စာပေ | ၃၀၀၀ |
| ၂ | မြန်မာနိုင်ငံသမိုင်းစဉ်လာအရ ဆောင်ရွက်ခဲ့သည့်ပညာရေးစနစ်များ | ဦးငွေတိုး | Myanmar Harp | ၄၀၀၀ |
| ၃ | ဆယ်ကျော်သက် လူချွန်လေးများ (၁) | ဇန်းမော်သိန်းဖေ | ပန္နက် | ၃၀၀၀ |
| ၄ | သင်္ချိုင်းရတရားမှ သင်္ချိုင်းရတရားသို့ ရှုမှတ်၍ ပကတိငြိမ်းရာကို သိမြင်ခြင်း | ဗိုလ်မှူးသန်းထွန်း(ငြိမ်း) | ဟန်သာဆု | ၂၅၀၀ |
| ၅ | ချိုင်းနားရီဗျူး | မင်းသွေ့ | ပန်းဆက်လမ်း | ၂၅၀၀ |
| ၆ | အဆောက်အအုံ၏ ဒဿန | လှိုင်သင်း | ဆန်းစသော်တာ | ၁၂၀၀၀ |
| ၇ | စင်သီယာ | ဖော်ဖော်အောင် | ရန်ကုန်လမ်းမများ | ၄၀၀၀ |
| ၈ | တရုတ်နိုင်ငံရေးသုခမိန် တိန့်ရှောက်ဖိန် | ဟိန်းလတ် | ရန်ကုန်လမ်းမများ | ၄၅၀၀ |
| ၉ | ဘကြီးအောင်ညာတယ်နှင့် ဂီတစာဆိုစန္ဒရားလှမိုး | အောင်သျှံဝိုင်း(ကျိုက်မရော) | Global Piece Group | ၅၀၀၀ |
| ၁၀ | ကားပေါ်က ခါးတစ်ဦးရဲ့ ဒိုင်ယာရီ | မင်းလွင် | အိပ်မက်အသစ် | ၃၀၀၀ |
| ၁၁ | ပစ်မှတ်၏ ဗဟိုချက် | စောဒေးဗစ် | အိပ်မက်အသစ် | ၃၀၀၀ |
| ၁၂ | ဖက်ဒရယ်အက်ဆေးများ | ထက်မင်းလွင် | Inya Book Club | ၂၀၀၀ |
| ၁၃ | မြန်မာတွေကိုသတ်လိုလျှင် မြန်မာစကားကိုသတ်ပစ်ပါ | ကလောင်စုံ | ဂလိုဘယ်အလင်း | ၃၀၀၀ |
| ၁၄ | ချစ်သော | ကိတ်မုန့် | ဇလပ်နီ | ၃၅၀၀ |
| ၁၅ | အယ်လ်ခိုင်ဒါ လျှို့ဝှက်သမိုင်း | အေးကိုစိုး | ယဉ်မျိုးစာပေ | ၇၅၀၀ |
| ၁၆ | အချစ်အိပ်မက် အလွမ်းလက်ဆောင် | နှင်းဆီအောင် | ကိုလတ် | ၂၅၀၀ |
| ၁၇ | မှ တိုသောကဗျာများစုစည်းမှု | နေညိုအောင် | ကိုလတ် | ၃၀၀၀ |
| ၁၈ | တပ်မက်မှုအပေါ် ရူးသွပ်ပါ | အောင်တင်ဝင်း | ကိုလတ် | ၁၀၀၀ |
| ၁၉ | မြစ်တစ်စင်း၏ စီးဆင်းခြင်းမှတ်စု | မင်းသန်းထိုက်(ဒေးဒရဲ) | ကိုလတ် | ၂၅၀၀ |
| ၂၀ | တံတားကလေးပေါ်မှာ | မေဇွန်အေး | ကိုလတ် | ၃၀၀၀ |
| ၂၁ | တရုတ်ပြည်ကွန်မြူနစ်ပါတီနှင့် ဗမာပြည်ကွန်မြူနစ်ပါတီအဆက်အသွယ်များ | ရဲဘော်ဘခက် | ရန်ကုန်လမ်းမများ | ၇၀၀၀ |
| ၂၂ | ဘာမှမတတ်နိုင်ဘူး | မင်းလူ | ရွှေနှလုံးသား | ၂၅၀၀ |
| ၂၃ | မြစ်မိုးရောင် ခင်မေဦး | လွန်းအောင်ကြင် | ကိုလတ် | ၆၀၀၀ |
| ၂၄ | ၁၅၀၀ = ၅၂၈(သို့မဟုတ်) ကြီးကျယ်ခမ်းနားလွန်းတဲ့အနမ်း | ဖြိုးမြတ်သစ် (နှလုံးသားစေညွှန်ရာ) | မိုရီကိုစာပေ | ၃၀၀၀ |
| ၂၅ | ကူးစက်တတ်သည် | ဇင်သန့် | ဘဝတက္ကသိုလ် | ၅၀၀၀ |
| ၂၆ | ခရီးသည်မှတ်တမ်း | ကျော်ဝင်း | တကောင်းစာပေ | ၈၀၀၀ |
| ၂၇ | အိမ်မှာကျွေးမွေးခွေးကလေးနှစ်ကောင် (ကဗျာပေါင်းချုပ်) | မင်းယဉ်စု | နှစ်ဆယ့်ခွန်စာပေ | ၂၀၀၀ |

## လိုင်လင်းပီမြို့၌ လူမှုရေးပင်စင်ထောက်ပံ့ငွေများ ဖြန့်ဝေပေး

**လိုင်လင်းပီ စက်တင်ဘာ ၁၀** – လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လစဉ်ထောက်ပံ့ပေးသည့် အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား လူမှုရေးပင်စင်ထောက်ပံ့ငွေများကို ချင်းပြည်နယ် လိုင်လင်းပီမြို့၌ ယမန်နေ့က စတင်ပေးအပ်သည်။

ထိုသို့ ထောက်ပံ့ရာတွင် တစ်လလျှင်တစ်ဦး ငွေကျပ် ၁၀၀၀၀ ဖြင့် သုံးလစာ (ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလ) အတွက် စုစုပေါင်းငွေကျပ် ၃၀၀၀၀ စီ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

ယာကမ်(ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၀ – ၉ – ၂၀၂၀

### ရွှေ

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၆၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၈၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၆၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၈၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၅/၅၇၅ | ကျပ် | ၅၆၅/၅၈၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၅/၅၈၅ | ကျပ် | ၅၈၀/၆၀၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၅/၅၂၅ | ကျပ် | ၅၄၅/၅၆၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၅/၆၃၅ | ကျပ် | ၆၇၀/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၃၅ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၈၀ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၇၆ . ၂၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၈ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၅၉ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၁ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၂၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၈၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၂ . ၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၀ . ၆၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၂ . ၆၁၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၉၀၀ | ၉၉၀၀ | ၃၁၇၄ | ၃၁၄၂၂၆၀၀ |
| MTSH | ၃၇၀၀ | ၃၇၅၀ | ၂၃၁ | ၈၆၁၂၀၀ |
| MCB | ၇၉၀၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၅၀၁ | ၁၃၅၂၇၀၀ |
| EFR | ၃၀၀၀ | ၃၀၀၀ | ၅၅၇ | ၁၆၇၂၅၀၀ |

ခင်ရတနာ – စုစည်းသည်




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | – အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – ဝင်းကျော် |
| သတင်းထောက်ချုပ် | – မြင့်ဆွေ |
| စာတည်းများ | – ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | – ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | – တင်စိုး |
| သုတေသန | – အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၃၇)

# လွှတ်တော်ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်း

မောင်စာဂ

**၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများစာရင်းကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက အတည်ပြုထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မိမိတို့ရွေးကောက်တင်မြှောက်ခံမည့် သက်ဆိုင်ရာ မဲဆန္ဒနယ်မြေများ၌ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ကြရပါတော့မည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် မဲဆွယ်စည်းရုံးရေးညွှန်ကြားချက်ကို ၆-၉-၂၀၂၀ ရက်စွဲပါ၊ ကြေညာချက်အမှတ် ၁၇၃/၂၀၂၀ ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ မဲဆွယ်စည်းရုံးရေးဆိုင်ရာ ညွှန်ကြားချက်များ မည်သို့ရှိသနည်း။ အနှစ်ချုပ်မျှဝေပါရစေ။**

**မဲဆွယ်စည်းရုံးရေးညွှန်ကြားချက်ထုတ်ပြန်ခြင်း**

လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်တစ်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရန် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားပြီး သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအသီးသီးက သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်အတည်ပြုကြေညာထားသည့် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတမှုရှိစေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာ ညွှန်ကြားချက်အမှတ် ( ၁ / ၂၀၁၄ ) ကို ၁ - ၇ - ၂၀၁၄ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**ပြင်ဆင်ချက်များထုတ်ပြန်ခြင်း**

အဆိုပါ ညွှန်ကြားချက်အမှတ် (၁ / ၂၀၁၄ ) အား ပြင်ဆင်သည့် ညွှန်ကြားချက်များဖြစ်သည့် မဲဆွယ်စည်းရုံးရေးကာလအဖြစ် ရွေးကောက်ပွဲကျင်းပမည့်နေ့ ရက်မတိုင်မီ တစ်ရက်အလိုအထိ ရက်ပေါင်း ၆၀ စည်းရုံးခွင့်ရှိကြောင်း ၂၅ - ၆ - ၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၄ / ရကပ / ကမရဖြင့်လည်းကောင်း၊ စုဝေးဟောပြောခွင့်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းက ဖြစ်စေ၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းကဖြစ်စေ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ လျှောက်ထားသည်နှင့် တစ်ပြိုင်တည်း မဲဆွယ်စည်းရုံးခြင်းကို ဆောင်ရွက်နိုင်ကြောင်း ၄ - ၉ - ၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၅ / နငရ - ကြီးကြပ် (၈)/ ကမရ ဖြင့်လည်းကောင်း ပြင်ဆင်ထုတ်ပြန်ထားပြီး ဖြစ်သည်။

**ဘာသာရေးအဆောက်အအုံများတွင် ခွင့်မပြုခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၆- ၅- ၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၄ / နငရ - ကြီးကြပ် (၂၂) / ကမရဖြင့် နိုင်ငံရေးပါတီများက ဘာသာရေးအဆောက်အအုံများတွင် အစည်းအဝေးကျင်းပပြုလုပ်ခြင်းကို ခွင့်မပြုကြောင်းနှင့် တည်ဆဲနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်လည်း ထုတ်ပြန်ထားပြီးဖြစ်သည်။

**ကျင့်ဝတ်ထုတ်ပြန်ခြင်း**

ထို့အပြင် နိုင်ငံရေးပါတီများ၏ သဘောတူညီချက်ဖြင့် ရေးဆွဲထားသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ် (Code of Conduct for Political Parties and Candidates)ကိုလည်း ပြင်ဆင်ပြုစု၍ ၂၆-၆-၂၀၂၀ ရက်နေ့က ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**မဲဆွယ်စည်းရုံးရေးကာလသတ်မှတ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ (၈ - ၉ - ၂၀၂၀ ရက်နေ့ နံနက် ၀၆ : ၀၀ နာရီမှ ၆ - ၁၁ - ၂၀၂၀ ရက်နေ့ ည ၁၂ : ၀၀ နာရီအထိ ) ခွင့်ပြုကြောင်း ၆-၉-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် ၁၇၃/၂၀၂၀ ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

**ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန်ချက်ကို လိုက်နာရန်လိုအပ်ခြင်း**

ယခုကာလ၌ ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားနေမှုအခြေအနေအရ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် ထုတ်ပြန်မည့် ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန် (Standard Operating Procedure – SOP ) နှင့် သက်ဆိုင်ရာက အချိန်ကာလ/ နေရာဒေသအလိုက် ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ အထူးအလေးထားပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

> **“ပြည်သူတို့၏ ကိုယ်စားလှယ်လောင်းများသည် ဘက်စုံအရည်အချင်း ပြည့်ဝကြသူများ ဖြစ်ကြသည်။ ဥပဒေနှင့် ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာရာတွင်လည်း ပြည်သူတို့အတွက် စံပြုထိုက်သူများ ဖြစ်ကြသည်။ မျက်မှောက်ကမ္ဘာတစ်ဝန်း ကိုဗစ်- ၁၉ ကပ်ရောဂါအန္တရာယ်ကို အထူးသတိပြုနေထိုင်ကြရသည့်ကာလတွင် ရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများအနေဖြင့် မိမိအပါအဝင် မဲဆန္ဒရှင်ပြည်သူများ၏ ကျန်းမာရေးကို အထူးအလေးထား လိုက်နာဆောင်ရွက်ကြရပါမည်”**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အမိန့်ထုတ်ပြန်ခြင်း**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ နေရာအနေအထား၊ အကျယ်အဝန်းပေါ်မူတည်၍ တစ်ကြိမ်လျှင် လူ ၅၀ ဦးထက်မပိုသော ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းတို့နှင့်စပ်လျဉ်း၍ အမိန့်အမှတ် ၁၀၁/၂၀၂၀ ကို ၆-၉-၂၀၂၀ ရက်စွဲဖြင့် အောက်ပါအတိုင်း ထုတ်ပြန်ခဲ့သည်-

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၁၂-၈-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၈၈/ ၂၀၂၀ အရ လူ ၃၀ ဦးဖြစ်စေ၊ လူ ၃၀ ဦး ထက်ပို၍ဖြစ်စေ စုဝေးခြင်းပြုနိုင်သည့် ကိစ္စရပ်များတွင် “ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန် (Standard Operating Procedures – SOP) နှင့်အညီ နေရာအနေအထား၊ အကျယ်အဝန်းပေါ်မူတည်၍ တစ်ကြိမ်လျှင်လူ ၅၀ဦးထက်မပိုသော ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်း ” ကိစ္စရပ်ကို ထပ်မံဖြည့်စွက်လိုက်သည်။

၃။ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်း ကိစ္စရပ်များအတွက် စုဝေးခြင်းပြုနိုင်သည့်နေရာနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(က) လူတစ်ဦးနှင့်တစ်ဦး ရှေ့၊ နောက်၊ ဝဲ၊ ယာ အနည်းဆုံး ၆ ပေစီကွာလျက် နေရာချထား စီမံဆောင်ရွက်ရန်၊

(ခ) နေရာအနေအထား၊ အကျယ်အဝန်းအား တွက်ချက်ရာတွင် အခြေခံအားဖြင့် လူတစ်ဦးအတွက် ၃၆ စတုရန်းပေနှုန်းဖြင့် တွက်ချက်စီမံဆောင်ရွက်ရန်၊

(ဂ) လေဝင်လေထွက်ကောင်းသော နေရာများတွင်သာ စီမံဆောင်ရွက်ရန်၊

(ဃ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသောကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်ရေး လမ်းညွှန်ချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ရန်။

**အေးချမ်းတည်ငြိမ်သည့်ရွေးကောက်ပွဲများဖြစ်စေရေး**

သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့်အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများသည် လွတ်လပ်၍ တရားမျှတပြီး အေးချမ်းတည်ငြိမ်သည့် ရွေးကောက်ပွဲများဖြစ်စေရေး အတွက်လည်းကောင်း၊ ကိုဗစ် - ၁၉ ရောဂါ ပြန့်ပွားမှု မရှိစေရေးအတွက်လည်းကောင်း အောက်ဖော်ပြပါ ညွှန်ကြားချက်၊ ကျင့်ဝတ်လမ်းညွှန်ချက်များကို အထူးအလေးထား လိုက်နာဆောင်ရွက်ကြရပါမည် -

(က) ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့်မဲဆွယ်စည်းရုံးခြင်းဆိုင်ရာတို့နှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်အမှတ် (၁ / ၂၀၁၄ )နှင့် အဆိုပါ ညွှန်ကြားချက်ကို ပြင်ဆင်သည့် ညွှန်ကြားချက်များ၊

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၆-၅-၂၀၂၀ ရက်စွဲပါ ညွှန်ကြားချက်၊**

(ခ) နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ်၊

(ဂ) အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေး စံလုပ်ငန်းလမ်းညွှန် (SOP)

(ဃ) သက်ဆိုင်ရာက အချိန်ကာလ/ နေရာဒေသအလိုက် ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ အမိန့်များ၊ လမ်းညွှန်ချက်များ။

**စံပြုထိုက်သူများဖြစ်ကြပါစေ**

ပြည်သူ့အတွက် ပြည်သူများနှင့်အတူ ပြည်သူကို ကိုယ်စားပြုရွေးချယ်ခံကြမည့် ပြည်သူတို့၏ ကိုယ်စားလှယ်လောင်းများသည် ဘက်စုံအရည်အချင်း ပြည့်ဝကြသူများဖြစ်ကြသည်။ ဥပဒေနှင့် ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာရာတွင်လည်း ပြည်သူတို့အတွက် စံပြုထိုက်သူများ ဖြစ်ကြသည်။ မျက်မှောက်ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ကပ်ရောဂါအန္တရာယ်ကို အထူးသတိပြုနေထိုင်ကြရသည့်ကာလတွင် ရွေးကောက်ပွဲပါဝင်ယှဉ်ပြိုင်ကြမည့် ကိုယ်စားလှယ်လောင်းများအနေဖြင့် မိမိအပါအဝင် မဲဆန္ဒရှင်ပြည်သူများ၏ ကျန်းမာရေးကို အထူးအလေးထား လိုက်နာဆောင်ရွက်ကြရပါမည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးကို နိုင်ငံတစ်ဝန်း အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အားလုံးပါဝင် ဦးတည်ကြိုးပမ်းကြလျက်ရှိသည်။ ပန်းတိုင်သို့ ရောက်လုနီးပါပြီ။ ရက်ပေါင်း ၆၀ အတွင်း ရွက်ကုန်ဖွင့်၍ တက်စုံလှော်ခတ်ကြရာတွင် ခြေကုန်လက်ပန်းမကျကြဖို့ လိုပါသည်။ မိမိတို့၏ မဲဆန္ဒရှင်ပြည်သူများ၏ ကောင်းကျိုးလိုရာဆန္ဒများကို အသိ၊ သတိ၊ ဉာဏ်ပညာအမြော်အမြင်များဖြင့် စွမ်းဆောင်အောင်နိုင်ကြစေကြောင်းပါဗျာ။

- ဥပဒေ၊ ကျင့်ဝတ်စည်းကမ်းများနှင့်အညီ စည်းရုံးဆောင်ရွက်နိုင်ကြပါစေ၊
- ကျန်းမာရေးသတိ၊ ကျန်းမာရေးအသိဖြင့် ညွှန်ကြားချက်များနှင့်အညီ အထူးအလေးထားဆောင်ရွက်နိုင်ကြပါစေ၊
- ပြည်သူအများ ဘေးအန္တရာယ်ကင်းစွာ ရွေးချယ်ဆန္ဒမဲပေးနိုင်ရေး အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေ။ ။

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ရေတာရှည်မြို့နယ် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေး

ပဲခူး စက်တင်ဘာ ၁၀

**ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် စက်တင်ဘာ ၈ ရက်က ရေတာရှည်မြို့နယ် ကြံသန္တယ်ကျေးရွာအုပ်စု နန်နွှန်- ဖျံချောင်း- ဖားဘောင်တင် ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**

အဆိုပါ ကြံသန္တယ်ကျေးရွာအုပ်စု နန်နွှန်- ဖျံချောင်း- ဖားဘောင်တင် ကျေးရွာချင်းဆက်မြေသားလမ်းသည် အရှည်ပေ ၃၅၀၀၊ အကျယ်ပေ ၂၀၊ အမြင့်နှစ်ပေရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၄ သန်းဖြင့် ရေတာရှည်မြို့နယ် ကျေးလက်လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ လမ်းပိုင်းပြီးစီးပါက တောင်ငူမြို့နယ်နှင့် ရေတာရှည်မြို့နယ်အတွင်းရှိ ကျေးရွာများ ရာသီမရွေး အဆင်ပြေစွာ သွားလာနိုင်ကြမည်ဖြစ်ကြောင်း၊ လူမှုစီးပွား ဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဖျံချောင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ဆရာတော်အားလှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပြည်သူများနှင့်တွေ့ဆုံပြီး ဒေသခံများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ တောင်နန်နွှန်ကျေးရွာ ရွာတွင်းလမ်း ပြုပြင်ဆောင်ရွက်ရန်အတွက်လည်း ထောက်ပံ့ငွေကျပ် ၁၂ သိန်း၊ ဖျံချောင်းကျေးရွာအတွက် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများကို ကျေးရွာတာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေးစဉ်။

# မွန်ပြည်နယ်ဝန်ကြီးချုပ် ကျိုက်ထိုမြို့နယ် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဝင်များနှင့် ဟိုတယ်လုပ်ငန်းရှင်များအား တွေ့ဆုံ

**ကျိုက်ထို စက်တင်ဘာ ၁၀**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံနှင့် ကျိုက်ထိုမြို့နယ် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဝင်များ၊ ဟိုတယ်လုပ်ငန်းရှင်များသည် စက်တင်ဘာ ၈ ရက်က ကျိုက်ထိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ် - ၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့်ပတ်သက်၍ ကျိုက်ထိုမြို့နယ်အတွင်း မုပ္ပလင်ကျေးရွာရှိ စစ်တောင်းတံတားသစ်လမ်းဆုံနှင့် စစ်တောင်းတံတား (သိမ်ဇရပ်)ရှိ စစ်တောင်းတံတားထိပ်တို့တွင် ကိုဗစ် - ၁၉ ရောဂါစစ်ဆေးရေးဂိတ်များဖွင့်လှစ်ကာ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်မှုသည် မွန်ပြည်နယ်တစ်ခုတည်းသာမက ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးအတွက်လည်း အကျိုးဝင်ကြောင်း၊ ယခုအချိန်အထိ လုပ်ငန်းအဆင်ပြေအောင် တက်ညီလက်ညီနှင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြသော မြို့နယ် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များအား အထူးပင်ကျေးဇူးတင်ဂုဏ်ယူကြောင်း၊ ယခုအခါ စစ်ဆေးရေးဂိတ်၌ စစ်ဆေးမှုပြုလုပ်ပြီး ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် သတ်မှတ်နေရာ အသွားအလာကန့်သတ်ထားသည့်သူများအနက် အချို့သည် မိမိအစီအစဉ်ဖြင့် ဟိုတယ်တွင် အသွားအလာ ကန့်သတ်နေထိုင်မှုဖြင့် နေထိုင်ချင်ပါက မိမိတို့အနေဖြင့် ကြိုတင်ဆောင်ရွက်ထားနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ဟိုတယ်များအနက် ဟိုတယ်တွင် အသွားအလာကန့်သတ်အဖြစ်ထားနိုင်သည့် ဟိုတယ်ရှိပါက မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်းတို့ကို ပြောကြားသည်။

စိမ်းလဲ့တင် ဟိုတယ်ဒါရိုက်တာ ဦးသန်းဇော်က ဟိုတယ်လုပ်ငန်းရှင်များ၏ အဆိုပြုချက်အရ စိမ်းလဲ့တင် ဟိုတယ်တွင် သီးသန့်အဆောင် ၃၂ ခန်း ရှိပါသဖြင့် စိမ်းလဲ့တင်ဟိုတယ်တွင် ဟိုတယ်အသွားအလာကန့်သတ်အဖြစ် ကူညီဆောင်ရွက်ပေးနိုင်ကြောင်းနှင့် ဟိုတယ်တွင်အသွားအလာကန့်သတ် ဝင်ရောက်သည့်သူ၏ လုံခြုံရေးကို မြို့နယ် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းကော်မတီဝင်များက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပြောကြားခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းထိုက် က မိမိတို့ မြို့နယ် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ကော်မတီဝင်များအနေဖြင့် စိမ်းလဲ့တင်ဟိုတယ်သို့ သွားရောက်ပြီး ဟိုတယ်တွင် အသွားအလာကန့်သတ်ထားမည့် နေရာများနှင့်ပတ်သက်၍ စိစစ်မှုများပြုလုပ်ကာ လိုအပ်သည်များကို ဟိုတယ်နှင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ **ဝင်းမောင်(ကျိုက်ထို)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဟံမြင့်မိုရ် - မြို့ကြီး - ရွာငံ- အောင်ပန်းလမ်းရှိ လမ်း/တံတား ပြုပြင်ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**ရွာငံ စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်ရှိ ဟံမြင့်မိုရ် - မြို့ကြီး - ရွာငံ - အောင်ပန်းလမ်းပေါ်ရှိ လမ်း၊ တံတား ပြုပြင်ဆောင်ရွက်နေမှုကို ယမန်နေ့က ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးနေလင်း၊ ညွှန်ကြားရေးမှူး ဦးထင်ကျော်အေးတို့နှင့်အတူလမ်း၊ တံတားပြုပြင်နေမှုကို ကွင်းဆင်းကြည့်ရှုသည်။



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်အား လမ်း၊ တံတား ပြုပြင်ဆောင်ရွက်မှု ရှင်းလင်းတင်ပြနေစဉ်။

အဆိုပါ ဟံမြင့်မိုရ်-မြို့ကြီး-ရွာငံ-အောင်ပန်းလမ်းကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု၊ ပြည်နယ် ငွေလုံးငွေရင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ပြည်နယ်လမ်းဦးစီးဌာနနှင့် JICA ကုမ္ပဏီတို့ ပူးပေါင်း၍ လမ်းအနိမ့်အမြင့်ညှိခြင်း၊ ရေပိုက်လွှာလောင်းခြင်း၊ လမ်းတာပေါင်ချဲ့ခြင်းနှင့်တည်ဆောက်ခြင်း၊ ကျောက်တောင် မိုင်းခွဲလမ်းချဲ့ခြင်း၊ ပေ ၅၀ အောက်သံကူကွန်ကရစ်တံတားတိုးချဲ့တည်ဆောက်ခြင်း၊ ကျောက်စီရေမြောင်းနှင့် ရေမြောင်းပုံတည်ဆောက်ခြင်းလုပ်ငန်းများကို ရှင်းလင်းဆောင်ခန်းမ၌ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသူရဇော်နှင့် ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးတို့က ရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ယခုအချိန်တွင် ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားနေသည့်အတွက် ကျန်းမာရေးအတွက် ကာကွယ်နိုင်ရန် လုပ်ငန်းခွင်၌ နှာခေါင်းစည်းများ တပ်ဆင်ဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ချင်းပြည်နယ် လူမှုရေးဝန်ကြီး တီးတိန်မြို့ မသန်စွမ်းသူများအား ထောက်ပံ့

**တီးတိန် စက်တင်ဘာ ၁၀**

ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင်ထန်သည် စက်တင်ဘာ ၈ ရက်က တီးတိန်မြို့အစိုးရမူလတန်းကြိုကျောင်း၌ပြုလုပ်သည့် နိုင်ငံတော်အစိုးရမှ ထောက်ပံ့သော မသန်စွမ်းသူများထောက်ပံ့ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး ထောက်ပံ့ငွေများပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ)**

ပြည်နယ်လူမှုရေးဝန်ကြီးက ယခုလို ထောက်ပံ့ငွေများ ပေးအပ်ခြင်းသည် ကိုဗစ်-၁၉ ရောဂါကြောင့် အပိုထပ်ဆောင်းထောက်ပံ့ခြင်း ဖြစ်ကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများအနေဖြင့် ထောက်ပံ့ငွေ အကျိုးခံစားမည့်သူများထံသို့ အရောက်ပေးပို့ကြရန် အထူးမှာကြားလိုကြောင်း ပြောကြားပြီး မသန်စွမ်းသူလေးဦးအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဆိုင်းဇန်ကျေးရွာ၊ ဒိမ်ပီးကျေးရွာ၊ ထန်းဇန်ကျေးရွာ၊ ဗာလ်းဗုမ်းကျေးရွာ၊ ဒမ်ပီးကျေးရွာများမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက်ကလေးများအတွက်ထောက်ပံ့ငွေများကို ကျေးရွာအုပ်ချုပ်ရေးမှူးများထံ လွှဲပြောင်းပေးအပ်သည်။

တီးတိန်မြို့နယ်တွင် မသန်စွမ်းသူ ၁၆၃၂ ဦး ရှိပြီး တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ စီ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## သံဃာတော်(၁၆၆၀)ကျော် သီတင်းသုံးတော်မူသော မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ရေ-မီး ထာဝရငွေပဒေသာပင်

## ကျပ်သိန်း(၁)သောင်း စီမံကိန်း ဆက်သွယ်လှူဒါန်းရန်- မစိုးရိမ်တိုက်သစ် ဂေါပကအဖွဲ့

ဦးလှအောင်(ဥက္ကဋ္ဌ)၊ ဖုန်း-၀၉-၂၀၀၃၂၂၉ ဦးမြဇော်(အတွင်းရေးမှူး) ဖုန်း-၀၉-၂၀၀၇၃၆၄
ဦးကျော်ဖေယျ(အဖွဲ့ဝင်) ဖုန်း-၀၉-၂၀၀၃၈၅၅ ဦးသိန်းငွေအောင်(အဖွဲ့ဝင်) ဖုန်း-၀၉-၂၀၀၉၇၉၀
ဦးကင်းဝန် (အဖွဲ့ဝင်) ဖုန်း-၀၉-၅၃၀၂၁၃၇

မန္တလေးမြို့၊ ၈၉ လမ်း၊ ၃၈x၄၁ လမ်းကြား၊ မစိုးရိမ်တိုက်သစ်သို့လည်း လူကိုယ်တိုင်လာရောက် လှူဒါန်းနိုင်ပါသည်။

### မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် ရေ၊ မီး ပဒေသာပင် ၈-လ ပိုင်း အလှူရှင်စာရင်း

ယခင်နေ့မှအဆက်

| စဉ် | အလှူရှင် | အလှူငွေ |
|---|---|---|
| ၈၄ | ဦးသိန်းလွင်+(ဒေါ်မြမြအုံး)မိသားစု ချမ်းမြသာစည်၊ မန္တလေးမြို့ | 100000 |
| ၈၅ | ကွယ်လွန်သူဖခင်ကြီး ဦးသိန်းထွန်း(၁)နှစ်ပြည့်အား ရည်စူး၍ ဒေါ်ခင်ငွေးမြင့် သမီး-မကြည်သာဦး သား မောင်ဟန်မင်းမောင်-မမို့မို့ဟန် သမီး-မဟေမာခင် မြေး-မခင်ယမုံသာ မိသားစု ဒဂုံမြောက်၊ ရန်ကုန်မြို့ | 100000 |
| ၈၆ | ဘဒ္ဒန္တဇေယန္တ အရှေ့ကျောင်းပရိယတ္တိစာသင်တိုက် မိုးညှင်းမြို့ | 100000 |
| ၈၇ | ဦးစန်းယု-ဒေါ်ခင်မာအေး သား-မောင်ကောင်းစည်သူ(ဦးကျော်စိန်နှင့်သားများ စက်မှုလက်မှု)မန္တလေးမြို့ (လစဉ်) | 100000 |
| ၈၈ | ဦးချိုလေး-ဒေါ်ကြည်ကြည်ဝင်း နွေငြိမ်း စတူဒီယို မိသားစု | 100000 |
| ၈၉ | ဦးစံသင်း-ဒေါ်မငယ် ထားဝယ်မြို့ | 100000 |
| ၉၀ | ဦးဝင်းမောင်-ဒေါ်သန်းရင်၊ ဦးညိုမှိုင်း-ဒေါ်မြကြည်တို့အားရည်စူး၍ ဦးခင်မောင်သန်း-ဒေါ်ယဉ်ယဉ် သမီး-မသွင်ဇာသန့် မိသားစု မန္တလေးမြို့ | 100000 |
| ၉၁ | ဦးအောင်ကျော်ဦး-ဒေါ်ညွန့်ညွန့်ဝင်း သားသမီးမြေးတစ်စု စိန်ပန်းရပ်၊မန္တလေးမြို့ | 100000 |
| ၉၂ | ဦးကျော်စိုး-ဒေါ်မော်လီ၊ ဦးမြင့်ဦး-ဒေါ်အမာစီတို့အား အမှူးထား၍ ဦးမျိုးအောင်-ဒေါ်ခိုင်စံပယ်လင်း သား- စိုးမင်းထက် သမီး-ဆုပြည့်ဖြိုးအောင် မိသားစု မြစ်ကြီးနားမြို့ | 100000 |
| ၉၃ | ဦးကိုကိုနိုင်(CE)-ဒေါက်တာသီရိနွယ် မိသားစု ရွှေပင်လုံအိမ်ရာ၊ ရန်ကုန်မြို့ (ဆဋ္ဌမအကြိမ်) | 100000 |
| ၉၄ | ကျောင်းကြီးကျောင်းဆရာတော် ရွှေဂုဏ်တိုင်ရွာ | 100000 |
| ၉၅ | ဒေါ်သုဓမ္မစာရီ | 100000 |
| ၉၆ | ဦးထွန်းမြင့်-ဒေါ်လှသန်းတို့အား ရည်စူး၍ သမီး-ဒေါ်ရည်ရည်မြစ်-မစိုးပွင့်ဖြူ ပေါင်ပေါင် ၄၂/မြောက်ဒဂုံ၊ ရန်ကုန်မြို့ | 100000 |
| ၉၇ | ဦးမျိုးမြင့်-ဒေါ်လှတိုး မိသားစု ဇမ္ဗူရတနာကုမ္ပဏီလီမိတက်၊ရန်ကုန်မြို့ | 100000 |
| ၉၈ | မသီလာစာရီ မအူပင်ချောင်၊စစ်ကိုင်းမြို့ | 100000 |
| ၉၉ | ဦးဘကြည်-ဒေါ်မမလေး၊ဒေါ်ကြိုင်ကြိုင်၊ဦးစိုးသိန်းတင်တို့အား ရည်စူး၍ ဦးထွန်းချွန် ညီမ-ဒေါ်ခင်ဝင်း မိသားစု | 100000 |
| ၁၀၀ | ဦးသန်းအောင်-ဒေါ်နီတို့အား ရည်စူး၍ ဒေါ်စောမြသန္တာ ရွှေခင်းသာရပ်၊ မန္တလေးမြို့ | 100000 |
| ၁၀၁ | သမီး ဇင်မျက်ရှု (EMMA KHING MON)၏ မွေးနေ့အလှူ ဖေဖေ ဦးခိုင်မွန်ထွန်း-မေမေ ပြုံးမြင့်သူ မိသားစု အရှေ့ရန်ကင်း၊ ရန်အောင်လမ်းသွယ် ၃၊ ရန်ကုန်မြို့ | 100000 |
| ၁၀၂ | ကွယ်လွန်သူ ဒေါက်တာစိုးလင်း(ဖိုးရှည်)အား ရည်စူး၍ ဒေါ်လေး မာလေး(ဖိုးမာ)မိသားစု အရှေ့ရန်ကင်း၊ ရန်အောင်လမ်းသွယ်၊ ရန်ကုန်မြို့ | 100000 |
| ၁၀၃ | မြန်မာစာချစ်သူ ဦးလှသိန်း (Sayar John.Okell)အား ရည်စူး၍ မာလေး သမီး-ပြုံးမြင့်သူ ဖွားသစ်မိသားစု ရန်အောင်လမ်းသွယ် ၃၊ အရှေ့ရန်ကင်း၊ ရန်ကုန်မြို့ | 100000 |

ဆက်လက်ဖော်ပြသွားပါမည်။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အထက်ပါကိစ္စနှင့် စပ်လျဉ်း၍ ၂၀၂၀ - ၂၀၂၁ ခုနှစ် ၊ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သောဓာတ်အားခွဲရုံပစ္စည်းများ၊လမ်းမီးဆိုင်ရာပစ္စည်းများ၊ ဓာတ်အားလိုင်းပစ္စည်းများ ၊ မြေအောက်ဓာတ်ကြိုးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်အချက်အလက်များကိုဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၁၁.၉.၂၀) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်နှင့်အချိန်အား တင်ဒါပုံစံတွင် ဖော်ပြထားပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊ ၀၁-၂၂၀၈၅၉၉၊၀၁-၂၂၀၈၁၆ ဖုန်းနံပါတ်များသို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ ကွင်းအမှတ်(၂၀)၊ ဦးပိုင်အမှတ်(၁၀၆)၊ မြေဧရိယာ (၀ ဒသမ ၀၈၃) ဧကရှိ မြေကွက်ကို ဦးမာဖူးချွန်အမည်ဖြင့် ၃၀-၆-၂၀၂၂ ရက်ထိ မြေဂရန်သက်တမ်းရှိခဲ့ပြီး ၉-၇-၂၀၀၅ရက်တွင် ဦးမာဖူးချွန်ထံမှ ဦးဝင်းအောင်က လည်းကောင်း၊ (၂-၇-၂၀၂၀)ရက်တွင် ဦးဝင်းအောင်ထံမှ ဒေါ်သီသီစန်းကလည်းကောင်း နှစ်ဦးသဘောတူ နေအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူ ပိုင်ဆိုင်ခဲ့ပြီး ဒေါ်သီသီစန်း ၁/မကတ(နိုင်)၀၇၇၀၄၈ အမည်ဖြင့် မြေငှားဂရန်အမည် ပြောင်းရရှိရေးအတွက် (၃-၇-၂၀၂၀)ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၇၃၄/၂၀၂၀) ကို (၆-၇-၂၀၂၀)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၃၂၄/၂၀၂၀)အဖြစ် မှတ်ပုံတင် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက် မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင် ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြား ချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

## အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့ (IRC)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (Open Tender)

၁။ အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့ (IRC)သည် ကချင်ပြည်နယ်ရှိ မြစ်ကြီးနားနှင့် ဗန်းမော်ရုံးခွဲများအတွက် ကားငှားရမ်းမှုများဆောင်ရွက်နိုင်ရန် လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ(Open tender) ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ လိုအပ်သည့် ကားအရေအတွက်
- (က) ကချင်ပြည်နယ် မြစ်ကြီးနား အိုင်အာစီရုံးအတွက် စုစုပေါင်းကား ၃ စီး
- (ခ) ကချင်ပြည်နယ် ဗန်းမော် အိုင်အာစီရုံးအတွက် စုစုပေါင်းကား ၂ စီး

၃။ တင်ဒါအတွက် အချက်အလက်များ
- (က) **တင်ဒါလျှောက်လွှာရယူနိုင်သည့် နေ့ရက်/အချိန်** ၁၀-၉-၂၀၂၀ ရက်
- (ခ) **တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/အချိန်** ၂၄-၉-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၅:၀၀ နာရီ
- (ဂ) **တင်ဒါတင်သွင်းရမည့် နေရာ** အမှတ် (၁၀၁)၊ ဇော်ဂျွန်းလမ်းနှင့် ပုံနှိပ်တိုက်လမ်းထောင့်၊ ရမ်းစုတောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

၄။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို အမှတ်(၁၀၁)၊ ဇော်ဂျွန်းလမ်းနှင့် ပုံနှိပ်တိုက်လမ်းထောင့်၊ ရမ်းစုတောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်ရှိ အိုင်အာစီရုံး (IRC) ဖုန်း-၀၉-၄၄၆၇၄၃၅၁၅ နှင့် ၀၉-၄၀၀၀၈၅၅၉၅ တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

၅။ လျှောက်ထားလိုသူများသည် ကားတစ်စီးချင်းအတွက်ဖြစ်စေ၊ တစ်စီးထက်ပိုသောအရေအတွက်ဖြစ်စေ လျှောက်ထားနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ(အိုင်အာစီ)**

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သတ္တုတွင်းဦးစီးဌာန၊ ကယားပြည်နယ်ရုံး
## လွိုင်ကော်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ ကယားပြည်နယ်ရုံး၊ လွိုင်ကော်မြို့မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုဘဏ္ဍာ ရန်ပုံငွေ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံတစ်လုံး တည်ဆောက်လိုပါသဖြင့် မြန်မာနိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့် အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **ဆောင်ရွက်မည့်လုပ်ငန်း** | - | ဝန်ထမ်းအိမ်ရာအဆောက်အအုံတစ်လုံး၊ အလျားပေ ၈၀၊ အနံပေ ၄၀၊ (၄)ခန်းတွဲ (၂) ထပ် (RC) |
| (ခ) | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၁၀-၉-၂၀၂၀ရက် (ကြာသပတေးနေ့) |
| (ဂ) | **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** | - | ၉-၁၀-၂၀၂၀ရက် (သောကြာနေ့) ၁၆:၀၀နာရီ |
| (ဃ) | **တင်ဒါလျှောက်လွှာ ရယူရမည့်နေရာ** | - | သတ္တုတွင်းဦးစီးဌာနကယားပြည်နယ်ရုံး၊ ဒေါ်ဥခူရပ်ကွက်၊ လွိုင်ကော်မြို့ |

၂။ ဆောက်လုပ်လိုသည့် ကုမ္ပဏီ/လုပ်ငန်းရှင်များသည် အထက်ဖော်ပြပါ ဆောင်ရွက်လိုသည့်လုပ်ငန်းအား အတိုင်းအတာ၊ ဒီဇိုင်းပုံစံကို လက်ရှိမြေပြင်အခြေအနေအတိုင်းအတာ အရ အသေးစိတ်တွက်ချက်၍ ရေးဆွဲတင်ပြရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ ကယားပြည်နယ် ရုံး၊ လွိုင်ကော်မြို့ ဖုန်း-၀၈၃-၂၂၂၄၃၁၇၄သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကယားပြည်နယ်တင်ဒါကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/47474 Canda 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဗိုလ် ၉/ပသက(နိုင်)၀၂၈၄၇၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7D/6078 TOYOTA HILUX LN167 Pickup (4x4) ယာဉ်လက်ဝယ်ရှိသူ ဦးသန်းနိုင်ထူး ၉/မရတ(နိုင်)၀၆၉၄၉၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## မန္တလေးတိုင်းဒေသကြီး၊မန္တလေးမြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်းအား တင်ဒါခေါ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| (က) | 2-1(T)/MESC(PL-C)/2020-2021 | ၃၃/၁၁ကေဗွီ၊(၁၀)အမ်ဗွီအေ နွားထိုးကြီးဓာတ်အားခွဲရုံတွင် 12KV Switch Gear Panel (1)Set တပ်ဆင်ခြင်း |
| (ခ) | 2-5(T)/MESC(PL-C)/2020-2021 | Major City အစီအစဉ်ဖြင့် သင်ပန်းကုန်းခွဲရုံမှ စက်မှုဇုန်(၁)ခွဲရုံသို့ ၃၃ ကေဗွီလိုင်း(၂.၅)မိုင်အား SACဖြင့် တည်ဆောက်ခြင်း |
| (ဂ) | 2-6(T)/MESC(PL-C)/2020-2021 | Major City အစီအစဉ်ဖြင့် အိုးဘိုခွဲရုံမှ တိုက်တော်ခွဲရုံသို့ ၃၃ ကေဗွီလိုင်း(၂)မိုင်အား SACဖြင့် တည်ဆောက်ခြင်း |
| (ဃ) | 2-7(T)/MESC(PL-C)/2020-2021 | Major City အစီအစဉ်ဖြင့် သင်ပန်းကုန်းခွဲရုံမှ ထွန်းတုံးခွဲရုံသို့ ၃၃ ကေဗွီလိုင်း(၃)မိုင်အား SAC ဖြင့် တည်ဆောက်ခြင်း |
| (င) | 2-8(T)/MESC(PL-C)/2020-2021 | Major City အစီအစဉ်ဖြင့် ဗားကရာခွဲရုံမှ ခနုံးခွဲရုံသို့ ၃၃ ကေဗွီလိုင်း(၈)မိုင်အား SAC ဖြင့် တည်ဆောက်ခြင်း |
| (စ) | 2-9(T)/MESC(PL-C)/2020-2021 | Major City အစီအစဉ်ဖြင့် ဟေမာဇလခွဲရုံမှ ၇၆ခွဲရုံသို့ ၃၃ ကေဗွီလိုင်း(၁)မိုင်အား SAC ဖြင့် တည်ဆောက်ခြင်း |
| (ဆ) | 2-10(T)/MESC(PL-C)/2020-2021 | Major City အစီအစဉ်ဖြင့် တံခွန်တိုင်ပင်မခွဲရုံမှ စက်မှုဇုန်(၂) ခွဲရုံသို့ ၃၃ ကေဗွီလိုင်း(၁၀)မိုင်အား SACဖြင့် တည်ဆောက်ခြင်း |
| (ဇ) | 2-11(T)/MESC(PL-C)/2020-2021 | Major City အစီအစဉ်ဖြင့် တံခွန်တိုင်ပင်မခွဲရုံမှ သင်ပန်းကုန်းခွဲရုံသို့ ၃၃ ကေဗွီလိုင်း(၃.၄)မိုင်အား SAC ဖြင့် တည်ဆောက်ခြင်း |
| (ဈ) | 2-12(T)/MESC(PL-C)/2020-2021 | Major City အစီအစဉ်ဖြင့် တံခွန်တိုင်ပင်မခွဲရုံမှ ၃၃ ကေဗွီလိုင်း စစ်ကိုင်း(၁)ဖီဒါ(၇)မိုင်အား SAC ဖြင့် တည်ဆောက်ခြင်း |
| (ည) | 2-13(T)/MESC(PL-C)/2020-2021 | Major City အစီအစဉ်ဖြင့် တံခွန်တိုင်ပင်မခွဲရုံမှ မရမ်းခြံခွဲရုံသို့ ၃၃ ကေဗွီလိုင်း(၂.၇)မိုင်အား SAC ဖြင့် တည်ဆောက်ခြင်း |
| (ဋ) | 2-14(T)/MESC(PL-C)/2020-2021 | Major City အစီအစဉ်ဖြင့် တံခွန်တိုင်ပင်မခွဲရုံမှ ၆၅ခွဲရုံသို့ ၃၃ ကေဗွီလိုင်း(၂.၉)မိုင်အား SAC ဖြင့် တည်ဆောက်ခြင်း |
| (ဌ) | 2-15(T)/MESC(PL-C)/2020-2021 | Major City အစီအစဉ်ဖြင့် ဟေမာဇလခွဲရုံမှ ဒေးဝန်းအနောက်ခွဲရုံသို့ ၃၃ ကေဗွီလိုင်း(၃)မိုင်အား SAC ဖြင့် တည်ဆောက်ခြင်း |
| (ဍ) | 2-16(T)/MESC(PL-C)/2020-2021 | Major City အစီအစဉ်ဖြင့် မြရည်နန္ဒာခွဲရုံမှ ၅၉ခွဲရုံသို့ ၃၃ ကေဗွီလိုင်း(၂)မိုင်အား SAC ဖြင့် တည်ဆောက်ခြင်း |
| (ဎ) | 2-17(T)/MESC(PL-C)/2020-2021 | Major City အစီအစဉ်ဖြင့် အောင်ပင်လယ်ခွဲရုံမှ တက္ကသိုလ်ခွဲရုံသို့ ၃၃ ကေဗွီလိုင်း(၄.၅)မိုင်အား SAC ဖြင့် တည်ဆောက်ခြင်း |
| (ဏ) | 2-18(T)/MESC(PL-C)/2020-2021 | ချမ်းမြသာစည်မြို့နယ်၊ထွန်းတုံးခွဲရုံမှ ၅၆လမ်းနှင့်အောင်ဆန်းလမ်းထောင့်အထိ ၃၃ ကေဗွီလိုင်း (၁)မိုင်အားSAC ဖြင့် တည်ဆောက်ခြင်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၁-၉-၂၀၂၀ ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး ၁၂-၁၀-၂၀၂၀ ရက် ၁၄:၀၀ နာရီတွင် တင်ဒါပိတ်မည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့်အချက်အလက်များကို Web Portal(www.moee.gov.mm)၌ အသေးစိတ်ကြည့်ရှုနိုင်ပါသည်။

၃။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(ရုံးချုပ်)**
**၂၇လမ်း၊၇၇x၇၈ ကြား၊ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့**
**ဖုန်း-၀၂-၄၀၆၉၁၂၂**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/7919 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 25W/97691 Yamaha WR 250 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းလောင်ခမ်း ၁၃/ကဟန(နိုင်)၀၃၁၇၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (တာချီလိတ်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/4442 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## Swiss Challenge တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ရပ်ကွက်၊ နဝရတ်လမ်းရှိ အစာစပ်စက်ရုံ မြေ၊ အဆောက်အအုံနှင့် ပစ္စည်းများကို အသုံးပြု၍ SEIN NGWE MYA TRADING CO.,LTD.မှ မွေးမြူရေးလုပ်ငန်းအတွက် ပြည်ပမှတင်သွင်းလာသော တိရစ္ဆာန်ဆေးဝါးများကို ပြန်လည်ထုပ်ပိုး၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရန် နှစ်ရှည်ငှားရမ်းလိုကြောင်း အဆိုပြုတင်ပြလာမှုအပေါ် ဆောင်ရွက်လိုသည့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ မှတ်ပုံတင်ထားသော ကုမ္ပဏီများအား အဆိုပြုလွှာ ယှဉ်ပြိုင်တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများကို ၁-၉-၂၀၂၀ရက် (အင်္ဂါနေ့)မှစ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ထုတ်လုပ်ရေးဌာန၊ အမှတ် (၃၉၉)၊ ၁၂ထပ်ခွဲရုံး၊ ၁၁ လွှာ၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပြုလွှာများကို အထက်ဖော်ပြပါဌာနသို့ ၁-၁၀-၂၀၂၀ရက် (ကြာသပတေးနေ့) ၁၅:၀၀နာရီ နောက်ဆုံးထားပြီး ပြန်လည်တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၄။ Swiss Challenge တင်ဒါခေါ်ယူခြင်းနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ထုတ်လုပ်ရေးဌာန၊ ဖုန်း-၀၁၈၂၉၆၈၇၄၊ ၀၁၈၂၀၁၄၅၉၊ လိုင်းခွဲ-၃၁၉သို့ ရုံးချိန် (၀၉:၃၀နာရီမှ ၁၆:၃၀နာရီ) အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေရေိယာ ၀ဒသမ၁၄၆ဧကေ၊ မြေကွက်အမှတ် (ဒ-၃၀၇၆၀) ဦးကိုကြီး(ဘ)ဦးမောင်ခင် ၅/ရဘန(နိုင်)၀၂၇၆၄၉ အမည်ပေါက် (ပါမစ်) မြေကွက်ကို ဒေါ်သန္တာအောင်(ဘ)ဦးအောင်ဆွေ ၅/ငဇန(နိုင်)၀၆၉၃၇၀မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်၊ အမှတ် ၄/ရွှေကြာပင်၊ မြေကွက် အမှတ်(၃၃)၊ ဧရိယာ(၀ဒသမ၀၈၂)ဧကရှိ ဦးအောင်နိုင်ထွန်း အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်မြစန္ဒာအေး(ဘ)ဦးစိုးမောင် ၉/ပမန (နိုင်) ၁၃၈၉၈၇ မှ မြေပေးမိန့် နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ ဇမ္ဗူသီရိမြို့နယ်၊ စည်ပင်သာယာတရားရုံး ကျမ်းကျိန်လွှာ အမှတ်(၁၀၄၃/၂၀၂၀)၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်၊ လျှောက်ထားသူ၏ ဝန်ခံကတိပြုချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု လူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ သဲကျွန်းကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သဲကျွန်းအနောက်ရပ်ရှိ မြေကွက်အမှတ်(ဥသ-၄၁၅၁) ဦးခင်ဆွေ(ဘ)ဦးမောင်စန်း ၁၄/ကခန(နိုင်)၀၁၈၉၃၅ အမည်ပေါက် ပါမစ်မြေကွက်၏ မြေကွက်နေရာချထားပေးသည့် လက်မှတ်မူရင်းပျောက်ဆုံးသွားပါသဖြင့် ဦးခင်ဆွေ (ဘ) ဦးမောင်စန်း ၁ ၄/ကခန(နိုင်)၀၁၈၉၃၅မှ မြေကွက်ဖိုးငွေသွင်းချလန်မိတ္တူ၊ မြေကွက်နေရာချထားပေးသည့်လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဝန်ခံကတိပြုချက်မူရင်း၊ ကိုယ်တိုင်ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြပြီး မြေကွက်နေရာချထားပေးသည့်လက်မှတ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်နေရာချထားပေးသည့် လက်မှတ်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ကျောက်မဲမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၂)နေ နန်းအေးနောင့် ၏အမည်မှန်မှာ နန်းအေးကြီး ၁၃/ကမန (နိုင်) ၁၀၆၅၆၅ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၇-၅-၁၉၉၀ ဖြစ်ပါကြောင်း။ **နန်းအေးကြီး**

## ဖခင်အမည်မှန်

မြိတ်မြို့နယ်၊ အထက (အင်္ဂမော်) တက္ကသိုလ်ဝင်တန်းအောင်မှ မောင်အောင်ဇင်ခန့် ၏ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးသန်းထွန်း ၆/ကစန(နိုင်)၀၂၃၆၇၂ ဖြစ်ပါကြောင်း။ **ဦးသန်းထွန်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 41W/57797 Xin Ambo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးပေါက်စ ၁၃/မရတ(နိုင်)၀၁၈၈၂၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး (လားရှိုးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၁၆၆၈၈ Honda Dream ND 125M, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်စိုး ၆/လလန(နိုင်)၀၆၀၈၅၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 1C/7018 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုမွန်တာ ၇/ပခန(နိုင်)၂၆၂၄၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၃၉၂၆ Luajia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောကိုကို ၁၄/ကကထ(နိုင်)၁၄၉၈၉၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူလိုပါသည်။

(က) ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်မည့် ဓာတ်အားခွဲ ရုံတည်ဆောက်ခြင်းများအတွက် လိုအပ်သော ၆၆/၁၁ကေဗွီနှင့် ၃၃/၁၁ကေဗွီ ထရန်စဖော်မာများအား itemအလိုက် ဝယ်ယူရန်

(ခ) ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ကရင်၊ မွန်၊ ရခိုင်၊ ရှမ်း(တောင်)၊ ရှမ်း(မြောက်)၊ စစ်ကိုင်း၊ ပဲခူး(အရှေ့)၊ ပဲခူး(အနောက်)၊ မကွေးနှင့် ဧရာဝတီတိုင်းဒေသကြီးများရှိ ကျေးရွာ ၄၅၀ရွာ၏ ၁၁ကေဗွီ ဓာတ်အားလိုင်းနှင့် ၁၁/၀.၄ကေဗွီ ထရန်စဖော်မာ ခွဲရုံများအတွက် ကွန်ကရစ်တိုင်များအား Lot အလိုက်ဝယ်ယူရန်

| | |
|---|---|
| တင်ဒါပိတ်မည့်ရက် | - ၁၂-၁၀-၂၀၂၀ရက် |
| တင်ဒါပိတ်မည့်အချိန် | - မွန်းတည့် ၁၂နာရီ |

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်းဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက-ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## လေလံတင်ထုခွဲရောင်းချမည့်ရက်ဆိုင်းငံ့ကြောင်း ကြော်ငြာခြင်း

အကောက်ခွန်ဦးစီးဌာနက ၂၉-၈-၂၀၂၀ရက်ထုတ် ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာများတွင် ကြော်ငြာခဲ့သော ၁၅-၉-၂၀၂၀ရက်တွင် ကျင်းပမည့်ဈေးပြိုင်လေလံတင် ရောင်းချခြင်းအား COVID-19 ရောဂါကူးစက်မှုကြိုတင်ကာကွယ်သည့်အနေဖြင့် လေလံပွဲကျင်းပမည့်ရက်အား ဆိုင်းငံ့လိုက်ပါကြောင်းနှင့် ကျင်းပမည့်ရက်အား ပြန်လည်ထုတ်ပြန်သွား မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၈-၂၀၂၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ ၂၄ ၌ အမွေဆက်ခံရန် သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာတွင် တရားသူကြီး၏အမည်ကို (မာလာ)အစား (ဒေါ်မာလာ) ဟုပြင်ဆင်ဖတ်ရှုပါရန်။

## အမည်မှန်

တမူးမြို့နယ်၊ ပွတ်သာကျေးရွာနေ ဦးခင်ချို၏သမီး မရွှေကြည်၏ အမည်မှန်မှာ မရွှေခြည် ၅/တမန(နိုင်)၀၆၉၉၉၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မုံရွာမြို့၊ နဂါးတွင်း-ပေါက်ပင် အထက (ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်ဝေလင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးငွေတုပ် ၅/မရန(နိုင်)၂၃၈၂၇၆ ဖြစ်ပါကြောင်း။

## အမည်မှန်နှင့်မိခင်အမည်မှန်

တမူးခရိုင်၊ ခမ်းပါတ်မြို့၊ ဇီးဖြူကုန်းကျေးရွာနေ မစန်းစန်းယု၏ အမည်မှန်မှာ မရွှေဇင်လင်းဖြစ်ပြီး ၎င်း၏ မိခင်အမည်မှန်မှာ ဒေါ်နော်လှရွှေမူး ၅/ခပန(နိုင်)၀၀၆၉၀၀ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ မုံရွာတောင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၆၈၃၊ ကူးတို့ကုန်း)၊ ဦးပိုင်အမှတ်(၁-က၊ ၂-က၊ ၃-ကD)၊ ဧရိယာ(၅ဒသမ၀၀)ဧကရှိ ဝင်းမြေအား ဦးဝင်းမြင့်(ရွှေနဂါးမင်းကုမ္ပဏီလီမိတက်) အမည်ဖြင့် မြေငှားစာချုပ်(စက်မှုစီးပွား) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်းအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၅/ကူးတို့မြောက်)၊ ဦးပိုင်အမှတ်(၈၉-ခ)၊ ဧရိယာ(၀ဒသမ၀၆၄)ဧကရှိ အမှုတွဲအမှတ် ၆၁/၂၀၀၆-၂၀၀၇အရ (၂၃-၃-၁၉၉၀)မှ (၂၂-၃-၂၀၂၀) ထိ ဒေါ်ခင်မေဝင်း အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန်ရရှိထားသော ဝင်းမြေအား ဒေါ်ခင်မေဝင်းမှ မြေငှားစာချုပ်(သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃၂/ပေါင်းလောင်း-၂)၊ ဦးပိုင်အမှတ် (၁၁၇၉၊ ၁၁၈၀၊ ၁၁၈၁၊ ၁၂၁၂၊ ၁၂၁၃၊ ၁၂၁၄)၊ အကျယ်အဝန်း အလျားပေ ၁၂၀xအနံပေ ၁၂၀၊ ဧရိယာ ၀ဒသမ၃၃၀ဧကေ ကျယ်ဝန်းသော မြေကွက်များပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဇော်ထွန်း ၁၂/လကန(နိုင်)၁၆၇၂၅၉မှ ၎င်းသာလျှင် လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်သောကြောင့် ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေ ဦးရဲကိုဦး ၉/ကပတ(နိုင်)၂၂၃၄၅၄မှ ဝယ်ယူလိုပါသဖြင့် ရောင်းကြေးငွေများ၏ တစ်ဝက်တိတိအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါနေအိမ်နှင့် ဝိုင်းခြံမြေကွက်များအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ တစ်လအတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်နိုင်ဝင်း LL.B, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၉၄)**
**အမှတ် (၈/၈၂)၊ ပန်းခင်း(၁)၊ စံပယ်လမ်း၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၉-၄၀၁၅၃၄၆၆၈၊ ၇၉၇၇၀၄၄၅၇**

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### Agriculture Development Support Project
### ဈေးနှုန်းအဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကမ္ဘာ့ဘဏ်ချေးငွေဖြင့်ဆောင်ရွက်လျှက်ရှိသောAgriculture Development Support Project (ADSP)အတွက် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာ(RFQ) များ ဖိတ်ခေါ်အပ်ပါသည်။

| Reference No. | Description of Material |
|---|---|
| W 26 | Micro Fine Cement and Admixture |

၂။ အထက်ပါပစ္စည်းများဝယ်ယူခြင်းအတွက် World Bank Procurement Guideline ပါ စည်းမျဉ်း၊ စည်းကမ်းအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ကြော်ငြာပါသည့်နေ့မှစ၍ ဈေးနှုန်းအဆိုပြုလွှာပုံစံ(RFQ) များကို E-mail No. procurement1iwumd@gmail.com သို့ မိမိတို့ တင်သွင်းလိုသော ပစ္စည်းနှင့် ဈေးနှုန်းအဆိုပြုလွှာ (ReferenceNo.) ကို အတိအကျဖော်ပြပြီး ယှဉ်ပြိုင်မည့်ကုမ္ပဏီအမည်ဖြင့် ရုံးချိန်အတွင်း အခမဲ့ လျှောက်ထားတောင်းခံနိုင်ပါသည်။ (လာရောက်ဝယ်ယူရန်မလိုပါ။)

၄။ ဈေးနှုန်းအဆိုပြုလွှာ (RFQ) များကို (၂၄-၉-၂၀၂၀) ရက်နေ့၊ (၁၄:၀၀)နာရီ နောက်ဆုံးထားပြီး အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

လိပ်မူရန်

U Kaung Myat Thein, Director (Procurement Branch)
Irrigation and Water Utilization Management Department, Office No. 43, Naypyitaw

## မဇင်မာထွေး ၁၂/ဗတထ(နိုင်) ၀၃၆၆၇၆၊ အမှတ်-၃၃၊ ၄၅-လမ်း၊ ဗိုလ်တထောင်မြို့နယ်နေသူ (ယခုနေရပ်လိပ်စာ မသိ)နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်ယဉ်ရွှေ ၁၂/ပဘတ(နိုင်) ၀၂၂၄၂၀၊ အမှတ် ၁၆၀၊ ၃လွှာ၊ ၂၉ လမ်း၊ (၇)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာလိုက်သည်။

ဒေါ်ယဉ်ယဉ်ရွှေ၏တူ မောင်ဇော်မင်းထွန်း ၁၂/ပဘတ(နိုင်)၀၃၁၆၉၄နှင့် မဇင်မာထွေး ၁၂/ဗတထ(နိုင်)၀၃၆၆၇၆ တို့သည် (၇-၁၁-၂၀၀၆)ရက်က ရန်ကုန်တိုင်းတရားရုံးဦးစီးအရာရှိရှေ့တွင် ထိမ်းမြားခဲ့ပြီးနောက်၊ သမီးဆည်းဆာမင်းထွန်းနှင့် သားမောင်ဇေယျာမင်းထွန်းတို့ကို မွေးဖွားခဲ့ပါသည်။

တူဖြစ်သူ မောင်ဇော်မင်းထွန်းခေတ္တခရီးသွားနေ၍ ၎င်း၏ဇနီးမဇင်မာထွန်းနှင့်ခလေးနှစ်ဦးကို အဒေါ်ဖြစ်သူဒေါ်ယဉ်ယဉ်ရွှေက မိဘသဖွယ်ကူညီစောင့်ရှောက်ပေးထားပါသည်။ လွန်ခဲ့သော (၂၈-၆-၂၀၂၀)ရက်တွင် မဇင်မာထွေးသည် မည်သည့်အကြောင်းတစ်စုံတစ်ရာမျှမရှိဘဲ နေအိမ်တွင်ရှိသော အဖိုးတန်စာရွက်စာတမ်းများ၊ ရွှေငွေပစ္စည်းများနှင့် သမီးဆည်းဆာမင်းထွန်း (၁၂)နှစ်၊ သားမောင်ဇေယျာမင်းထွန်း (၆)နှစ်တို့ကို ခေါ်ဆောင်ပြီးနေအိမ်မှ ထွက်သွားကြောင်း ပြောပြသိရှိရပါသည်။ အဒေါ်ဖြစ်သူ ဒေါ်ယဉ်ယဉ်ရွှေက မဇင်မာထွေးထံ ဖုန်းဖြင့်ဆက်သွယ်သော်လည်း ဖုန်းပိတ်ထားကြောင်း၊ ဆက်သွယ်၍မရကြောင်းနှင့် မဇင်မာထွေးကလည်း ပြန်လည်မဆက်သွယ်ကြောင်း သိရှိရပါသည်။

ထို့ကြောင့် မဇင်မာထွေးအား ဖြားယောင်းသွေးဆောင်ခေါ်ယူလက်ခံထားသူများ ကိုယ်တိုင်ဖြစ်စေ၊ မဇင်မာထွေးကိုယ်တိုင်ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကလေးနှစ်ဦးနှင့်အတူ အဖိုးတန်စာရွက်စာတမ်းများ၊ ရွှေငွေပစ္စည်းများနှင့်အတူ ပြန်လည်စေလွှတ်လာရောက်ရန်နှင့် ပျက်ကွက်ပါက သက်ဆိုင်ပါဝင်ပတ်သက်သူ မည်သူ့ကိုမဆိုဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ယဉ်ယဉ်ရွှေ** | **ဦးရွှေလှိုင်တင်** |
| **၁၂/ပဘတ(နိုင်) ၀၂၂၄၂၀** | **BA,HGP,PGDL,DBL.** |
| | **Advocate Ship Part II** |
| | **(စဉ်-၁၀၆၈၃)** |
| | **တရားလွှတ်တော်ရှေ့နေ** |
| | **အမှတ်(၃၁)၊ပထမထပ်၊ဘိုကလေးဈေးလမ်း၊** |
| | **(၇)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊** |
| | **ရန်ကုန်မြို့** |
| | **ဖုန်း-၀၉-၅၀၅၈၉၀၇၊ ၀၉-၉၆၅၀၅၈၉၀၇** |

## Ilsung Construction Myanmar Company Limited
## NOTICE Under Section 348 Myanmar Companies Act, 2017
## (Members Voluntary Winding–Up)

(1) Notice is hereby given that in accordance with the Special Resolution of members meeting held on 27 AUG 2020, "Ilsung Construction Myanmar Co.,Ltd." be winding up voluntarily.

(2) U Kyaw Myo Thu (Supreme Court Advocate) has been appointed as Liquidator and Mr. Yu Joonyul, (Passport No. M 76350660), Managing Director of the company also has been appointed as Co–Liquidator in accordance with Special Resolutions of members meeting held.

(3) Thus, the creditor and debtor of the above named company are requested to submit details of their claims with the evidence to the Liquidators at the address given below.

| **CO–LIQUIDATOR** | **LIQUIDATOR** |
|---|---|
| **Mr.Yu Joonyul** | **U Kyaw Myo Thu (LL.B)** |
| **Managing Director** | **Supreme Court Advocate** |
| **Ilsung Construction Myanmar Co.,Ltd.** | **No. (1127), 6th Floor, Kamahtan street, Myinttarnyut Quarter, Tamwe Township, Yangon.** |

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/9656 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 53W/8837 XGJAO–125 ယာဉ်လက်ဝယ်ရှိသူ ဦးဗန်ထောင်းမန် ၅/ကလထ(နိုင်)၁၇၄၁၇၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ကလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 51W/73155 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီတင် ၇/တငန(နိုင်)၀၅၃၀၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## တစ်ဦးတည်းဖြစ်ကြောင်း

ဦးဘခိုင်၏သမီး စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၃)မှ ရုံးအကူ ဒေါ်မိုးမိုး (ခ) ဒေါ်မိုးမိုးနှင်း (ခ) ဒေါ်မိုးနှင်းဆီ ၅/ကလထ(နိုင်)၁၂၈၆၂၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်မိုးမိုး(ခ)ဒေါ်မိုးမိုးနှင်း(ခ)ဒေါ်မိုးနှင်းဆီ**

## ဖခင်အမည်မှန်

ပူတာအိုမြို့နယ်၊ နမ်ဟော့ကျေးရွာ၊ အထက (ခွဲ) နမ်ဟော့မှ မချားချယ်ရီ၏ ဖခင်အမည်မှန်မှာ ဦးကွာယော်ဒွေ့ ၁/ပတအ(နိုင်)၁၄၃၅၁၅ ဖြစ်ပါကြောင်း။ **ဦးကွာယော်ဒွေ့**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ တင်သားကျေးရွာအုပ်စု ကျောက်ဖူးကျေးရွာနေ မဆွေဆွေအေး ၅/ကလထ(နိုင်)၂၃၀၇၆၄ ၏ဖခင်အမည်မှန်မှာ ဦးစိုးဝင်း ၅/ပလန(နိုင်)၁၀၀၁၈၃ ဖြစ်ပါကြောင်း။ **ဦးစိုးဝင်း**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3F/6346 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/5380 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/8162 Lifan Dump Truck (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးစန်းလွင် ၉/လထက (နိုင်) ၀၀၉၅၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/8162 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅၊ မြေကွက်အမှတ် ၁၁၇၃၊ မြေကွက်တည်နေရာအမှတ် (၁၁၇၃)၊ ပင်လုံလမ်း(၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးအောင်တင် (PGU–၁၄၃၁၂၄) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) မြေအား ဂရန်အမည်ပေါက် ဦးအောင်တင် (PGU–၁၄၃၁၂၄)၁၂/ရကန(နိုင်) ၀၂၅၃၃၄ ကွယ်လွန်သဖြင့် ၎င်း၏တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သူ ဒေါ်စိန်စိန် ၁၂/ရကန(နိုင်)၀၂၆၂၇၉မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ သေစာရင်း၊ ဂရန်မူရင်းတင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် (မြေပုံကူး) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူး)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဟားခါး)
## ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ချင်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဟားခါး)မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့် ချင်းပြည်နယ်အတွင်း ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်ကာလအတွင်း အချိန်မီပြီးစီးရန် အလို့ငှာ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့်အညီ ၁၀-၉-၂၀၂၀ ရက်မှစတင်ရောင်းချမည်ဖြစ်ပြီး ၁၀-၁၀-၂၀၂၀ ရက် ညနေ ၁၆:၃၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရန်နှင့် အိတ်ဖွင့်တင်ဒါပုံစံများ ရောင်းချမည့်လိပ်စာ၊ တင်သွင်းရမည့်လိပ်စာမှာ အမှတ်(၂)ဂေါက်ကွင်းလမ်း၊ မြို့သစ်ရပ်ကွက်၊ ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ဟားခါး)၊ ဖုန်း-၀၇၀-၂၁၅၈၅၊ ၀၉-၄၅၈၉၀၈၂၄၇၊ ၀၉-၄၂၈၅၀၃၂၀၀၊ ၀၉-၄၂၂၅၂၂၅၂၀၊ ၀၉-၈၉၇၀၉၈၂၅၂ တို့သို့ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းရန်နှင့် တင်ဒါဖွင့်လှစ်မည့်ရက်အား သီးခြားထုတ်ပြန်ကြေညာပေးမည်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ချင်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး**
**အမှတ်(၂)ဂေါက်ကွင်းလမ်း၊ မြို့သစ်ရပ်ကွက်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၄၊ မြေကွက်အမှတ် ၇၀၈/က၊ မြေကွက်တည်နေရာအမှတ် ၇၀၈/က၊ လှော်ကားလမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဦးခင်ကျော် ၁၄/ဟသတ(နိုင်)၁၇၅၀၂၁ အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေအား နှစ် ၆၀ ဂရန်မြေအမည်ပေါက် ဦးခင်ကျော် ၁၄/ဟသတ(နိုင်)၁၇၅၀၂၁ ၏ SPရသူ ဒေါ်သူဇာတင် ၁၂/ရကန(နိုင်)၀၆၆၉၀၂ မှ ဂရန်မူရင်း၊ ပါ၀၊ ပါ၀ါ ကျမ်းကျိန်အမှတ် ၇/၃၉၁၈/၂၀၂၀ (၂၄-၇-၂၀၂၀) တင်ပြ၍ အရောင်းမြေပုံကူးလျှောက်ထားလာရာ ၂၀၁၁ ခုနှစ်တွင် ထုတ်ယူခဲ့သော ဘဏ်ချေးမြေပုံမူရင်းမှာ ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာအမှတ် ၇/၆/၂၀၂၀ (၃-၇-၂၀၂၀)ဖြင့် ရှင်းလင်းတင်ပြ၍ အရောင်းမြေပုံလျှောက်ထားခြင်းကို တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်လုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လူပျောက်ကြော်ငြာ



ဖျာပုံမြို့၊ နေသူရိန်လမ်း၊ (၄) ရပ်ကွက်၊ အမှတ် (၁၀)နေ (ဘ) ဦးမြင့်သန်း ၁၄/ဖပန(နိုင်)၀၉၁၇၃၁ သည် (၁-၉-၂၀၂၀) ည(၉)နာရီတွင် အထက်ပါနေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် လက်ခံထားသူများရှိပါက အမြန်အကြောင်းကြားပေးပါရန်နှင့် အကြောင်းမကြားပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ တွေ့ရှိပါက အမြန်ဆုံးအကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**သမီး-မသီတာထွေး ၁၄/ဖပန(နိုင်)၁၀၀၂၁၁**
**ဖျာပုံမြို့၊ ဖုန်း-၀၉-၈၉၆၂၇၀၀၇၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအရှေ့ရပ်ကွက်၊ သောက်တော်တွင်းတိုးချဲ့နယ်မြေရှိ ကွင်းအမှတ် ၆၈၄၊ ဦးပိုင်အမှတ် ၃၆/ခ၊ မြေဧရိယာ ၈ ဒသမ ၀၆ဧကရှိ မြေအတွင်းမှ မြေကွက်အကွက်အမှတ် ၁၃ ဖြစ်သော ပေ(၄၀x၆၀)ရှိမြေနှင့် မြေ၏အကျိုးခံစားခွင့်အားလုံးကို ဆက်စပ်စာချုပ်များအရ ယခုလက်ရှိပိုင်ရှင် ဒေါ်ခင်သန္တာထိုက်သည် ၂၉-၅-၂၀၁၉ရက် နှစ်ဦးသဘောတူ လယ်ယာမြေအပြီးအပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ၎င်းတစ်ဦးတည်းသာ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီး အထက်ပါမြေကွက်အား ရောင်းချရန် ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ တရားဝင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူဖြစ်ပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်တင် (H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၉၉)**
**အမှတ် ၁၅၊ နံ့သာကုန်း(၂)လမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၅၆-၂၁၃၃၁၊ ၀၉-၄၉၅၇၄၂၀၂**

## အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ကမ်းနားလမ်းတွင် နေထိုင်သူ ဒေါ်သောင်းညွန့် (ဘ)ဦးလှတင် ၁၄/သပန(နိုင်)၀၄၃၂၅၂ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သောင်းညွန့်မှာ တစ်ဦးတည်းအပိုင်ကြီးဖြစ်ပြီး ၎င်းအမည်ပေါက် တရားဝင်ပိုင်ဆိုင်ထားသည့် ဧရာဝတီတိုင်းဒေသကြီး၊ သာပေါင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ ဦးပိုင်အမှတ် ၄၃၊ မြေဧရိယာ ၀ ဒသမ ၀၁၁ ဧက၊ ဒေါ်သောင်းညွန့် အမည်ပေါက်ဖြစ်ပြီး နှစ် ၃၀ မြေငှားဂရန်အမျိုးအစားနှင့် ၎င်းမြေကွက်ပေါ်တွင် RC (နှစ်ထပ်တိုက်)တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်သောင်းညွန့်ကသာလျှင် တရားဝင်ပိုင်ဆိုင်ထားပြီးယခုအချိန်ထိ တရားဝင်နေထိုင်လျက်ရှိကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေမှ ၎င်းအမည်ပေါက်ပိုင်ဆိုင်ထားသော အထက်ပါမြေကွက်တို့အား ဗုဒ္ဓဘာသာသာတည်တံ့ပြန့်ပွားရေးနှင့် သာသနာ့အာဇာနည်များ ပေါ်ထွန်းရေးအတွက် လှူဒါန်းမှုပြုလုပ်သွားမည်ဖြစ်ပါ၍ အများပြည်သူများ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန်အကျိုးငှာ ကြေညာအပ်ပြီး အထက်ဖော်ပြပါမြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အထက်ဖော်ပြပါမြေကွက်အား ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်ပြောင်း၍ ဌာနဆိုင်ရာအသီးသီးတို့တွင် အမည်ပြောင်းလဲခြင်းအား (လုံးဝ) မပြုလုပ်ပါရန် တားမြစ်လိုက်သည်။ အထက်ဖော်ပြပါ အကြောင်းခြင်းအရာများနှင့်ပတ်သက်ပြီး မည်သူမဆို ဖောက်ဖျက်ကျူးလွန်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်သောင်းညွန့်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်အောင်ထွန်း**
**LL.B, C.B.L, IP-Law, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၇၉)**
**အမှတ် ၄၊ ပန်းခြံလမ်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၉၆၀၉၇၆၀၀**

## ကြော်ငြာစာ
### အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃
### ကော့သောင်းခရိုင်တရားရုံးတော်
### ၂၀၂၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ် ၂

ကွယ်လွန်သူဦးအောင်နိုင် ၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက်၊စံပယ်လမ်း၊အမှတ် ၄၃၁ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအောင်နိုင်၏ ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ဌေးဌေးဝင်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁ ရက်(၁၃၈၂ ခုနှစ် တော်သလင်းလပြည့်နေ့)တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအောင်နိုင်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည် ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁ ရက်(၁၃၈၂ ခုနှစ် တော်သလင်းလပြည့်နေ့)တွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ဌေးဌေးဝင်း၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန္ဒာကျော်)**
**ခရိုင်တရားသူကြီး**
**ကော့သောင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ဦးဝင်းလှိုင် ၉/မထလ(နိုင်)၁၁၃၇၉၇အား ယခင်(မဝတ)မှ ချထားပေးခဲ့သည့် မိတ္ထီလာမြို့ အောင်ဆန်းတိုးချဲ့ အမှတ် ၁၁ လမ်း မြို့သစ်(၂)ရှိ မြေကွက်အမှတ် (၃၂/၁၉) အလျားပေ ၆၀ အနံပေ၄၀ပေါ်တွင် အဆောက်အဦဆောက်လုပ်မည်ဖြစ်ရာ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ယနေ့မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးဝင်းလှိုင် ဖုန်း-၀၉-၂၅၃၁၄၄၆၄၂**

## အစုရှယ်ယာလျှော့ချကြောင်းကြေညာခြင်း

ချင်းပြည်နယ်၊ ဖလမ်းမြို့၊ တလန်လိုရပ်ကွက်၊ ဗိုလ်ချုပ်လမ်းတွင် ဖွင့်လှစ်ထားသော MUVANLAI CO.LTD အမှတ်-126337604 သည် ၁-၉-၂၀၂၀ရက်တွင် ကျင်းပသည့် ကုမ္ပဏီ၏အစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိအစုရှယ်ယာအရေအတွက် (၂၀၀၀)တန်ဖိုး ကျပ်သိန်း(၂၀၀၀)မှ အစုရှယ်ယာအရေအတွက် (၅)တန်ဖိုး ကျပ်(၅)သိန်းသို့ အစုရှယ်ယာလျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လေးစားစွာဖြင့်**
**(ဒါရိုက်တာအဖွဲ့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၃၊ မြေကွက်အမှတ် ၃၂၀/ခ၊ မြေကွက်တည်နေရာအမှတ် ၃၂၀/ခ၊ ဂန့်ဂေါရိပ်သာလမ်း၊ (၁၆/၃)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးတင်စိုး ၁၂/သဃက(နိုင်)၀၂၄၃၄၂၊ ဒေါ်နွဲ့ ၁၂/သဃက(နိုင်)၀၂၄၅၀၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးတင်စိုး ၁၂/သဃက(နိုင်)၀၂၄၃၄၂သည် ၂၉-၇-၁၉၉၄ရက်တွင် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်နွဲ့ ၁၂/သဃက(နိုင်)၀၂၄၅၀၃မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ-၂/၁၇၇၁/၂၀၂၀ (၁၄-၂-၂၀၂၀)၊ သေစာရင်းမိတ္တူမှန်ထုတ်ပေးနိုင်ခြင်းမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်၊ ဦးတင်စိုး၊ ဒေါ်နွဲ့အမည်ပေါက် ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စက်မှုဇုန်-၄)၊ မြေကွက်အမှတ် (၅၆)၊ ဧရိယာ (၁ ဒသမ ၀၀၁) ဧက၊ မြေကွက်တည်နေရာ အမှတ်(၅၆)၊ ပြင်စည်မင်းသားကြီးလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့် စက်မှုဇုန်အပိုင်း (၄)၊ လှိုင်သာယာမြို့နယ် ဒေါ်တင်တင်မြ ၁၂/ကမရ(နိုင်)၀၃၇၁၀၆ အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်တင်တင်မြ၁၂/ကမရ(နိုင်)၀၃၇၁၀၆ မှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်း၊ မြေစာရင်းမှတ်ချက်ရှိ ၂၀၁၁ခုနှစ်တွင် ၎င်းကိုယ်တိုင်မှ ဘဏ်ငွေချေးရန် မြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့်စပ်လျဉ်း၍ အဆိုပါဘဏ်ချေးမြေပုံသည် ယခင်က အာရှနေဘဏ်တွင် ချေးယူခဲ့ခြင်းဖြစ်ပြီး ယင်းဘဏ်မှာ ၂၀၁၃ ခုနှစ်ကတည်းက ဖျက်သိမ်းသွားခဲ့ပြီးဖြစ်ပါကြောင်းနှင့် ငွေအပြေအကျေ ပြန်လည်ပေးချေခဲ့ပြီးဖြစ်သဖြင့် ၎င်း၏လက်ဝယ်တွင် ဂရန်မူရင်း ပြန်လည်ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ဘဏ်ချေးမြေပုံ ပြန်လည်မအပ်နှံနိုင်ခြင်းအတွက် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက မိမိမှတာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်း တရားရုံးကျမ်းကျိမ်လွှာ၊ ၂၉-၇-၂၀ ရက်စွဲပါ ရှင်းလင်းတင်ပြစာတို့အား တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်လုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းနှင့် မိသားစုဝင်အဖြစ်မှ ထုတ်ပယ်ခြင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းလမ်း၊ အိမ်နံပါတ် (၈)နေ ဦးမြတ်ထွန်း၊ ဒေါ်နော်အယ်မူးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ဦးမြတ်ထွန်းနှင့် ဒေါ်နော်အယ်မူးတို့မှ မွေးဖွားသော သားသမီး (၆)ဦး အနက် မတင်စန္ဒာဝင်း အသက်(၂၅)နှစ် ၁၂/အစန(နိုင်)၂၁၇၃၃၅ သည် မိဘများနှင့် မိသားစုဝင်များ ပျက်စီးဆုံးရှုံးစေရန်၊ ခိုက်ရန်ဖြစ်ပွားစေရန် ပတ်ဝန်းကျင်လူ့လောကတွင် မျက်နှာပြစရာမရှိအောင် ကိုယ်စိတ်ဂုဏ်သရေထိခိုက်နစ်နာစေသည့်ကိစ္စကို ပြုမူဆောင်ရွက်ပြုလုပ်သွားခဲ့သည့်အပြင် မိဘအုပ်ထိန်းသူ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိစိတ်တိုင်းကျ မိမိသဘောဆန္ဒအတိုင်း ပြုမူဆောင်ရွက်သွားခဲ့ခြင်းကြောင့် ယခုကြော်ငြာပါသည့်ရက်မှစ၍ ၎င်းကို မိသားစုဝင်အဖြစ်မှ ထုတ်ပယ်လိုက်သည်။ ထို့ပြင် မတင်စန္ဒာဝင်းအနေဖြင့် ဦးမြတ်ထွန်း၊ ဒေါ်နော်အယ်မူးနှင့်သော်လည်းကောင်း၊ မိသားစုဝင်များနှင့်သော်လည်းကောင်း မည်သို့မျှ ပတ်သက်ဆက်နွှယ် သက်ဆိုင်ခြင်းမရှိတော့သည့်အပြင် မည်သည့်အကျိုးခံစားခွင့်တစ်စုံတစ်ရာကိုမျှ ခံစားခွင့်မရှိတော့ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည့်သည့်ကိစ္စကိုမှ ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်သည့်အပြင် မတင်စန္ဒာဝင်းအနေဖြင့်လည်း မိသားစုနှင့်ပတ်သက်၍ ကိုယ်စိတ်ဂုဏ်သရေထိခိုက်နစ်နာစေသည့်ကိစ္စများ ပြုမူဆောင်ရွက်လာပါက သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ရှေ့နေများနားနေခန်း**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၈၉၅၅၀၃၃၃၅**

**စည်သူအံ့ဘွယ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (Advocate)**
**(စဉ်-၈၄၅၃)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ပခုက္ကူခရိုင်တရားရုံးတော်၌
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် - ၄၃

| | | |
|---|---|---|
| ဒေါ်ခင်နိုင်ဝင်း | **နှင့်** | ၁။ ဦးမင်းမင်းလတ်<br>၂။ ဦးမြင့်ဆွေ<br>၃။ ဒေါ်အောင်ကြည်စိန် |
